
www.burmeseclassic.com

# သတိုးတေစ

# ကြမ္မာပြောင်းသူ

BURMESE CLASSIC




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း


- ပုံနှိပ်သူ
  ဦးကျော်ဒွေးမင်း (၀၅၉၉၂)
  အောင်သိန်းသန်းပုံနှိပ်တိုက်၊ အမှတ် ၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့
- ထုတ်ဝေသူ
  ဦးအောင်မိုး(ယာယီ-၁၄၆၃)
  အမှတ်-၁၁၊ အောင်သပြေလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
- ဖြန့်ချိရေး
  ရတနာသိုက်စာပေတိုက်
  အမှတ်-၁၄၂(ပထမထပ်)၊ ၄၇လမ်း(အထက်)၊
  ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
  ဖုန်း-၀၁-၂၀၀၆၉၉၊ ၀၉ ၅၅၀ ၆၁၉၈၊ ၀၉ ၅၁ ၉၆၁၂၃

- မျက်နှာဖုံးဒီဇိုင်း
  အောင်မိုး
- ကွန်ပျူတာ
  ဆုအေးအောင်၊ ကြည်စိုးဟန်
- ဖလင်
  Empire
- စာအုပ်ချုပ်
  ကိုတင်အေး(လှိုင်)
- ပုံနှိပ်ခြင်း
  ၂၀၁၄၊ မတ်လ၊
- အုပ်ရေ
  ၁၀၀၀
- တန်ဖိုး
  ၂၀၀၀ ကျပ်

၈၉၅.၈၃
သတိုးဝေအေး စာရေးဆရာ
ကြမ္မာပြောင်းသူ
သတိုးဝေအေး ရန်ကုန်။
ရတနာသိုက် စာပေ၊ ၂၀၁၄
စာ - ၂၀၀၊ ၁၂.၅ x ၂၀ စင်တီမီတာ
ကြမ္မာပြောင်းသူ

www.burmeseclassic.com

www.burmeseclassic.com




ဘာဖြစ်လို့များ . . .

ကျွန်တော့်ဘ၀ ပြက္ခဒိန်မှာ ပြဿဒါးနေ့တွေ ကြီးစိုးနေရတာလဲ။

(ဇော်ဇောဧ)

ကြို့၊ ကြာနီ ၈၀၀



www.burmeseclassic.com

www.burmeseclassic.com








## အခန်း (၁)

"ဟေ့... ဇော်တေဇ"

ငါ့ကို ဘယ်သူခေါ်တာပါလိမ့် ?

ဆူညံ ပွက်လောရိုက်နေသည့် အသံများကြားမှ ထိုအသံက ထွက်ပေါ်လာခြင်းဖြစ်သည်။ သည်နေ့က ကျောင်းစဖွင့်သည့်နေ့ ဖြစ်သောကြောင့် IEC (International Education Center) ကျောင်းဝန်းအတွင်းတွင် ကျောင်းသူကျောင်းသားများဖြင့် ပြည့်နှက်နေသည်။ တချို့မှာ ရက်ပေါင်းများစွာ ဝေးကွာနေခဲ့ရသော သူငယ်ချင်းများနှင့် အော်ဟစ်ဆူညံစွာ စကားပြောဆိုနေကြသလို တချို့မှာလည်း ကြော်ငြာသင်ပုန်းများပေါ်တွင် ကပ်ထားသော စာရွက်များကို ဝိုင်းအုံဖတ်ရှုနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က ဇဝေဇဝါအတွေးဖြင့် တစ်ယောက်တစ်ပေါက် ဆူညံစွာ စကားပြောဆိုနေကြသော ကျောင်းသားအုပ်ထဲသို့ လှမ်းကြည့် လိုက်သော်လည်း ခေါ်သည့်လူကိုမူ မတွေ့ရပေ။ ထိုကျောင်းသားအုပ် ထဲမှ သူငယ်ချင်းတစ်ယောက်ယောက် လှမ်းခေါ်လိုက်ခြင်း ဖြစ်ပေ လိမ့်မည်။

ကျွန်တော်က အရေးမကြီးသည့်ကိစ္စတစ်ခု ဖြစ်နေသည့် အတွက် ဆက်ရှာမနေတော့ဘဲ ကျောင်းအဆောက်အဦရှိရာသို့ လျှောက်လာခဲ့သည်။ ရင်ထဲတွင်လည်း ပထမဆုံး ကျောင်းဖွင့်ရက်ကို ဖြတ်သန်းရမည့်အတွက် စိတ်လှုပ်ရှားနေမိ၏။

ဒီစာသင်နှစ်ကတော့ ငါ့အတွက် ကံကောင်းတဲ့နှစ်ဖြစ်မှာပါ...။

ထိုအတွေးက ကျွန်တော့်ခေါင်းထဲတွင် ပျားပိတုန်းတစ်ကောင် လို တဝီဝီနှင့် ပျံသန်းနေသည်။ ဟုတ်တော့လည်း ဟုတ်သည်။ မနှစ်က စာသင်ရက်တွေသည် ကျွန်တော့်အဖို့ တကယ့်ကို စိတ်ပျက်ဖွယ်ရာ ပင်၊ အလွဲလွဲအချော်ချော်နှင့် စိတ်ညစ်စရာတွေကိုသာ တွေ့ကြုံခဲ့ရသည်။ ထို့ကြောင့် ကျွန်တော်က ဒီနှစ်တွင် ထိုသို့ဖြစ်မှာကို ပူပန်စိုးရွံ့နေမိခြင်း ဖြစ်၏။

ထို့အတွက်ကြောင့်ပင် ကျွန်တော်က ဘောင်းဘီအိတ်ကပ်ထဲမှ ကြယ်ပုံအပေါက်ဖောက်ထားသော ကြေးပြားဝိုင်းလေးကို လက်ဖြင့် မကြာခဏ စမ်းကြည့်နေမိသည်။

ဒီကြေးပြားဝိုင်းလေးမှာ ဂျေရုဆလင်မြို့သူမြို့သားများ ယုံယုံ ကြည်ကြည်နှင့် ဆောင်ထားလေ့ရှိကြသော Lucky penny charm ဟု ခေါ်သည့် ကံကောင်းစေတတ်သော အဆောင်တစ်ခုပင်ဖြစ်သည်။





ကျွန်တော့်အတွက်လည်း ကံကောင်းစေသော အဆောင် တစ်ခုဆိုလျှင် မမှားပေ။ အဘယ်ကြောင့်ဆိုသော် သူငယ်ချင်း တစ်ယောက်ထံမှ ဒီကြေးပြားဝိုင်းလေးကို ရပြီးကတည်းကပင် ကျွန်တော့် ဆန္ဒတွေ တစ်ခုပြီးတစ်ခု ပြည့်ဝလာခဲ့သည်ဟု ဆိုရမည်။

ဖေဖေက ကျွန်တော် အရှုးအမူးလိုချင်သော ကွန်ပျူတာ အသစ်တစ်စုံကို မွေးနေ့လက်ဆောင်အဖြစ် ပေးခဲ့သလို မေမေကလည်း အကောင်းစား စကိတ်စီးဖိနပ်တစ်ရန်ကို လိုလိုလားလားနှင့်ပင် ဝယ်ပေး ခဲ့သည်။ ပုံမှန်အတိုင်းဆိုလျှင် ဖေဖေနှင့်မေမေက ငွေကြေးအကုန်အကျ များသည်ဟုဆိုကာ ကျွန်တော့်ပူဆာသမျှကို ငြင်းဆန်ခဲ့သည်ချည်းသာ။

ထို့ကြောင့် ကျွန်တော်က ဒီကြေးပြားဝိုင်းလေးကို ကံကောင်း စေသောအဆောင်ဟု ယုံကြည်ကာ သွားလေရာ ကိုယ်နှင့်မကွာ ဆောင်ယူသွားခြင်းဖြစ်သည်။

ထိုစဉ်...

"ဟဲ့... ဇော်တေဇ ၊ ငါခေါ်တာ မကြားဘူးလား..."

ရုတ်တရက် ရင်းနှီးသော အသံတစ်သံက နောက်ကျောဘက်မှ ထွက်ပေါ်လာ၍ လှည့်ကြည့်လိုက်သောအခါ နှုတ်ခမ်းစူပြီး ရပ်နေသော ဖူးဖူးဇင်ကို တွေ့ရလေ၏။

ဖူးဖူးဇင်မှာ သူမ ခေါ်နေတာကို မကြား၍ ကျွန်တော့်ကို စိတ် တို နေပုံရသည်။ သူမက အနည်းငယ်ဒေါသထွက်နေသောအသံဖြင့်...

"ကျောင်းပိတ်ရက်အတွင်းမှာ နင့်နား တစ်ခုခုဖြစ်သွားပြီ လား ... ဇော်တေဇရယ်။ ငါခေါ်နေတာ ပါးစပ်ကတောင် အမြှုပ်ထွက်တော့မယ်"

www.burmeseclassic.com

တိုစကားကြောင့် ကျွန်တော် အောင့်သက်သက် ဖြစ်သွားသည်။ စိတ်ထဲတွင်လည်း 'အသားလွတ် လာကောနေသည်'ဟု အောက်မေ့မိလိုက်၏။

"နင့်ဘာသာနင် အမြှုပ်မကလို့ သွားရှည်ပဲ ထွက်ထွက်၊ ငါမှ မကြားတာ။ ကြားရင် လှည့်ကြည့်မှာပေါ့"

ကျွန်တော်၏ အငေါ်တူးကာ ပြန်ပြောလိုက်သော စကားကြောင့် ဖူးဖူးဇင်က မခံချိမခံသာဖြစ်သွားပြီး...

"ကောင်စုတ်!"

ဟု ခပ်တိုးတိုး ကျိန်ဆဲရင်း လက်ဖြင့် ကျွန်တော့်ပခုံးတစ်ဖက်အား လှမ်းရိုက်လေသည်။

ကျွန်တော်နှင့် ဖူးဖူးဇင်က ဒီနှစ်တွင် နဝမတန်း (Grade-10) တက်မည့်သူများဖြစ်ကြသလို ငယ်သူငယ်ချင်း အရင်းအချာများလည်း ဖြစ်ကြ၏။ ကျွန်တော်တို့နှစ်ယောက်မှာ ရုပ်ရည်ချင်း အနည်းငယ်ဆင်တူကြသည့်အတွက် တချို့တလေက မောင်နှမဟု ထင်မှတ်မှားကြသော်လည်း တကယ်တမ်းတော့ မဟုတ်ပါ။

အသားအရေ ဖြူလျော့လျော့နှင့် မျက်နှာဝိုင်းတာချင်း တူနေ၍ အထင်မှားကြခြင်းဖြစ်သည်။ သို့သော် အရပ်အမောင်းကတော့ ကျွန်တော်က သူမထက် နှစ်လက်မခန့် ပိုမြင့်ပြီး ခန္ဓာကိုယ်လည်း အနည်းငယ် ထွားကျိုင်း၏။

ဖူးဖူးဇင်ကတော့ အခုခေတ်စားနေသော မော်ဒယ်လ်များကို ကျိတ်ပြီး အားကျနေ၍လားမသိ၊ ခန္ဓာကိုယ်က ပိန်ပိန်ပါးပါး ဖြစ်သည်။





သို့သော် ဖူးဖူးဇင်ကို ကျွန်တော် အလွန်တရာ အားကျမိသည့်အချက်မှာ သူမက အမြဲတမ်းလိုလို ကံကောင်းတတ်ခြင်းပင်။ တစ်ခုခုကို လိုချင်၊ ဖြစ်ချင်တိုင်း ဖူးဖူးဇင်မှာ ရက်ပိုင်းအတွင်းမှာတင် ဖြစ်ခွင့်ရတတ်သူ ဖြစ်သလို မွေးနေ့ပွဲတွေ ဘာတွေ လုပ်လျှင်ပင် လက်ဆောင်ပစ္စည်းများ အလျှံအပယ်ရသူဖြစ်၏။

ကျွန်တော်ကတော့ သူမလို ကံကောင်းတတ်သူတစ်ယောက် မဟုတ်ပေ။ အမြဲတစေ ကံကောင်းမှုများနှင့် လွဲချော်နေရသူသာလျှင် ဖြစ်သည်။

"နင် Locker နံပါတ်စာရင်း ဖတ်ပြီးပြီလား... ဇော်တေဇ"

"ဟမ်!"

ဖူးဖူးဇင်၏ လှမ်းမေးလိုက်သောအသံကြောင့် ကျွန်တော့် အတွေးများ လွင့်ပြယ်သွားပြီး ကြောင်အအဖြင့် ပြန်ထူးလိုက်သည်။

ဖူးဖူးဇင်က ကျောင်းသားတစ်စု ဝိုင်းအုံကြည့်ရှုနေရာသို့ လက်ညှိုးထိုးပြရင်း...

"ဟိုနားက ကြော်ငြာသင်ပုန်းမှာ ကပ်ထားတယ်လေ... ဟယ်၊ နင် သွားမကြည့်ရသေးဘူးလား...။ ငါတော့ ကံကောင်းတယ်၊ နေ့တိုင်း ထမင်းဘူးကို တကူးတက သွားယူနေစရာ မလိုတော့ဘူး။ ငါ့ Locker က ထမင်းစားခန်းမဘေးမှာ..."

"ဟုတ်လား... မိုက်တာပေါ့"

ကျွန်တော်က ဖူးဖူးဇင်ကို အားရဝမ်းသာဖြင့် ပြောရင်း ကြော်ငြာသင်ပုန်းရှိရာသို့ လှမ်းကြည့်လိုက်သည်။ ရင်ထဲတွင်လည်း ဘာကြောင့်မှန်းမသိဘဲ စိတ်လှုပ်ရှားသွားမိ၏။



www.burmeseclassic.com

www.burmeseclassic.com

ဒီနှစ်တော့ ကံကောင်းတဲ့ Locker နံပါတ်လေးရပါစေ...

ထိုဆုတောင်းနှင့်အတူ ကျွန်တော်က ဘောင်းဘီအိတ်ကပ်ထဲမှ ကြေးပြားဝိုင်းလေးကို လက်ဖြင့် နှိုက်ယူကာ ပွတ်သပ်လိုက်သည်။

ထိုစဉ် ...

"မင်း Locker နံပါတ်ကတော့ ရှယ်ပဲ ဇော်တေဇရေ"

Locker နံပါတ်စာရင်း ကြည့်ပြီး ပြန်လာသော သဲမွန်က ကျွန်တော့်ကို တွေ့တွေ့ချင်း ရိသဲ့သဲ့အသံဖြင့် ပြောလေသည်။ အသားညိုညို၊ ဆံပင်အလယ်ခွဲနှင့် သဲမွန်မှာ ကျွန်တော်နှင့် ဘတ်စကတ်ဘောကစားဖော်များဖြစ်ကြပြီး ရေကူးလျှင် အတူကူးလေ့ရှိကြသူများ ဖြစ်၏။

"အမ်!... ဘာနံပါတ်မို့လို့လဲ..."

ကျွန်တော်က ကြောင်အအဖြင့် ပြန်မေးရင်း သဲမွန်ကို အကဲခတ် ကြည့်လိုက်ရသည်။ သဲမွန်မှာ အကောင်းပြောနေပုံ မပေါ်ချေ။ ပြောင်စပ်စပ် မျက်နှာပေးဖြင့် ကျွန်တော့်ကို မျက်စိတစ်ဖက်မှိတ်ပြကာ လှည့်ထွက်သွားလေ၏။

ဒါဟာ တစ်စုံတစ်ရာ လွဲမှားနေ၍ ဖြစ်ပေလိမ့်မည်။

ကျွန်တော်က အလျင်အမြန်ပင် ကြော်ငြာသင်ပုန်းနားသို့ လာကာ ကြည့်လိုက်သည်။ ခက်ခက်ခဲခဲ မရှာရဘဲ ကျွန်တော့်နာမည်ကို အထင်းသား တွေ့လိုက်ရ၏။

"ဟင်!"

ကျွန်တော့်နာမည်ဘေးတွင် မရဏဆန်သော နံပါတ်တစ်ခု...။

ဒါ... ဒါ... ဘယ်လိုဖြစ်တာလဲ...။ ငါ အမြင်မှားတာလား...။





ကျွန်တော်က ကိုယ့်မျက်လုံးကို ကိုယ်မယုံကြည်နိုင်လောက်အောင် ဖြစ်သွားပြီး နောက်တစ်ကြိမ် သေချာအောင် ထပ်ကြည့်လိုက်မိသည်။

အမြင်မှားခြင်း မဟုတ်ပေ။

တကယ်ပင် ဇော်တေဇဆိုသည့် ကျွန်တော့်နာမည်ဘေးတွင် မမြင်ချင်ဆုံးသော နံပါတ်တစ်ခု...။

တစ်ဆယ့်သုံး...။

သွားပြီ။ ဒီအပုပ်နံပါတ်ကြောင့် ငါ့ရဲ့ပျော်ရွှင်စရာ စာသင်ရက်တွေက မနှစ်တုန်းကလိုပဲ ပျက်စီးရတော့မယ်...။

ငါ ဘာလုပ်ရမလဲ...။

စိတ်ပျက်ဝမ်းနည်းမှုက ကျွန်တော့်တစ်ကိုယ်လုံးကို တိမ်ညိုတိမ်မည်းများလို ဖုံးအုပ်လွှမ်းခြုံသွားသည်။ ရင်ထဲတွင်လည်း အန္တရာယ်တစ်ခုခုကို ကြိုတင်စိုးရိမ်နေသည့်ပုံဖြင့် လေးလံဖိစီးသွား၏။

ထိုစဉ် ဖူးဖူးဇင်က အနားသို့ရောက်လာပြီး...

"ဟဲ့... နင့် Locker နံပါတ် တွေ့ပြီလား...၊ ဘယ်နားမှာလဲ"

ဟု စိတ်ဝင်တစား မေးသည်။

ကျွန်တော့်မှာ သူမ အမေးကို ပြန်ဖြေဖို့ပင် အားမရှိချေ။ သို့ရာတွင် ကျွန်တော်က နာကြည်းမှုဖြင့် ပြန်ပြောလိုက်မိသည်။

"ငါ... ငါ ကျောင်းအုပ်ချုပ်ရေးမှူးဆီ သွားပြီး ပြောမယ်။ ဒီအတိတ်နိမိတ်မရှိတဲ့ Locker ဆယ့်သုံးဆိုတာကြီးကို ငါ မယူနိုင်ဘူး..."


www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်စကားကြောင့် ဖူးဖူးဇင်မှာ ဟာသပြက်လုံးတစ်ခုကို ကြားလိုက်ရသလို တခစ်ခစ်နှင့် ရယ်လေသည်။ ပြီးမှ ရယ်သံစွက်၍...

''အမယ်လေး... ဖော်တေဇရယ်၊ ဒီနှစ်ဆို ကိုးတန်းတောင် တက်ရတော့မယ်။ အခုထက်ထိ သူငယ်တန်းကလေးလေး တစ်ယောက်လို အတွေးခေါင်နေတုန်းပါလား... ခစ်... ခစ် ... ခစ်''

ကျွန်တော်က တခစ်ခစ်နှင့် ရယ်မောနေသော ဖူးဖူးဇင်ကို မကျေမချမ်းဖြင့် စိုက်ကြည့်ကာ...

''ငါ အတွေးခေါင်တာ မဟုတ်ဘူး ဖူးဖူးဇင်။ ဒီ Locker ဆယ့်သုံးဆိုတဲ့ နံပါတ်က တကယ့်မကောင်းဆိုးဝါးနံပါတ်ပဲ''

ဟု ဒေါသတကြီး ပြောလိုက်သည်။ သို့သော် ဖူးဖူးဇင်ကတော့ ဆက်ပြီး ရယ်မောနေဆဲ။ ကျွန်တော်က စိတ်မရှည်တော့ဘဲ သူမကို တွန်းဖယ်ကာ လှည့်ထွက်လိုက်သည်။

ကမူးရှူးထိုး လှည့်ထွက်လာသော ကျွန်တော့်နောက်သို့ ဖူးဖူးဇင်က ခပ်တိုးတိုး ကျိန်ဆဲရင်း လိုက်ပါလာခဲ့၏။ သူမက အမြဲ ဒီအတိုင်းပင်။ စိတ်မကျေနပ်စရာ တစ်ခုခုနှင့်ကြုံတိုင်း အဘွားကြီးအို တစ်ယောက်လို ပွစိပွစိဖြင့် ရေရွတ်တတ်သည်။ ပြီးသွားလျှင်လည်း သူမ မဟုတ်တဲ့အတိုင်း ရယ်ရယ်မောမောစကားတွေ ပြောနေတတ်ပြန်၏။

ကွန်ပျူတာ အခန်းရှေ့မှ ဖြတ်ကျော်လာစဉ်...

''ဟယ်... ဒီမှာကြည့်စမ်း...''





ဖူးဖူးဇင်၏ အားရဝမ်းသာ ရေရွတ်လိုက်သောအသံကြောင့် ကျွန်တော်က လမ်းလျှောက်နေရာမှ ရပ်တန့်ကာ လှည့်ကြည့်လိုက်သည်။

ဖူးဖူးဇင်က ကြမ်းပြင်ပေါ်မှ တစ်စုံတစ်ရာကို ဖျတ်ခနဲ ကောက်ယူလိုက်ပြီး ကျွန်တော့်အား မြှောက်ပြကာ...

''ဒီမှာကြည့်စမ်း ဖော်တေဇ၊ ပိုက်ဆံ တစ်ထောင်တန်တစ်ရွက် တွေ့လာ။ ငါတော့ ကံကောင်းတာပဲ''

ဟု ရွှင်မြူးစွာ ပြောလိုက်၏။

မပျော်ရွှင်နိုင်သူက ကျွန်တော်သာလျှင် ဖြစ်သည်။ တစ်ခု မဟုတ် တစ်ခု အမြဲကံကောင်းနေလေ့ရှိသော ဖူးဖူးဇင်ကိုသာ ငေးစိုက်ကြည့်နေမိ၏။ နှုတ်မှလည်း စိတ်မပါတပါဖြင့် မေးခွန်းတစ်ခုကို မေးလိုက်မိသည်။

''နင် ဘာလို့များ အမြဲတမ်း ကံကောင်းနေရတာလဲ ဖူးဖူးဇင် ရယ်''

ကျွန်တော့်အမေးကို ဖူးဖူးဇင်က ပြန်မဖြေပါ။ ရိုးအီနေသော စကားတစ်ခွန်းကို ကြားရသလို ပြုံးပြီး ကျွန်တော့်ကို ကြည့်နေခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေ ကျောင်းက ပြန်လာသည့်အချိန်ထိ စိတ်မချမ်းမြေ့မှုက အိပ်မက်ဆိုးတစ်ခုလို အုံ့ဆိုင်းနေသည်။

ဘာဖြစ်လို့များ ငါ ဒီ Locker နံပါတ်ကိုမှ ရရတာလဲ…။ ပြီးတော့ ကျောင်းအုပ်ရေးချုပ်ရေးမှူးက ငါ့စကားကို ဘာလို့ အလေး အနက်မထားတာလဲ။

တစ်နေကုန် အပ်ကြောင်းထပ်မကာ တွေးခဲ့မိသော ထိုအတွေး များက အခုထက်ထိ ခေါင်းထဲမှ မထွက်သွားသေးပေ။ ရင်ထဲတွင်လည်း အလိုမကျမှုများကြောင့် ပူလောင်တင်းကျပ်နေသည်။

ခါတိုင်းဆိုလျှင် ကျောင်းကားပေါ်မှဆင်းပြီး အိမ်သို့ မိနစ် အနည်းငယ်သာ လျှောက်ရသော်လည်း ဒီကနေ့တော့ နာရီပေါင်းများစွာ ကြာအောင် လျှောက်နေရသလို ထင်မိ၏။

အိမ်နားသို့ ရောက်လာစဉ်မှာပင်…

''ကိုကြီး…''

ဆိုသော ခပ်ရှုးရှုးအသံနှင့်အတူ ကျွန်တော့်ဘေးသို့ ကလေး ငယ်တစ်ယောက် ရောက်လာသည်။ ကြည့်လိုက်တော့… ဖိုးလုံး။





ခပ်နွမ်းနွမ်းအင်္ကျီလေးကို ဝတ်ကာ ကျွန်တော့်အား မျက်နှာ ငယ်လေးဖြင့် မော့ကြည့်နေ၏။ လက်ဖဝါးနုနုသေးသေးလေးကလည်း ကျွန်တော်၏လက်ကို ဆုပ်ကိုင်ထားလျက်…။

ကျွန်တော်က ဖိုးလုံး၏ နီကြင့်ကြင့်ဆံပင်များနှင့် ဦးခေါင်းကို လက်ဖြင့် ခပ်ဖွဖွ ပွတ်သပ်လိုက်ကာ…

''ဘာပြောမလို့လဲကွ''

ဟု ချိုချိုသာသာ မေးလိုက်သည်။ ဖိုးလုံးကို မြင်တွေ့ရတိုင်း ခံစားရသည့် သနားကြင်နာမှုကလည်း ရင်ထဲသို့ မဖိတ်ခေါ်ရဘဲ အလိုလို ရောက်လာသည်။

ဖိုးလုံးမှာ မိဘမဲ့ကလေးတစ်ယောက်ဖြစ်ပြီး ဆင်းရဲနွမ်းပါးလှ သော အဘွားဖြစ်သူ မုဆိုးမအိုကြီးဖြင့် နေထိုင်ရသူဖြစ်၏။ ကျောင်းနေ မည့်အရွယ် ရောက်သော်လည်း ဖိုးလုံးမှာမူ ငွေကြေးဆင်းရဲလှသဖြင့် ကျောင်းမတက်နိုင်ပေ။

တခြားကလေးများလိုလည်း စားချင်သည့်မုန့်ကို ဝယ်မစား နိုင်သဖြင့် သူက ကျွန်တော့်ကို မြင်တိုင်း မုန့်ဝယ်ကျွေးခိုင်းတတ်သည်။

ဖိုးလုံးက…

''ကိုကြီး သား ဗိုက်ဆာလို့ မုန့်ဝယ်ကျွေးပါလား။ အဘွား ကလည်း ဘယ်အိမ်မှာ အဝတ်သွားလျှော်နေမှန်း မသိဘူး။ အခုထိကို ပြန်မလာသေးဘူး''

''ဟုတ်လား… ဖိုးလုံးရေ မင်းအဘွားက အလုပ်မပြီးသေးလို့ ပြန်မလာသေးတာ နေမှာပေါ့။ ကဲ… ရော့… ရော့ မင်းစားချင် တဲ့ မုန့် သွားဝယ်စားချေ''



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့... ကိုကြီး"

ဖိုးလုံးက ပြောပြောဆိုဆိုဖြင့် ကျွန်တော်ပေးသော ပိုက်ဆံ လှမ်းယူလိုက်သည်။ ပြီးနောက် ခါတိုင်းလို လှစ်ခနဲ ပြေးမထွက်သွားသေးဘဲ ကျွန်တော့်မျက်နှာကို ညှိုးငယ်စွာ မော့ကြည့်နေ၏။

ကျွန်တော်က ဖိုးလုံး တစ်ခုခုပြောချင်နေမှန်း သိသောကြောင့် အလိုက်တသိဖြင့်...

"ဘာပြောစရာရှိလို့လဲ ဖိုးလုံး"

ဟု မေးကြည့်လိုက်သည်။ ဖိုးလုံးမှာ ကျွန်တော့်အမေးကို ချက်ချင်း ပြန်မဖြေပေ။ ကလေးငယ်တစ်ယောက် ဖြစ်သော်ငြားလည်း သူ့ထံမှ သက်ပြင်းနုနုလေးအား မသိမသာ ခိုးချနေသံကို ကြားရသည်။ ပြီးမှ ဖိုးလုံးက ကျွန်တော့်အား ဖျတ်ခနဲ မော့ကြည့်ပြီး...

"သားမှာ ပိုက်ဆံတွေ အများကြီးရှိရင် ကောင်းမှာပဲ ကိုကြီး..."

"ဟေ့... ဘာဖြစ်လို့လဲကွ။ မုန့်တွေ အများကြီးဝယ်စားမလို့လား..."

ဖိုးလုံးဆီမှ ထူးထူးဆန်းဆန်းစကားကို ကြားလိုက်ရသောကြောင့် ကျွန်တော်က တအံ့တဩဖြင့် ပြန်မေးလိုက်သည်။ စိတ်ထဲတွင်လည်း ကလေးပီပီ မုန့်ဝယ်စားရန်အတွက် စိတ်ကူးယဉ်ပြောသည်ဟု အောက်မေ့မိလိုက်၏။ သို့သော် မဟုတ်ပါ။

ဖိုးလုံးက...

"မုန့်ဝယ်စားဖို့ မဟုတ်ပါဘူး ကိုကြီးရေ။ သားမှာ ပိုက်ဆံရှိရင် အဘွားကိုလည်း ပေးမယ်။ ပြီးရင် သားကို မုန့်တွေ အမြဲတမ်း





ဝယ်ကျွေးနေတဲ့ ကိုကြီးအတွက် စက်ဘီးတစ်စီးလောက် ဝယ်ပေးချင်လို့ပါ။ ဒါမှ ကိုကြီး အခုလို လမ်းမလျှောက်ရဘဲ အိမ်ကို သက်သက်သာသာ ပြန်ရောက်မှာပေါ့"

"အမယ်လေး... ဘာများလဲလို့ ဖိုးလုံးရေ။ မင်းက တော်တော် သိတတ်တာပဲ"

ဘာရယ်မဟုတ်ဘဲ ဖိုးလုံး၏စကားကြောင့် ကျွန်တော့်ရင်ထဲတွင် ကြည်နူးသွားမိကာ ရယ်ရယ်မောမောဖြင့် ပြန်ပြောလိုက်မိသည်။ တစ်ဆက်တည်းဆိုသလို ကျွန်တော်ကပင်...

"ကဲ... ကဲ... မင်း ဗိုက်ဆာနေပြီ မဟုတ်လား...။ သွား... မုန့်ဝယ်စားတော့"

ဟု ပြောလိုက်မှ ဖိုးလုံးမှာ နှုတ်ဆက်ပြီး လှစ်ခနဲ ပြေးထွက်သွားလေသည်။ ကျွန်တော်ကတော့ မြူးထူးခုန်ပေါက်ကာ ပြေးထွက်သွားသော ဖိုးလုံး၏ ကျောပြင်ကိုသာ မျက်စိတစ်ဆုံး ငေးကြည့်ရင်း သက်ပြင်းကို လေးလေးပင်ပင် ချလိုက်မိတော့သည်။

□


www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂)

အခုထက်ထိတော့ ကျွန်တော့်ဘဝက အေးချမ်းနေတုန်းပင်။

ဘာပြဿနာ တစ်စုံတစ်ရာမှ မရှိပေ။ နှစ်ပတ်ဆိုသော ကျောင်းတက်ရက်အတွင်း သူငယ်ချင်းအသစ်တွေပင် ထပ်တိုးလာခဲ့သည်။ နွေရာသီ ကျောင်းပိတ်ရက်အတွင်း ဖေဖေ မွေးနေ့လက်ဆောင်အဖြစ် ဝယ်ပေးခဲ့သော ကွန်ပျူတာဖြင့် ဖန်တီးခဲ့ရသည့် ကာတွန်း Animation ဇာတ်လမ်းမှာ အခုဆို အချောသပ်လုပ်ကိုင်ဖို့ပင် ကျန်တော့၏။ နောက်ထပ် စိတ်ကျေနပ်စရာကောင်းသည့်အချက်မှာ ကျွန်တော်တို့၏ ဘတ်စကက်ဘောအသင်း နိုင်ပွဲဆက်နေခြင်းပင်။

အခုလည်း ကျွန်တော်က ဘတ်စကက်ဘောအသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းရန်အတွက် အားကစားရုံသို့ ထွက်လာခဲ့သည်။ သို့ရာတွင် အားကစားရုံသို့ ရောက်သည့်အချိန်တွင်တော့ ကျွန်တော် နောက်ကျနေလေပြီ။





အသင်းသားအားလုံး အားကစားရုံထဲသို့ရောက်ကာ ကိုယ်ကာယလေ့ကျင့်ခန်းပင် လုပ်နေကြသည်။ လေ့ကျင့်ရေးမှူး ဦးထွန်းစိန်မှာလည်း ရွှီခနဲ ဝီစီမှုတ်လိုက်၊ ပါးစပ်မှ အော်ငေါက်လိုက်နှင့် အလုပ်များနေ၏။

ဒုက္ခပါပဲ… ငါတော့ အဆူခံရတော့မယ်။

လေ့ကျင့်ရေးမှူး ဦးထွန်းစိန်မှာ အချိန်နောက်ကျလျှင် အော်တတ်၊ ငေါက်တတ်လွန်းသောကြောင့် ကျွန်တော် အခုလို တွေးမိခြင်း ဖြစ်သည်။

ကျွန်တော်က ဦးထွန်းစိန်မမြင်ခင် အဝတ်အစားလဲရန်အတွက် Locker ရှိရာသို့ ထွက်လာလိုက်၏။ သို့သော် ဦးထွန်းစိန်က ကျွန်တော့်ကို မြင်ဖြစ်အောင် မြင်သွားသည်။

"ဟေ့… ဇော်ဇော၊ မင်းဘာလို့ အဝတ်အစားမလဲရသေးတာလဲ။ ဒီမှာ အသင်းလိုက် လေ့ကျင့်ခန်းလုပ်ဖို့ နောက်ကျနေပြီ မသိဘူးလား…"

ဒေါသသံစွက်၍ လှမ်းအော်လိုက်သော ဦးထွန်းစိန်၏စကားကြောင့် ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံး ဆတ်ခနဲ တုန်တက်သွားပြီး…

"ဟုတ်… ဟုတ်ကဲ့… အခုပဲ အဝတ်အစား သွားလဲလိုက်ပါ့မယ်… ဆရာ"

ဟု တုန်ယင်ထစ်ငေါ့စွာပြောရင်း မပြေးရုံတမယ် ထွက်လာခဲ့သည်။ ထိုစဉ်မှာပင် အားကစားရုံထောင့်တစ်နေရာ၌ ဖိနပ်ကြိုးချည်နေသော 'ဂုက်ကြီး'ကို တွေ့လိုက်ရ၏။ ဂုက်ကြီးဆိုသည်မှာ အဆိုတော်ထူးအိမ်သင်ကို ပြောခြင်းမဟုတ်ပေ။ နာမည်ရင်းက ကျော်ကြားလူ

www.burmeseclassic.com

ဖြစ်သော်လည်း လူပုံပန်းသဏ္ဌာန်က အရပ်ရှည်ရှည်၊ ခါးကိုင်းကိုင်း၊ ခြေတံလက်တံရှည်ရှည်နှင့် ငှက်ကုလားအုပ်တစ်ကောင်လို ဖြစ်နေသောကြောင့် သူ့ကို တစ်ကျောင်းလုံးက 'ငှက်ကြီး'ဟု အမည်ပြောင် ပေးထားခြင်း ဖြစ်သည်။

ကျွန်တော်ကတော့ သူ့ကို ထိုနာမည်နှင့် မလိုက်ဖက်ဟု ထင်မိ၏။ အမှန်တကယ်ဆိုလျှင် ခန္ဓာကိုယ် ထွားထွားကျိုင်းကျိုင်း၊ ခြေတံလက်တံရှည်ရှည်နှင့်ဆိုတော့ မျောက်ဝံကြီးတစ်ကောင်နှင့် ပိုတူပြီး 'မျောက်ကြီး'ဟု ခေါ်သင့်သည် ထင်မိ၏။

သို့သော် ထိုနာမည်ကိုတော့ သူ့ရှေ့တွင် ကျွန်တော် မခေါ်ရဲပေ။ ငှက်ကြီးက သူထက် တစ်တန်းငယ်သော ကျွန်တော့်ကို အမြဲတစေ အနိုင်ကျင့်တတ်သူ ဖြစ်သည်။

တစ်ခါတုန်းကလည်း သူ ချွေးသုတ်ထားသောပဝါဖြင့် ကျွန်တော့်မျက်နှာတည့်တည့်ကို ပစ်ပေါက်မှုပြီး ရေဘူးကို ဆောင့်ကန်ပစ်ခဲ့သည်။ ဘတ်စကက်ဘော ကစားလျှင်လည်း သူ ကျွန်တော့်ကို တစ်ခုခု မညစ်ပတ်သည့်နေ့ဟူ၍ မရှိ။ အနည်းဆုံးတော့ မခံချိမခံသာ ဖြစ်အောင် လှောင်ပြောင်ခဲ့သည်ချည်းသာ...။

ဒီနေ့လည်း ကျွန်တော့်ကို ဘယ်လိုဒုက္ခပေးဦးမည် မသိ။

ကျွန်တော် အဝတ်အစားလဲပြီး ပြန်လာချိန်တွင် ငှက်ကြီးမှာ ဘောလုံးကို ကြမ်းပြင်ပေါ်တွင် တဘုတ်ဘုတ်နှင့် ပုတ်ကာ ခြင်းထဲသို့ ပစ်သွင်းနေ၏။

သို့သော် ပစ်သည့်အကြိမ်တိုင်းလိုလို ဘောလုံးမှာ ခြင်းထဲသို့ မဝင်ဘဲ နောက်ခံဘုတ်ပြား သို့မဟုတ် ခြင်းနှုတ်ခမ်း (Rim)နှင့်ထိကာ





ပြန်ထွက်လာသည်။

အကောင်ကြီးပြီး အချိန်မစီးဘူးဆိုတာ ငှက်ကြီးကို ပြောတာ ထင်တယ်ဟု ကျွန်တော့်စိတ်ထဲမှာ အောက်မေ့မိလိုက်၏။ ပြီးနောက် ကိုယ့်ဘာသာကိုယ် သဘောကျသွားပြီး ကျိတ်ရယ်လိုက်မိ၏။ ထိုစဉ် ဦးထွန်းစိန်က...

"ဟေ့... ဘာရပ်ကြည့်နေတာလဲ။ ငှက်ကြီးလို အဝေးဘော လာပစ် လေ့ကျင့်စမ်း...."

"ဟုတ်... ဟုတ်ကဲ့..."

ကျွန်တော့်ကို လှမ်းပြောမှန်းသိသဖြင့် ကျွန်တော်က အလျင်အမြန်ပင် လေ့ကျင့်ရေးကွင်းထဲသို့ လှမ်းဝင်လိုက်သည်။

ငှက်ကြီးက ကျွန်တော့်ကို ရန်လိုစွာ တစ်ချက်လှမ်းကြည့်လိုက်ပြီး ...

"ရော့... ဒီမှာ ဘောလုံး..."

ဟုဆိုကာ ဘောလုံးကို ကျွန်တော်ထံသို့ အားကုန်လွှဲပစ်လိုက်၏။

"ဗိုး..."

"ဘုတ်"

ကျွန်တော်က ကမန်းကတန်းဖြင့် ဘောလုံးကိုဖမ်းလိုက်ရာ မိသွားသည်။ မမိလျှင်တော့ ဘောလုံးက ကျွန်တော့်မျက်နှာနှင့် အရှိန်ပြင်းပြင်း မိတ်ဆက်မှာ သေချာ၏။

ငှက်ကြီးက ငါ့ကို ဘာလို့ ဒီလောက်တောင် ရန်လိုနေရတာလဲ၊ တော်ပြီ... တော်ပြီ... အဲဒါတွေ မစဉ်းစားတာ ကောင်းတယ်...။



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်က ခေါင်းထဲသို့ဝင်လာသော စိတ်ညစ်ညူးစရာ အတွေးများကို အလျင်အမြန် မောင်းထုတ်လိုက်ပြီး ဘောလုံးကို ခြင်းထဲသို့ ပစ်ရန် ချိန်ဆလိုက်သည်။ ထို့နောက် လက်ကို လေထဲသို့ ဆန့်တန်းကာ ဘောလုံးအား ခြင်းထဲသို့ လှမ်းပစ်လိုက်၏။

မဝင်ပေ၊ ဘောလုံးက ခြင်းနှင့် အတော်လွဲသွားကာ ကြမ်းပြင်ပေါ်သို့ ဘုတ်ခနဲ ပြုတ်ကျသွားသည်။

''ဒီလောက်လေးတောင် ဝင်အောင်မပစ်နိုင်ဘဲနဲ့ ကျောင်းလက်ရွေးစင် ဖြစ်ချင်နေသေးတယ်၊ ရှက်လည်း မရှက်ဘူး... ဟား... ဟား... ဟား...''

ငှက်ကြီးက သူများအမှားကို စောင့်ကာ လှောင်ပြောင်ရယ်မောလိုက်သောအသံကြောင့် တခြားသူတွေပါ လိုက်လံရယ်မောကုန်ကြသည်။

ရယ်ထားဦးပေါ့ ငှက်ကြီးရေ၊ ဒီတစ်ခါ ငါဝင်အောင် ပစ်ပြမယ်။

ကျွန်တော်က ခံပြင်းစွာတွေးတောရင်း နောက်တစ်ကြိမ် ဘောလုံးကို ပစ်လိုက်သည်။ စိတ်လှုပ်ရှားနေသောကြောင့် ဒီတစ်ကြိမ်တွင်လည်း မဝင်ပေ။

ငှက်ကြီး၏ လှောင်ပြောင်ရယ်မောသံက ကျယ်သထက် ကျယ်လာသည်။ ဘာကြောင့်မှန်းမသိ၊ တခြားလူတွေကလည်း ငှက်ကြီးနှင့်အတူ ရောယောင်ကာ ကျွန်တော့်ကို လှောင်ပြောင်ရယ်မောနေကြ၏။

ရှက်စိတ်ကြောင့် ကျွန်တော့်မျက်နှာတစ်ခုလုံး မီးပူအောက်ခံပြားလို ပူထူနေသည်။ ရင်ထဲတွင်လည်း ခံပြင်းစိတ်၊ ရှက်စိတ်များက မုန်တိုင်းတစ်ခုလို တဝုန်းဝုန်း မြည်ဟီးနေလေ၏။

လှေကျင့်ရေးမှူး ဦးထွန်းစိန်ကတော့ အုတ်နံရံကိုမှီကာ တခြား



လေ့ကျင့်ရေးမှူးများနှင့် စကားပြောဆိုနေသည်။ ကျွန်တော်တို့ လေ့ကျင့်နေသည်ကိုပင် မြင်ပုံမပေါ်ချေ။

ငှက်ကြီးက လှောင်ပြောင်ရယ်မောနေရာမှ...

''ကဲ... ကဲ... ဘောလုံးကို ငါ့ကိုပေး...။ ငါ မင်းကို ဘယ်လိုဝင်အောင် ပစ်ရမလဲဆိုတာ သင်ပေးမယ်''

ဟု ရိသဲ့သဲ့လေသံဖြင့် လှမ်းပြောလိုက်၏။

လေလုံးမထွားစမ်းပါနဲ့ ငှက်ကြီးရာ...။ မင်းလည်း မဝင်ပါဘူး...။

ကျွန်တော်က စိတ်ထဲမှ မုန်းတီးစွာပြောရင်း အားကစားရုံထောင့်မှ ဘောလုံးကို သွားကောက်လိုက်သည်။ ထို့နောက် ငှက်ကြီးထံသို့ ဘောလုံးကို ခပ်ပြင်းပြင်း လှည့်ပစ်ပေးလိုက်၏။

ဒါဟာ ကျွန်တော့်အတွက် အမှားအယွင်းတစ်ခုဖြစ်သွားသည်။

ငှက်ကြီး ဖိနပ်ကြိုး ငုံ့ချည်နေမှန်းကို ကျွန်တော် မမြင်မိခဲ့ချေ။ ငှက်ကြီးက ဖိနပ်ကြိုး ငုံ့ချည်နေရာမှ သူ့ထံသို့ ဝိုးခနဲ တိုးဝင်လာသော ဘောလုံးကို အမှတ်တမဲ့ မော့ကြည့်လိုက်စဉ်မှာပင်...

''ဘုန်း!''

''အား!''

''ဟာ!''

ငှက်ကြီး၏ နာကျင်စွာ ညည်းညူလိုက်သံနှင့် ကျွန်တော်၏ အာမေဋိတ်အသံမှာ မရှေးမနှောင်း ထွက်ပေါ်သွားသည်။

သွားပြီ...။ ပြဿနာတော့ တက်ပြီ...။


www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ငှက်ကြီးကို လှမ်းကြည့်လိုက်၏။ ခေါင်းနှင့် အရှိန်ပြင်းပြင်း ထိမှန်သွားတာကြောင့် ငှက်ကြီး၏ နှာခေါင်းထဲမှ သွေးများ ယိုစီးကျလာသည်ကို တွေ့လိုက်ရသည်။

ထိုမြင်ကွင်းကြောင့် ကျွန်တော်က ကြောက်ရွံ့မှုဖြင့် ကြက်သေသေသွား၏။ စိုးရိမ်စိတ်များက တစ်ကိုယ်လုံးကို ကျင်စက်ဖြင့် တို့ထိလိုက်သလို ဆတ်ခနဲ တုန်ခါသွားစေသည်။

"တောင်း... တောင်းပန်ပါတယ်။ ငါ တမင်သက်သက်လုပ်တာ မဟုတ်ပါဘူး..."

ကျွန်တော်က ထိတ်ထိတ်ပျာပျာဖြင့် တောင်းပန်လိုက်သော်လည်း အချိန်မမီတော့ပေ။ ငှက်ကြီးက ကျွန်တော့်အနားသို့ ကျားနာတစ်ကောင်လို ရောက်လာသည်။ နောက်... ဒေါသချောင်းချောင်းထွက်နေသော မျက်လုံးအစုံဖြင့် စိုက်ကြည့်ရင်း...

"မင်း ငါ့ကို သွေးထွက်အောင် လုပ်တယ်ပေါ့... ဟုတ်လား..."

ဟု မာကျောခက်ထန်စွာ ပြောလိုက်သည်။ တစ်ပြိုင်နက်တည်းလိုလိုလည်း ကျွန်တော့်ခန္ဓာကိုယ်အား ချိုင်းမှကိုင်ကာ ငှက်မွေးတစ်ချောင်းအလား လေထဲသို့ ဆွဲကိုင်မြှောက်လိုက်၏။

"မလုပ်နဲ့"

ဘယ်လိုပင် အော်ဟစ်တားဆီးနေကာမူ ငှက်ကြီးက မရပ်တန့်ပေ။ ကျွန်တော့်ခန္ဓာကိုယ်ကို အမြင့်ဆုံးမှ အောက်သို့ ပစ်ချကိုင်ပေါက်တော့မည့် ရည်ရွယ်ချက်ဖြင့် ငှက်ကြီးက ဆက်လက်ကြိုးစားနေသည်။





ကျွန်တော်ကတော့ ငှက်ကြီး၏ဝန်ချီစက်ကဲ့သို့ သန်မာလှသော လက်ထဲမှတစ်ဆင့် လေထဲတွင် ယက်ကန်ယက်ကန် ဖြစ်နေ၏။

ငါ့... ငါ့ကို တကယ်ပဲ သူ ကိုင်ပေါက်တော့မှာလား...

ဘုရား... ဘုရား... မလုပ်ပါစေနဲ့။

ကျွန်တော်က သွေးရူးသွေးတန်းဖြင့် ငှက်ကြီးအား တောင်းပန်နေမိသည်။

"ငါ... ငါ တမင်သက်သက်လုပ်တာ မဟုတ်ပါဘူး။ မ... မတော်တဆ ဖြစ်သွားတာပါ..."

"ဒါဆို အခုလည်း မတော်တဆလို့ပဲ မှတ်လိုက်ပေါ့ကွာ... ထွီ..."

ငှက်ကြီးက တင်းမာခက်ထန်စွာ ပြန်ပြောရင်း တံတွေးဖြင့် ကျွန်တော့်မျက်နှာကို လှမ်းထွေးလိုက်သည်။ ငှက်ကြီး၏မျက်နှာမှာ ဒေါသစိတ်ကြောင့် နီရဲနေသည့်အပြင် နှာခေါင်းထဲမှ ယိုစီးကျနေသော သွေးများကြောင့် ပို၍ ကြောက်စရာကောင်းနေသည်။


သူက ရူးရူးရဲရဲစိုက်ကြည့်ရင်း ကျွန်တော့်ခန္ဓာကိုယ်အား အမြင့်ဆုံးသို့ ချီမြှောက်လိုက်၏။ ဘာမှ မတတ်နိုင်တော့ပေ။ ဒီအချိန်တွင် သူလုပ်သမျှ ခံရပေတော့မည်။ ကျွန်တော်က စိတ်ကို ဒုန်းဒုန်းချကာ မျက်လုံးစုံမှိတ်ပစ်လိုက်တော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

''ရပ်လိုက်စမ်း... အဲဒါ ဘာလုပ်နေတာလဲ''

ရုတ်တရက်ဆိုသလို လေ့ကျင့်ရေးမှူး ဦးထွန်းစိန်၏အသံက အားကစားရုံအတွင်းတွင် ဟိန်းထွက်သွားသည်။ တစ်ဆက်တည်းပင် ဦးထွန်းစိန်က...

''ဇော်တေဇကို အောက်ကို ပြန်ချပေးလိုက်စမ်း... ငှက်ကြီး''

ထိုအသံက ကျွန်တော့်နားထဲတွင် မေခလာနတ်သမီး၏ အသံကဲ့သို့ လတ်ဆတ်ချိုမြိန်လွန်းလှ၏။ ကျွန်တော်က မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။





လွတ်သွားသော သားကောင်ကို ခံပြင်းစွာလိုက်ကြည့်နေသည့် မုဆိုးတစ်ယောက်လို ငှက်ကြီးက ကျွန်တော့်အား စိမ်းစိမ်းခါးခါး ကြည့်နေ၏။ ပြီးမှ...

''မင်း ကံကောင်းသွားတယ်... မှတ်ပါ''

ဟု အေးစက်စွာပြောရင်း ကျွန်တော့်ခန္ဓာကိုယ်အား ကြမ်းပြင်ပေါ်သို့ ပြန်ချလိုက်သည်။ မဖြစ်သာ၍သာ ပြန်ချပေးလိုက်သော်လည်း ငှက်ကြီးက သိပ်ကျေနပ်ပုံမပေါ်ချေ။ မျက်နှာက သွေးအေးလူသတ်သမားတစ်ယောက်လို တင်းမာအေးစက်နေဆဲ။

ကျွန်တော်ကတော့ အသက်ဘေးမှ ပွတ်သီပွတ်ကာ လွတ်မြောက်လာသူ တစ်ယောက်လို သက်ပြင်းကို ဟူးခနဲ မှုတ်ထုတ်လိုက်မိသည်။ တုန်လှုပ်ချောက်ချားစိတ်ကြောင့် တဒုန်းဒုန်းခုန်ခဲ့ရသော ရင်အစုံပင် တဖြည်းဖြည်း ပြန်လည်ငြိမ်သက်လာ၏။

သို့ရာတွင် ကြောက်စိတ်ကတော့ ရင်ထဲမှ အလုံးစုံ လွင့်စင်မသွားသေးပေ။ လေ့ကျင့်ရေးမှူး ဦးထွန်းစိန်က အနားသို့ရောက်လာပြီး...

''ကဲ... အသင်းသားအားလုံး နားထောင်ကြ။ အခုကစပြီး နှစ်ယောက်တစ်တွဲ လေ့ကျင့်ကြစမ်း။ ဒါမှ ပြိုင်ပွဲကျရင် တစ်ယောက်အထာ တစ်ယောက် သိနေကြမှာ။ ငှက်ကြီးနဲ့ ဇော်တေဇက တစ်တွဲတွဲ...''

''ဟာ... ဒီကောင်နဲ့တော့ ကျွန်တော် အတူတူတွဲပြီး မလေ့ကျင့်ချင်ဘူး ဆရာ...။ လက်ပျက်တယ်''

www.burmeseclassic.com


ဦးထွန်းစိန်၏ စကားမဆုံးခင်မှာပင် ငှက်ကြီးက ခါးခါးသီးသီး ထကန့်ကွက်လိုက်သည်။ ထိုစကားက ကျွန်တော့်မျက်နှာကို တုတ်ရှည်ရှည်ဖြင့် ဖြတ်ရိုက်လိုက်သလိုပင်။

သို့ရာတွင် ကျွန်တော့်မှာ ပေါက်ကွဲဖို့ အင်အားမရှိချေ။ အမြဲတမ်း ငှက်ကြီး၏ အရံကစားသမားအဖြစ်သာ ကစားခွင့်ရသော ကျွန်တော့်ဘဝက ကံဆိုးမှုများနှင့်အတူ မည်းမှောင်နေပြီးသားပင်။

ဦးထွန်းစိန်က ငှက်ကြီးကို ဖျတ်ခနဲ လှည့်ကြည့်လိုက်ပြီး...

"ဘာမှ အတွန့်တက်မနေနဲ့... ငှက်ကြီး။ ဖော်ဝေဇကာ မင်းရဲ့ အရံကစားသမားပဲ။ မင်း သူနဲ့ပဲ လေ့ကျင့်ရမယ်။ ပြီးတော့ မင်းရဲ့နှာခေါင်းထဲက သွေးတွေကို တစ်ခုခုနဲ့ သွားသုတ်လိုက်...။ မြင်ရတာ စိတ်မချမ်းသာဘူး"

ငှက်ကြီးမှာ ဘာမှပြန်မပြောနိုင်တော့ဘဲ သန့်စင်ခန်းရှိရာသို့ လေးလေးပင်ပင် ထွက်သွားသည်။ နှာခေါင်းထဲမှ စီးကျနေသော သွေးများကို သုတ်ရန်အတွက် ဖြစ်ဟန်တူသည်။

ကျွန်တော်ကတော့ ဘောလုံးကိုပိုက်လျက် သူပြန်လာချိန်ကိုသာ စောင့်ဆိုင်းနေလိုက်၏။ စိတ်ထဲတွင်လည်း ဆူပွက်သော ခရီးကြမ်းတစ်ခုကို သွားရတော့မည့် လူတစ်ယောက်လို လေးလံဖိစီးသွားမိသည်။

ဘုရား... ဘုရား...။ နောက်ထပ်ပြဿနာတစ်ခုကို ရင်မဆိုင်ရပါစေနဲ့တော့...။

❑



ကျွန်တော့်ဆုတောင်းက မပြည့်ခဲ့ပါ။

ငှက်ကြီးက ဘောလုံးကို ကျွန်တော့်ထံသို့ ဝီခနဲ လှမ်းပစ်လိုက်သည်။ ဘောလုံးမှာ အရှိန်ပြင်းပြင်းဖြင့် ရိတ်ခနဲ ပြေးဝင်လာ၏။

ကျွန်တော်က အာရုံကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် စုစည်းပြီး ဘောလုံးကို လက်ဖြင့် ဖမ်းလိုက်သည်။ လေ့ကျင့်နေစဉ်အတွင်း ကျွန်တော့်မှာ သတိကြီးစွာ ထားနေရသည်။

ငှက်ကြီးက ဘောလုံးအား မျက်နှာကို ချိန်ပစ်လိုက်၊ ဝမ်းဗိုက်ကို ချိန်ပစ်လိုက်နှင့် အမျိုးမျိုး ပညာပြနေ၏။

အခုလည်း ငှက်ကြီးက ဘာအကြံအစည် ရှိနေပြန်ပြီလဲ မသိ။

"ကဲ... ပြေးပြေးလွှားလွှားလေး လေ့ကျင့်ကြရအောင်..."

ဟု ဆိုလာသည်။

ကျွန်တော်က စိတ်မပါတပါဖြင့် ခေါင်းညိတ်ပြလိုက်ရ၏။ လေ့ကျင့်ရေးမှူး ဦးထွန်းစိန်မှာ ကျွန်တော်တို့ကို လေ့ကျင့်ခိုင်းထားပြီး ဘယ်ထွက်သွားသည် မသိ။ ကျန်သည့်အသင်းသားတွေကတော့ တက်ညီလက်ညီဖြင့် လေ့ကျင့်နေကြသည်။

ကျွန်တော်နှင့် ငှက်ကြီးက ဟန်ဆောင်ဖုံးကွယ်မှုများနှင့် လေ့ကျင့်နေကြရ၏။

ငှက်ကြီးက မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီး...


www.burmeseclassic.com

www.burmeseclassic.com

"မင်းနဲ့ငါ ဘောလုံးယှဉ်လုပြီး ဂိုးသွင်းလေ့ကျင့်ရအောင်...၊ ဒါမှ မင်း ဂိုးသွင်းစွမ်းရည် တက်လာမှာ"

ကျွန်တော်က မတတ်သာသည့်အဆုံး သဘောတူလိုက်ရသည်။ သို့ရာတွင် ဘာကြောင့်လဲတော့ မပြောတတ်။ တစ်ခုခု ဆိုးဆိုးရွားရွား ဖြစ်တော့မလိုမျိုး ကျွန်တော့်ရင်ထဲတွင် မအီမသာ ဖြစ်လာသည်။

ငှက်ကြီးက ကျွန်တော့်ကို စေတနာဗရပွဖြင့် ဂိုးသွင်းစွမ်းရည် တက်အောင် လေ့ကျင့်ပေးမှာ မဟုတ်မှန်းတော့ သေချာသည်။

ဒါကို ဘာအကြံအစည်များ ရှိလို့လဲ...။

ကျွန်တော် မသိ။ ဘာတစ်ခုမှ ဆိုးဆိုးရွားရွား မဖြစ်လာဖို့ကိုသာ မျှော်လင့်နေမိသည်။

ငှက်ကြီးက ဘောလုံးကို တဘုတ်ဘုတ်နှင့် ပုတ်ကာ ကျွန်တော့်ထံသို့ ပြေးဝင်လာ၏။ ခန္ဓာကိုယ်ကို ကိုင်းကာ လက်နှစ်ဖက်ကို ဆန့်တန်းထားလိုက်သည်။

"ဟော့ကောင် ငါ့လက်ထဲက ဘောလုံးကို ရအောင်ဝင်လုလေ ကွာ...။ ဘာလဲ သတ္တိမရှိဘူးလား..."

ငှက်ကြီးက ကျွန်တော့်ကို ငေါ့တော့တော့လေသံဖြင့် သတိပေးလိုက်၏။ 'သတ္တိမရှိဘူးလား'ဆိုသည့် စကားကြောင့် ကျွန်တော် အနည်းငယ် ရှက်ရွံ့သွားမိသည်။

တကယ်တော့ ကျွန်တော် ဘောလုံးကို ဘာမှ ဝင်မလုရဲစရာ အကြောင်းမရှိပေ။ မတော်တဆ ဘောလုံးကို ကျွန်တော်ရသွားပြီး ဂိုးသွင်းလိုက်လျှင် ငှက်ကြီး တစ်ခုခုရန်ရှာမှာ စိုး၍သာဖြစ်သည်။





ကျွန်တော်က နောက်ပြဿနာ နောင်ရှင်းဆိုသည့် အတွေးဖြင့် ဘောလုံးကို ဝင်လုလိုက်၏။ မရပေ။ ငှက်ကြီးက ဘောလုံးကို ဘယ်မှ ညာသို့ ပြောင်းကိုင်ကာ ကျွန်တော့်ကို လှစ်ခနဲ ကျော်ထွက်သွားသည်။

ကျွန်တော်က နောက်မှလိုက်ကာ ငှက်ကြီး ဂိုးသွင်း၍မရအောင် တားဆီးလိုက်၏။ ငှက်ကြီး ဂိုးလှမ်းသွင်းလိုက်သည့်အချိန်နှင့် ကျွန်တော့် လက် လေထဲသို့ ရောက်သွားချိန်က တစ်ထပ်တည်း ကျသွားသည်။

"ဝီး ..."

"ဘုတ်"

ဘောလုံးက ခြင်းထဲသို့မရောက်ဘဲ လေထဲမှာပင် လမ်းကြောင်း ပြောင်းသွားကာ ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွား၏။ ငှက်ကြီး၏ ဂိုးသွင်းချက်ကို ကျွန်တော် ကာကွယ်လိုက်နိုင်သည်။

ငှက်ကြီး၏မျက်နှာက လိုချင်တာမရသော ကလေးငယ် တစ်ယောက်လို ရှုံ့မဲ့မဲ့ဖြစ်သွား၏။ နှုတ်မှလည်း...

"တောက်!"

ဟု ခံပြင်းစွာ တောက်တစ်ချက် ခေါက်လိုက်သည်။

မတတ်နိုင်ပေ။ 'မင်းဘာသာ မင်း အသုံးမကျဘဲ'ဟု ကျွန်တော်က စိတ်ထဲမှ ပြောလိုက်မိ၏။

ဒီတစ်ခါတော့ ကျွန်တော့်အလှည့်ပင်။

ကျွန်တော်က ဘောလုံးကို ပုတ်ကာ ငှက်ကြီးရှေ့မှ ဖြတ်ကျော်ဖို့ ကြိုးစားလိုက်သည်။ ငှက်ကြီး၏ ထွားကျိုင်းသော ခန္ဓာကိုယ်နှင့် လက်တံရှည်များက ကျွန်တော့်ကို အုတ်တံတိုင်းတစ်ခုလို ရှေ့မှ ကာဆီး ထားသည်။


www.burmeseclassic.com

www.burmeseclassic.com

သို့သော် ကျွန်တော်က အတတ်နိုင်ဆုံး ကိုယ်ယောင်ပြကာ လှည့်ထွက်လိုက်၏။ ငှက်ကြီးကလည်း အလွတ်မပေး။ သိမ်းငှက်တစ်ကောင်လို လျှင်မြန်ဖျတ်လတ်သော မျက်လုံးများဖြင့် လှုပ်ရှားမှုတိုင်းကို စောင့်ကြည့်နေသည်။

ကျွန်တော်က တစ်ဖက်သို့ ကိုယ်ယောင်ပြကာ လှစ်ခနဲ လှည့်ထွက်လိုက်၏။ အလစ်အငိုက်မိသွားသော ငှက်ကြီးမှာ ကျွန်တော့်ကို မတားဆီးနိုင်လိုက်ပေ။

ကျွန်တော်၏ကြိုးစားမှု အောင်မြင်သွားပြီ...။ ကျွန်တော်က အားရဝမ်းသာဖြင့် ဘောလုံးကိုပုတ်ကာ အားကုန်ပြေးထွက်လိုက်သည်။

ထိုစဉ်မှာပင် ကျွန်တော် မထင်မှတ်ထားသော အဖြစ်အပျက်တစ်ခုက စတင်လာ၏။ ကျွန်တော့်မျက်နှာတည့်တည့်သို့ ငှက်ကြီး၏ ရှည်လျားသန်မာလှသော လက်တစ်ဖက်က အရှိန်ပြင်းပြင်းဖြင့် ရွေ့လျားလာခြင်းပင်။

"ဖြောင်း..."

"အား!"

"ဘုန်း..."

နာကျင်မှုဝေဒနာတို့နှင့်အတူ ကျွန်တော့်ခန္ဓာကိုယ်က အားကစားရုံ ကြမ်းပြင်ပေါ်သို့ ပက်လက်လန် လဲကျသွားသည်။ ခေါင်းထဲတွင်လည်း မိုက်ခနဲဖြစ်ကာ ကြယ်တွေ၊ လတွေ မြင်သွား၏။

ကျွန်တော်က အသက်ရှူပင် မဝတော့ချေ။

မျက်လုံးတွေ ပြာလာကာ နားတွေ အူလာသည်။ အသည်းနိုက်အောင် နာကျင်သွားသောကြောင့် ခန္ဓာကိုယ်က တစိုးတစိမျှပင်





မရွေ့လျားနိုင်တော့ပေ။

ကျွန်တော့် နားထဲတွင် တိုးသဲ့သဲ့အသံတစ်ခုကို မပီမသ ကြားနေရသည်။

ဒါ... ဘယ်သူ့အသံလဲ ?

ကျွန်တော် မဝေခွဲနိုင်တော့... ။ နာကျင်မှုဝေဒနာများက ကျွန်တော်၏သိစိတ်အားလုံးကို ဖုံးလွှမ်းသွားလေပြီ...။

ငါ... ငါ တစ်ခါတည်း အသက်ပါ ပါသွားတော့မှာလား...

❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ဇော်တေဇ... ဇော်တေဇ"

စိုးရိမ်တကြီးဖြင့် အော်ခေါ်နေသော အသံတစ်သံက ကျွန်တော့်နားထဲတွင် ကျယ်လောင်လာသည်။

ဒါ ဘယ်သူ့အသံလဲ ?

ကျွန်တော် ချက်ချင်း မှတ်မိသွားသည်။

နာကျင်နေသည့်ကြားမှ အသက်ကိုတစ်ချက် ခပ်ပြင်းပြင်း ရှူသွင်းလိုက်ပြီး မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။

ဖူးဖူးဖင်...။





စိုးရိမ်တကြီးဖြင့် လဲကျနေသော ကျွန်တော့်ကို ဆွဲပွေ့ထူလိုက်၏။ ပါးစပ်မှလည်း တုန်ယင်ယင်အသံဖြင့်...

"ဇော်တေဇ... ရလား။ နင် ဘာဖြစ်သွားသေးလဲ"

ဟု မေးလိုက်၏။ ထို့နောက် ကျွန်တော့်အဖြေကိုပင် မစောင့်တော့ဘဲ ငှက်ကြီးအား မုန်းတီးစက်ဆုပ်စွာ လှည့်ကြည့်လိုက်ပြီး...

"နင် ကိုယ်ချင်းစာစိတ်မှ ရှိသေးရဲ့လား...။ တောက်!... မကောင်းဆိုးဝါးကောင်"

ဖူးဖူးဖင်၏ ပျစ်ပျစ်နစ်နစ် ကျိန်ဆဲလိုက်သော စကားကြောင့် ငှက်ကြီး၏မျက်နှာမှာ နီရဲတက်သွားသည်။

ကျွန်တော်က ဖူးဖူးဖင်ကို အားပြုရင်း မတ်တတ်ထရပ်လိုက်၏။ ခုနကလောက် နာကျင်မှုဝေဒနာများမှာ မဆိုးရွားတော့သော်လည်း ခေါင်းထဲတွင် မူးဝေဝေ ဖြစ်နေသေးသည်။ ခန္ဓာကိုယ်မှာလည်း တဆစ်ဆစ် ကိုက်ခဲနေ၏။

ငှက်ကြီးက ကျွန်တော်နှင့် ဖူးဖူးဖင်ကို တစ်လှည့်စီကြည့်ကာ ရီသဲ့သဲ့လေသံဖြင့်...

"ဇော်တေဇ ဆိုတဲ့ကောင်က မိုက်တယ်... ဟော့၊ သူ့ကောင်မလေးက တော်တော်ဂရုစိုက်တာပဲ"

"ဘာ !"

ဖူးဖူးဖင်၏အသံက ရှက်ရွံ့မှုတို့နှင့်အတူ ကျယ်လောင်သွားသည်။ ကျွန်တော်ပင် သူမ၏မျက်နှာကို မော့မကြည့်ရဲတော့လောက်အောင်အထိ အားတုံ့အားနာ ဖြစ်သွားမိ၏။

ဖူးဖူးဖင်က ငှက်ကြီးအား ရွံမုန်းစွာ ကြည့်လိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com

''ငါတောင် ခုနက နှင့်ရည်းစားကို တွေ့ခဲ့သေးတယ် ငှက်ကြီး ရဲ့''

''ဟုတ်လား... ဘယ်နားမှာ တွေ့ခဲ့တာလဲ''

ငှက်ကြီးက အံ့ဩသွားဟန်ဖြင့် ပြန်မေးလိုက်သည်။ ကျွန်တော်ပင် ကြောင်အအ ဖြစ်သွား၏။ အဘယ်ကြောင့်ဆိုသော် ငှက်ကြီးမှာ ရည်းစားလိုချင်လွန်း၍ တစ်ပိုင်းသေနေသူဖြစ်သည်။ သို့သော်လည်း သူ့လို မျောက်လိုလို၊ ငှက်လိုလို ခန္ဓာကိုယ်နှင့်လူကို ဘယ်မိန်းကလေးမှ ပြန်မကြိုက်ချေ။

အခု သူက အထင်ခံရလည်း မနည်းဘူးဆိုသည့်သဘောဖြင့် ပြန်မေးပုံရသည်။ ဖူးဖူးဖင်၏စကားကို ကြားရသည့်အခါမှာတော့ ငှက်ကြီး၏မျက်နှာက ကွက်ခနဲ ပျက်သွားလေသည်။

''တိရစ္ဆာန်ရုံထဲက မျောက်ခြံထဲမှာလေ''

''ဘာ!... ဘာပြောတယ်''

ကျွန်တော်က ငှက်ကြီး မျက်စိမျက်နှာပျက်သွားပုံကို ကြည့်ပြီး မရယ်မိအောင် မနည်းထိန်းလိုက်ရသည်။ စိတ်ထဲမှလည်း ငှက်ကြီး ခံလိုက်ရသည်ကို ကြည့်ပြီး ဝမ်းသာသွားမိ၏။

ငှက်ကြီးကတော့ ဖူးဖူးဖင်ကို မျက်စောင်းနီကြီးဖြင့် စိုက်ကြည့် ကာ...

''နင်က ငါ့အကြောင်းမသိဘဲ စိန်လာခေါ်တယ်ပေါ့ ဟုတ် လား...''

''ဟွန်း... နင့်အကြောင်းများ မကြားချင်မှအဆုံး၊ ဘတ်စကက် ဘောကစားရင် အသုံးမကျဘဲ လေကျယ်တာတွေ၊ ကိုယ့်ထက်





ငယ်တဲ့လူတွေကို အနိုင်ကျင့်တတ်တာတွေ၊ အကုန်ကြားဖူး သားပဲ''

ခနဲ့တဲ့တဲ့ ပြောလိုက်သော ဖူးဖူးဖင်၏ စကားအဆုံးတွင် ငှက်ကြီးမှာ မခံမရပ်နိုင်အောင် ဒေါသထွက်သွားပုံရသည်။ ဖူးဖူးဖင် နေရာတွင် ယောကျာ်းလေးတစ်ယောက်ယောက်သာဆိုလျှင် အရိုးတခြား အသားတခြား ဖြစ်သွားမှာ သေချာသလောက်ရှိသည်။

ဒုက္ခပဲ... ။ ဖူးဖူးဖင်တော့ ငှက်ကြီးကိုမှ သွားရန်စနေပြီ...။

ကျွန်တော်က စိုးရိမ်သွားပြီး ဖူးဖူးဖင်ကို သတိပေးဖို့ ကြိုးစား လိုက်သည်။ သို့ရာတွင် ကျွန်တော့်ကြိုးစားမှု မစရသေးခင်မှာပင် ငှက်ကြီး ၏ အသံဩဩကြီးက ထွက်ပေါ်လာ၏။

''နင်က ဘတ်စကက်ဘောအကြောင်း ဘယ်လောက်သိလို့ ငါ့ကို အသုံးမကျဘူး လာပြောနေရတာလဲ။ နင်... နင် မိန်းကလေးဖြစ်နေလို့နော်...။ နို့မို့ဆို နာပြီသာမှတ်''

အံတကြိတ်ကြိတ်ဖြင့် ပြောနေသော ငှက်ကြီးကိုကြည့်ကာ ဖူးဖူးဖင်က တခစ်ခစ် ရယ်မောလိုက်သည်။ ပြီးမှ သူမက...

''နင့်ကို နင် သိပ်တော်နေတယ်လို့ ထင်နေလား ငှက်ကြီး။ ဒါဆို နင်နဲ့ငါ ဂိုးသွင်းပြိုင်ကြရအောင်''

ဟု လေသံမာမာဖြင့် စိန်ခေါ်လိုက်လေသည်။ ငှက်ကြီးမှာ ထိုစကား ကြားကြားချင်း ရယ်စရာပြက်လုံးတစ်ခုကို ကြားလိုက်ရသလို ခွက်ထိုးခွက်လန် ရယ်မောလိုက်၏။

''ဟား... ဟား... ဟား... ရယ်ရတယ်ဟေ့ နင့်လို မိန်းကလေး တစ်ယောက်ကများ ငါ့ကို လာစိန်ခေါ်ရဲတယ်လို့။ ငှက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ကောင်က ဘတ်စကတ်ဘောနဲ့ ပတ်သက်လာရင် အားလုံးကို ဦးကျိုးသွားအောင် လုပ်လာတဲ့ကောင်။ ဘယ်သူ့ကိုမှ အလျှော့မပေးဘူး...''

''ဒါဆို ဘောလုံး ငါးလုံးစီပြိုင်ပြီး ပစ်မယ်လေ ငှက်ကြီး''

''အိုကေ... စိန်လိုက်''

ငှက်ကြီး၏ သဘောတူလက်ခံသံက ကျွန်တော့်အဖို့ စိတ်ကို မှိုင်းညို့သွားစေသည်။

ဒုက္ခပါပဲ။ ဖူးဖူးဇင်တော့ ဘာတွေ လျှောက်လုပ်နေပြီလဲ မသိဘူး။

ကျွန်တော်က ဖူးဖူးဇင်အတွက် စိတ်ပူသွားမိသည်။ အကယ်၍ ငှက်ကြီးနိုင်သွားခဲ့လျှင် သူမကို လမ်းတွေ့တိုင်း အကြီးအကျယ် လှောင်ပြောင်ရယ်မောမည်မှာ အသေအချာပင်။ နောက်... ဖူးဖူးဇင်၏ ဘတ်စကက်ဘော စွမ်းရည်မှာလည်း ငှက်ကြီးကို မမီပေ။

သို့သော် ဖူးဖူးဇင်ကတော့ သူမကိုယ်သူမ ယုံကြည်မှုအပြည့်ရှိဟန်ဖြင့် ကျွန်တော့်ဘက်သို့လှည့်ကာ မျက်စိတစ်ဖက် မှိတ်ပြလေသည်။ သဘောက အေးဆေးပါဆိုသည့်ပုံပင်။

ကျွန်တော်က စိတ်မသက်မသာဖြစ်စွာဖြင့် ပြိုင်ပွဲကို စောင့်ကြည့်လိုက်သည်။ ကျန်သည့်အသင်းသားအချို့ကလည်း လေ့ကျင့်နေရာမှ နားစွန်နားဖျားကြားပြီး ဖူးဖူးဇင်နှင့် ငှက်ကြီးတို့၏ ပြိုင်ပွဲကို လှမ်းကြည့်နေကြ၏။

ငှက်ကြီးက...

''တစ်လုံးပစ် တစ်ဂိုးဆိုတာ နင် မြင်ဖူးအောင်ကြည့်ထား...''





ဟု မော်ကြွားကြွားလေသံဖြင့် ပြောရင်း ဘောလုံးကို Foul line ထိပ်မှတစ်ဆင့် ပစ်ထည့်လိုက်သည်။

ဘောလုံးက အမှားအယွင်းမရှိ ခြင်းထဲ ဝင်သွား၏။

ငှက်ကြီးက ပြိုင်ဘက်ကင်း ကစားသမားတစ်ယောက်လို မျက်နှာပေးဖြင့် ဖူးဖူးဇင်ကို တစ်ချက်စောင်းငဲ့ကြည့်လိုက်ပြီးမှ ကျန်သည့် ဘောလုံးကို ဆက်ပစ်လေ၏။

ဖူးဖူးဇင်ကတော့ အေးဆေးတည်ငြိမ်စွာပင်။ ငှက်ကြီး၏ ဂိုးသွင်းပစ်ချက်များကို ဣန္ဒြေရရဖြင့် ကြည့်နေသည်။

နောက်ဆုံး ငါးလုံးမြောက်ဘောလုံးတွင်တော့ ငှက်ကြီး၏ ပစ်ချက်က ခြင်းနှင့် လွဲချော်သွားသည်။ သို့သော်လည်း သူ့လို ငါးလုံးတွင် လေးလုံးဝင်အောင် ပစ်ဖို့ဆိုတာတော့ မလွယ်ကူပေ။

ကျွန်တော်က စိတ်လှုပ်ရှားလွန်းနေ၍ အသက်ကို ဝဝမရှူမိချေ။ နှလုံးခုန်သံက ဘင်ခရာတီးဝိုင်းမှ အသံလို တဒုန်းဒုန်း မြည်နေသည်။ ဖွေ့ဖက်ဆုပ်နယ်နေသော လက်ဖဝါးများကပင် ချွေးစေးများဖြင့် အေးစက်ထုံကျဉ်လာ၏။

မထင်မှတ်လောက်အောင် တည်ငြိမ်နေသူက ဖူးဖူးဇင် ဖြစ်သည်။ စိုးရိမ်စိတ်တစ်စုံတစ်ရာမှ မရှိသည့်ပုံဖြင့် ဘောလုံးကို ကောက်လိုက်သည်။ ပြီးနောက် အချိန်ယူကာ ချိန်ဆမနေဘဲ ဘောလုံးကို ခြင်းထဲသို့ လှမ်းပစ်ထည့်လိုက်၏။

''အိုး!... ကောင်းလိုက်တဲ့ပစ်ချက်''

ကျွန်တော်က ဟန်ပင်မဆောင်နိုင်တော့ဘဲ လွှတ်ခနဲ ရေရွတ်မိလိုက်သည်။ တကယ်လည်း ဖူးဖူးဇင် ပစ်ထည့်လိုက်သော ဘောလုံးမှာ



www.burmeseclassic.com

www.burmeseclassic.com



မခိုးကျူးဘဲ မနေနိုင်တော့လောက်အောင် ချိန်သားကိုက် ဝင်သွား၏။

ငှက်ကြီး၏မျက်နှာက ကွက်ခနဲ ပျက်သွားသည်။ ဖူးဖူးဖင်က တော့ တည်ငြိမ်နေလျက်ပင်။ နောက်ထပ် သုံးကြိမ်စလုံးကိုလည်း အမှား အယွင်းမရှိ ဝင်အောင် ပစ်သွင်းနိုင်ခဲ့၏။

ဖူးဖူးဖင် ဘာလို့ ဒီလောက်တောင် တော်နေတာပါလိမ့်။

တစ်ခုခုတော့ တစ်ခုခုပဲ...။ ငါမသိအောင်များ ဘတ်စကက် ဘော စွမ်းရည်တက်အောင် နိုးလေ့ကျင့်ထားတာလား...။

မယုံကြည်နိုင်စရာ အဖြစ်အပျက်များကြောင့် ကျွန်တော် ဘယ်လိုမှပင် ဆက်စပ်မတွေးခေါ်တတ်တော့ပေ။ ဖူးဖူးဖင်ကိုသာ တန်ခိုးရှင်တစ်ယောက်လို ငေးကြည့်နေမိသည်။

ငှက်ကြီး မျက်နှာမှာလည်း ရှက်ရွံ့မှု၊ ခံပြင်းမှုများနှင့်အတူ ပြုံတော့မည့်မိုးလို ပုပ်သိုးမည်းနက်နေ၏။ သူက အားကစားရုံနံရံကို မှီပြီး မျက်စိပျက် မျက်နှာပျက်ဖြစ်နေသည်။

ဖူးဖူးဖင်က ငှက်ကြီးဘက်သို့ စောင်းငဲ့ကြည့်လိုက်ပြီး...

"ကြည့်ထားနော်... ငှက်ကြီး၊ ငါးလုံးပစ် ငါးလုံးဝင်တယ်ဆိုတာ နင် တွေ့ဖူးသွားစေရမယ်..."

ဟု ရိုသဲ့သဲ့ လှမ်းပြောလိုက်သည်။

ပြန်ချေပစရာ စကားလုံးမရှိတော့၍ ထင်သည်။ အမြဲတမ်း သူတစ်ပါးကို လှောင်ပြောင်ပြောဆိုတတ်သော ငှက်ကြီးမှာ အခုတစ်ကြိမ် တွင်တော့ မဲ့ပြုံးတစ်ချက်သာ ပြုံးနိုင်ပြီး နှုတ်ဆိတ်နေသည်။

ဖူးဖူးဖင်က ငှက်ကြီးထံမှ အကြည့်လွှဲပြီး ဘောလုံးပစ်ရန် ချိန်ဆလိုက်၏။ ထို့နောက် လက်နှစ်ဖက်ကို လေထဲသို့ ဆန့်တန်းကာ ဘောလုံးကို အသာအယာပစ်သွင်းလိုက်သည်။

"ဟေး... နိုင်ပြီကွ!"

ဝမ်းသာအားရ အော်ဟစ်လိုက်သော ကျွန်တော့်အသံက အားကစားရုံတစ်ခုလုံးကို ဖုံးလွှမ်းသွား၏။

ဖူးဖူးဖင်မှာ နောက်ဆုံးဘောလုံးကို လှလှပပသွင်းပြီး ငှက်ကြီး ကို အနိုင်ယူလိုက်လေပြီ။

"တောက်!"

ငှက်ကြီးက ခံပြင်းစွာ တောက်ခေါက်လိုက်ပြီး အားကစားရုံ ထဲမှ ချာခနဲ လှည့်ထွက်သွားလေသည်။

"ဖူးဖူးဖင်ရေ... ငှက်ကြီးတော့ ခေါင်းတောင် မဖော်နိုင်တော့ ဘူး။ ဟား... ဟား... ဟား..."

ကျွန်တော်က ခွက်ထိုးခွက်လှန်ရယ်မောရင်း ဖူးဖူးဖင်အနားသို့ သွားလိုက်၏။ ပြီးနောက် ဖူးဖူးဖင်နှင့် ကျွန်တော်က အောင်မြင်မှုအထိမ်း အမှတ်အဖြစ် လက်ဝါးရိုက်လိုက်ကြသည်။

"ခစ်... ခစ်... ခစ်... ငှက်ကြီးတော့ ဒီတစ်ခါ လဒကြီး ဖြစ်သွား ပြီ"

ဖူးဖူးဖင်က သူမ စကားကို သူမဘာသာ သဘောကျသွားပြီး တခစ်ခစ်ရယ်မောနေပြန်၏။ ကျွန်တော်က တသိမ့်သိမ့် ရယ်မောနေ သော သူမကို ပြုံးရယ်ရင်း ကြည့်ကာ...

"နင် ဘာလို့ ဒီလောက်တောင် တော်နေရတာလဲ ဖူးဖူးဖင် ရယ်။ ဘာပဲလုပ်လုပ် နင့်မှာ အရှုံးဆိုတာ မရှိဘူးနော်"

"ကံကြောင့်ပေါ့... ဟယ်"





www.burmeseclassic.com

www.burmeseclassic.com



ရှုရှုဇင်က စကားလုံးနည်းနည်းဖြင့်သာ တုံ့ပြန်ပြီး နဖူးပေါ် ဝဲကျနေသော ဆံစများကို လက်ဖြင့် သပ်တင်လိုက်သည်။ ထို့နောက် သူမကပင် ...

"နင့်ကို ငါ ဝမ်းသာစရာသတင်းတစ်ခု ပြောရဦးမယ်...ဟ"

ဟုဆိုကာ ကျွန်တော့်လက်မောင်းတစ်ဖက်ကို ခပ်ဖွဖွဆုပ်ကိုင်လိုက်၏။ ကျွန်တော်က အဝတ်အစားလဲရန် Locker ရှိရာဆီသို့ သွားမလို့ ဟန်ပြင်နေရာမှ ရှုရှုဇင်ကို လှည့်ကြည့်လိုက်သည်။

ရှုရှုဇင်က သူမ၏ ဝိုင်းစက်မျက်ဝန်းကို တဖျတ်ဖျတ်ခတ်ရင်း...

"ငါ... မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲမှာ ပထမဆုရတယ် သိလား ဇော်တေဇ"

"ဟင်... ဟုတ်လား။ ရှုရှုဇင်"

ကျွန်တော်က တအံ့တသြဖြင့် ပြန်ပြောလိုက်မိသည်။

လွန်ခဲ့သော တစ်ပတ်လောက်က စာစီစာကုံး သွားပြိုင်မည်ဟု ရှုရှုဇင် ပြောသံကို ကြားဖူးသော်လည်း ဆုရရှိသည်ကိုတော့ အခုမှ သိရခြင်းဖြစ်သည်။

ရှုရှုဇင်က သူမ၏ နီထွေးသော နှုတ်ခမ်းဖူးလေးကို ပြုံးသည်ဆိုရုံ ပြုံးလိုက်ပြီး...

"ငါလည်း ဒီမနက်မှ သိရတာဟ။ ပြိုင်တုန်းက ရမယ်လို့တောင် မထင်ဘူး။ ငါ အရမ်းကံကောင်းတယ် သိလား... ဇော်တေဇ"

ဟု ရွှင်ရွှင်မြူးမြူး ပြောလေ၏။





ကျွန်တော်က ဘာမှ ပြန်မပြောနေတော့ဘဲ ခေါင်းကို ခါယမ်းလိုက်မိသည်။

ဘာကြောင့် လူချင်းအတူတူမှာ ငါက ကံဆိုးပြီး ရှုရှုဇင်က အမြဲတမ်း ကံကောင်းနေရတာလဲ...။

ဖြစ်နိုင်ရင် ရှုရှုဇင်၏ဘဝနှင့် ကျွန်တော့်ဘဝကိုသာ လဲလှယ်ပစ်လိုက်ချင်သည်။ သို့သော် ဒါဟာ မဖြစ်နိုင်သည့်ကိစ္စတစ်ခုဖြစ်မှန်း သိပါသည်။

ဇော်တေဇဆိုသည့် ကျွန်တော့်ဘဝကိုယ်တိုင်က အမှောင်လွှမ်းနေခြင်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ သို့တည်းမဟုတ် အမှောင့်ပယောဂ တစ်ခုခုကြောင့်များ ကျွန်တော် ကံဆိုးမိုးမှောင်ကျမှုများနှင့်အတူ ပြဿနာတွေ ရင်ဆိုင်နေရတာလား...။

ကျွန်တော်က ခါးသီးစွာ တွေးတောရင်း ရှုရှုဇင်ကို ကျောခိုင်းကာ Locker ရှိရာသို့ ထွက်လာခဲ့သည်။

ဒီနေ့လို ပြဿနာမျိုးတွေနဲ့ နောက်ထပ် ရင်မဆိုင်ရပါစေနဲ့တော့...။

□



www.burmeseclassic.com

www.burmeseclassic.com





အခန်း (၅)

ကျောင်းပိတ်ရက်ဖြစ်သောကြောင့် ကျောင်းအဆောက်အဦ တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ အားကစားရုံမှ ကျောင်း အဆောက်အဦနှင့် တွဲလျက်ရှိပြီး ကျွန်တော်က လူသွေ့ခြောက်သော လမ်းအတိုင်း Locker ရှိရာသို့ လျှောက်လာခဲ့သည်။

လူသူကင်းမဲ့နေသဖြင့် ကိုယ့်ခြေသံကိုသာ တဖျပ်ဖျပ်နှင့် ကြားနေရပြီး ဟာလာဟင်းလင်းဖြစ်နေသော စာသင်ခန်းမများကလည်း လိုဏ်ခေါင်းကြီးများလို မည်းနက်ရှည်လျားလွန်းလှ၏။





ဒီနေ့ ဖူးဖူးဖင်သာ ရောက်မလာရင် ငါ့ကို ငှက်ကြီးက ကောင်းကောင်း အနိုင်ကျင့်ဦးမှာ...။ တော်သေးတယ်၊ သူရောက်လာတာ မြန်လို့။

ငါ ဘာလို့ ဒီလို အလွဲလွဲအချော်ချော်တွေ ဖြစ်နေရတာလဲ...။ နောက်ထပ်ရော ဒီစာသင်နှစ်အတွင်း ဘာပြဿနာတွေ ထပ်ရင်ဆိုင် နေရဦးမှာလဲ။

ကျွန်တော်က လေးလံသော အတွေးများနှင့်အတူ စင်္ကြံ ထောင့်ချိုးတစ်ခုကို ချိုးကွေ့လိုက်ရာ Locker တွဲများရှိသည့် နေရာသို့ ရောက်လာ၏။

Locker များထားရာ အခန်းတစ်ခုလုံး သင်္ဘောဆေးနံ့တွေ ထောင်းထောင်းထနေသည်။

အင်း... ကျောင်းပိတ်ရက်အတွင်း Locker တွေကို ဆေးပြန် သုတ်ထားတာ ထင်တယ်။

ထိုအတွေးနှင့်အတူ ကျွန်တော်က ကျွန်တော့် Locker ကို လှမ်းကြည့်လိုက်သည်။ သို့ရာတွင် ကျွန်တော့် Locker ကတော့ မူလ ဆေးရောင်အတိုင်း မွဲခြောက်ခြောက်သာ ရှိသေး၏။ တခြားသူတွေ၏ Locker များမှာ ဆေးရောင် သစ်သစ်လွင်လွင်တွေဖြင့် ကြည့်ရှုချင်စရာ ကောင်းနေသည်။

တစ်ဆယ့်သုံး ဆိုသည့် ကျွန်တော့် လော့ကာ (Locker) တစ်ခု သာ...။

ဒီ Locker နံပါတ်ကြောင့်များ ငါကံတွေ ဆိုးနေတာလား...



www.burmeseclassic.com

www.burmeseclassic.com



အဆက်အစပ်မရှိဘဲ ထိုအတွေးက ကျွန်တော့်ခေါင်းထဲသို့ ဝင်လာသည်။ ကျွန်တော်က သက်ပြင်းကို ဟူးခနဲ မှုတ်ထုတ်ရင်း Locker ရှိရာသို့ တစ်လှမ်းချင်း လျှောက်လာလိုက်၏။

ထိုစဉ် ခေါင်းထဲ၌ အကြံတစ်ခု လင်းလက်လာသည်။

ဟုတ်တယ်...၊ ငါ့ရဲ့ ကံကြမ္မာကို ပြုပြင်မှ ရတော့မယ်။

ကျွန်တော်က ပခုံးပေါ်တွင်လွယ်လာသော ကျောပိုးအိတ်ကို အောက်သို့ချကာ အထဲမှ ဆော့ဖ်ပင်နိုကို ထုတ်လိုက်သည်။ ကျွန်တော် Locker တံခါးကို ပြန်ပိတ်စဉ်က ဘတ်စကက်ဘောလေ့ကျင့်ရန် နောက်ကျနေသည့်အတွက် သေသေချာချာ မပိတ်ခဲ့ရပေ။ အခု လော့ကာ (Locker) တံခါးက ခပ်ဟဟ ပွင့်နေလေပြီ။ ထို့ကြောင့် ကျွန်တော်က တံခါးကို အသာအယာပြန်ပိတ်သည်။ ထို့နောက် လော့ကာ (Locker) ဟု အင်္ဂလိပ်လိုရေးထားသော စာတန်းရှေ့တွင် ကံကောင်းခြင်း (Lucky) ဆိုသည့် စာသားကို ထပ်ဖြည့်ရေးလိုက်၏။

အခုတော့ ကံကောင်းသောလော့ကာ တစ်ဆယ့်သုံး (Lucky Locker - 13) ဖြစ်သွားလေသည်။

ကိုယ် ယုံကြည်သည့်အတိုင်း လုပ်ခွင့်ရလိုက်သဖြင့် ပျော်ရွှင်မှုများနှင့်အတူ ကျွန်တော့်စိတ်တစ်ခုလုံး ပေါ့ပါးလန်းဆန်းသွား၏။

တကယ်တော့ တစ်ဆယ့်သုံးဆိုသည့် စကားလုံးများဖြင့် ဖွဲ့စည်းထားသော ဂဏန်းနံပါတ်တစ်ခုမှာ လူတွေကို အမှန်တကယ် ကံဆိုးစေခြင်းမှန်လျှင် ကံကောင်းခြင်းဆိုသော စကားလုံးများမှာလည်း အကျိုး သက်ရောက်မှု ရှိရမည်သာဖြစ်သည်။





ကျွန်တော်က ဆော့ဖ်ပင်နိုကို ကျောပိုးအိတ်ထဲသို့ ပြန်ထည့်နေ စဉ်မှာပင် အသက်ရှူသံလိုလို၊ နှာမှုတ်သံလိုလို အသံတစ်ခုကို တိုးသဲ့သဲ့ ကြားလိုက်ရသည်။

ထိုအသံမှာ ကျွန်တော့်လော့ကာ (Locker) ထဲမှ ထွက်ပေါ် နေသယောင်...။

ဘာသံပါလိမ့် ?

ကျွန်တော်က ဖေဖေဝါဖြင့် လော့ကာ (Locker) တံခါးရှက် အနားသို့ တဖြည်းဖြည်းချင်း တိုးကပ်ကာ နားထောင်ကြည့်လိုက်သည်။

သေချာပြီ...။ အထဲတွင် တစ်စုံတစ်ခု ရှိနေပေမည်။

အသက်ရှူသံလိုလို၊ ကုတ်ခြစ်သံတွေလိုလိုကိုပါ ကြားနေရ၏။

ဟင်... ဒါ... ဒါ ဘာအသံတွေလဲ...။

ထူးဆန်းသော အဖြစ်အပျက်များကြောင့် ကျွန်တော်က ကြောက်ရွံ့တုန်လှုပ်မှုများနှင့်အတူ စိတ်လှုပ်ရှားသွားမိသည်။ အသက်ကိုပင် ပြင်းပြင်းမရှူရဲတော့ချေ။ ကျွန်တော့်လော့ကာ (Locker) ထဲတွင် မည်သည့်အရာတွေ ရှိနေပြီလဲဆိုတာကိုလည်း အလွန်အမင်း သိချင်လာသည်။

ထို့ကြောင့် ကျွန်တော်က တုန်ယင်သောလက်များဖြင့် လော့ကာ (Locker) တံခါးကို ဆွဲဖွင့်လိုက်သည်။

“ဟင်!”

❑



www.burmeseclassic.com

www.burmeseclassic.com

အနက်ရောင် ကြောင်တစ်ကောင်။

အစိမ်းရောင် စူးရှရှမျက်လုံးနှစ်လုံးဖြင့် ကျွန်တော့်ကို စိုက်ကြည့်နေသည်။

ဘယ်... ဘယ်လိုလုပ် ငါ့လော့ကာ (Locker) ထဲကို ဒီကြောင် ရောက်နေတာလဲ။

ကျွန်တော်က ကိုယ့်မျက်လုံးပင် ကိုယ် မယုံနိုင်အောင် ဖြစ်သွားပြီး လော့ကာ (Locker) ထဲမှ အနက်ရောင်ကြောင်ကို ကြက်သေသေ ကြည့်နေမိ၏။

ထိုစဉ်မှာပင် လော့ကာ (Locker) ထဲမှကြောင်က အပြင်သို့ လွှားခနဲ ခုန်ထွက်လာသည်။ နောက်... ကျွန်တော့်ခြေထောက်ဘေးမှ ဖြတ်ကျော်ကာ အမှောင်ထဲသို့ လှစ်ခနဲ ပြေးဝင်ပျောက်ကွယ်သွားလေ၏။

"ဟူး... ဘာတွေလဲကွာ"

ကျွန်တော်က စိတ်ပျက်လက်ပျက်ဖြင့် သက်ပြင်းကို မှုတ်ထုတ်ရင်း ညည်းတွားရေရွတ်လိုက်မိသည်။

ဒီနေ့ တစ်နေကုန် စိတ်အနှောင့်အယှက်ဖြစ်စရာတွေနှင့်သာ ကြုံနေရသောကြောင့် ကျွန်တော်က အခုလို ညည်းတွားမိခြင်းဖြစ်သည်။ စဉ်းစားကြည့်လေ...။ ငှက်ကြီး၏ ကိုယ်ထိလက်ရောက် အနိုင်ကျင့်မှုကို ခံရသည့်အပြင် အခုလည်း ဘယ်ကဘယ်လို ရောက်လာမှန်းမသိသည့် ကြောင်တစ်ကောင်ကြောင့် ထိတ်ထိတ်ပျာပျာ ဖြစ်သွားရ၏။





ကျွန်တော်က စိတ်ညစ်ညူးစရာ အတွေးများကို ဆက်စဉ်းစား မနေတော့ဘဲ လော့ကာ (Locker) ထဲသို့ စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေး လိုက်သည်။

မည်သည့်သတ္တဝါမှ မရှိတော့ပေ။

ကျွန်တော့်ပစ္စည်းပစ္စယအချို့နှင့် ကျောင်းစာအုပ်တွေကိုသာ တွေ့ရသည်။ လိုချင်သည့် ပစ္စည်းအချို့ကို ထုတ်ပြီးသည့်နောက်တွင် လော့ကာ (Locker) တံခါးကို ဂရုတစိုက်နှင့် သေသေချာချာ ပြန်ပိတ် လိုက်၏။

"Lucky Locker - 13"

လော့ကာ (Locker) တံခါးရွက်ပေါ်တွင် ရေးထားသော ထို အင်္ဂလိပ်စာတန်းက ကျွန်တော့်မြင်ကွင်းထဲတွင် အရောင်တလက်လက် ဖြင့် ပေါ်လာလေသည်။

ဟုတ်တယ်။ ငါ့အတွက် ကံကောင်းစေမယ့် လော့ကာ(Locker) နံပါတ် တစ်ဆယ့်သုံးဖြစ်မှာပါ...။ ဒီနေ့ကစပြီး ငါ့အတွက် ကံဆိုးမှု ဆိုတာ မရှိတော့ဘူး။ အရာရာတိုင်း ပြောင်းလဲသွားလိမ့်မယ်။

နေ့ ရက်အနည်းငယ် ကျော်လွန်သွားသည့်တိုင် ကျွန်တော့် ကံကြမ္မာမှာ ထူးထူးခြားခြား ပြောင်းလဲလာခြင်း မရှိပေ။

အဲသည်နေ့က စာသင်ချိန်ပြီးဆုံးသွားသော်လည်း ကျွန်တော် က အိမ်မပြန်သေးဘဲ ကွန်ပျူတာအခန်းထဲသို့ လာခဲ့လိုက်သည်။

ရှူးရှူးဇင်က ကွန်ပျူတာဘက်ခန်းထဲသို့ ရောက်ရှိနေခဲ့ပြီး ကျွန်တော့်ကို မြင်သောအခါ...



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့… ဇော်ဝေဇ၊ ငါ ဘတ်စကက်ဘောပြိုင်ပွဲ သွားကြည့်မလို့ လိုက်ဦးမလား…"

ဟု ဆီးမေးလိုက်၏။ ကျွန်တော်က သူမကို ခေါင်းခါပြလိုက်ပြီး…

"ဟင့်အင်း… မလိုက်တော့ဘူး။ ငါ ဒီနေ့ လုပ်စရာရှိသေးတယ်"

"လိုက်ခဲ့ပါ… ဟာ၊ နင်ကလည်း ဘာလုပ်စရာရှိလို့လဲ"

ဖူးဖူးဇင်က ဖွတ်အတင်းခေါ်နေသော်လည်း ကျွန်တော့်မှာမူ လုပ်စရာကိစ္စရှိနေသေး၍ မလိုက်နိုင်ပေ။ ကျွန်တော်က သူမ အသုံးပြုနေသည့် ကွန်ပျူတာအနားသို့ သွားလိုက်ပြီး…

"နင်တစ်ယောက်တည်းပဲ သွားလိုက်ပါတော့ ဖူးဖူးဇင်ရယ်။ ငါ ဒီနေ့ ဒေါ်မြတ်မြတ်မိုးကို သူ့ကွန်ပျူတာ စစ်ဆေးပေးမယ်လို့ ကတိပေးထားလို့ပါ"

"ဒါဆိုလည်း ပြီးရော"

ဖူးဖူးဇင်က အလိုမကျဟန်ဖြင့် ပြောရင်း သူမ ကိုင်နေသော ကွန်ပျူတာကို ပိတ်ဖို့ ကြိုးစားနေ၏။ ထို့နောက် ကွန်ပျူတာရှေ့မှထကာ အားကစားရုံဘက်သို့သွားရန် ခြေလှမ်းပြင်လိုက်သည်။

ကျွန်တော်က…

"နင့်ရဲ့ သိပ္ပံအဖြေလွှာတွေ ပြန်ရပြီလား ဖူးဖူးဇင်။ ငါတော့ အမှားတွေများလို့ ထင်တယ်၊ အမှတ် သိပ်မကောင်းဘူး…"

ဖူးဖူးဇင်က ခြေလှမ်းကို တုံ့ခနဲရပ်ပြီး ကျွန်တော့်ဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်ရင်း…





"ငါပြောရင် နင် ယုံတောင် ယုံမှာ မဟုတ်ဘူး…။ ငါ စာလည်း သိပ်မကျက်ဘဲနဲ့ ဖြေတာ အမှတ်တစ်ရာ အပြည့်ရတယ်… ဟ…။ အဲဒါကြောင့် ငါ့ကိုယ်ငါတောင် အံ့ဩနေတာ…"

"မအံ့ဩပါနဲ့ဟာ…၊ နင်တော်လို့ နင်ရတာပဲ။ ငါဆို တစ်ပတ်တိတိ သိပ္ပံကို ကျက်ပြီး ဖြေတာတောင် ခုနစ်ဆယ့်လေးမှတ်ပဲရတယ်…"

ဖူးဖူးဇင်က ကျွန်တော့်စကားအဆုံးမှာပင် နှုတ်ဆက်ကာ ထွက်သွားလေသည်။ အဲသည့်နောက်မှ ကျွန်တော်က ဒေါ်မြတ်မြတ်မိုး ရှိရာ ကွန်ပျူတာခီသို့ လျှောက်လာလိုက်၏။

ကွန်ပျူတာဆရာမ ဒေါ်မြတ်မြတ်မိုးမှာ ကျွန်တော်နှင့် ဝါသနာတူသည်ဟု ဆိုရမည်။ ကွန်ပျူတာဖြင့် ကာတွန်းသက်ဝင်လှုပ်ရှားမှု (Animation) လုပ်ရသည်ကို ဝါသနာထုံပြီး ဖော်ရွေသည့် ဆရာမတစ်ဦး ဖြစ်သည်။ သူမက ကျွန်တော်တို့ ကျောင်းတွင်တော့ ကျောင်းသူ၊ ကျောင်းသားများကို ကွန်ပျူတာအခြေခံသင်ပေးရန်သာ ဖြစ်သည်။

သို့သော် ကျွန်တော့်အတွက်တော့ ကာတွန်းသက်ဝင်လှုပ်ရှားမှု (Animation) သင်ပေးသော ဆရာမ ဖြစ်သည်။

ကျွန်တော်က ဒေါ်မြတ်မြတ်မိုးအနားသို့ ရောက်သောအခါ…

"ဆရာမ…"

ဟု အသံပြုလိုက်သည်။ ဒေါ်မြတ်မြတ်မိုးမှာ ကျွန်တော်ကို အခုမှမြင်သွားပြီး ပြုံးပြကာ…



www.burmeseclassic.com

www.burmeseclassic.com



''ဆရာမ ကွန်ပျူတာက ပြင်လို့ပြီးသွားပါပြီကွယ်။ မနက်တုန်းက မင်းလိုပဲ ကွန်ပျူတာစက်ပြင်တတ်တဲ့ တပည့်လေးတစ်ယောက် လာပြင်ပေးသွားတာလေ...။ ဪ... ဒါနဲ့... မင်းလုပ်နေတဲ့ ကာတွန်းဇာတ်လမ်းလေး ပြီးသွားပြီလား...။ ဆရာမကိုလည်း ပြဦးလေ...''

ကျွန်တော်က သူမဘေးရှိ ကိုင်နေကျ ကွန်ပျူတာရှေ့တွင် ဝင်ထိုင်ရင်း...

''နောက် တစ်ရက်၊ နှစ်ရက်ဆိုရင် ဆရာမကို ပြလို့ရပါပြီ။ စိတ်တိုင်းမကျတာလေးတွေ ပြင်နေလို့ ဆရာမကို မပြသေးတာပါ...''

ဒေါ်မြတ်မြတ်မိုးက ကျွန်တော့်စကားကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေရင်း ကွန်ပျူတာဖြင့် ကာတွန်းဇာတ်ကောင်တစ်ကောင်ကို ဆွဲနေသည်။

ကျွန်တော်လည်း ကွန်ပျူတာကိုဖွင့်ကာ လေ့လာစရာရှိတာတွေ လေ့လာနေသဖြင့် သူမနှင့် ဆက်စကား မပြောဖြစ်တော့ချေ။

အတန်ကြာမှ ဒေါ်မြတ်မြတ်မိုးက...

''မင်းကို ဆရာမ အရေးကြီးတဲ့ စကားတစ်ခွန်း ပြောစရာရှိသေးတယ် ဇော်တေဇ''

ကျွန်တော်က ဒေါ်မြတ်မြတ်မိုးကို ဖျတ်ခနဲ လှမ်းကြည့်ရင်း ခေါင်းညိတ်ပြလိုက်သည်။ အရေးကြီးသည့် စကားဆိုသည့်အတွက်လည်း ရင်ထဲတွင် ထူးဆန်းစွာ ခံစားလိုက်ရ၏။

ဒေါ်မြတ်မြတ်မိုးက...

''ဆရာမ နောက်အပတ်ဆိုရင် ဒီကျောင်းကနေ အလုပ်ထွက်တော့မယ် ဇော်တေဇ''

''ဟင်... ဘာဖြစ်လို့လဲ''

မမျှော်လင့်ထားသော စကားကို ကြားလိုက်ရ၍ ကျွန်တော်က အံ့သြတကြီး ပြန်မေးလိုက်မိသည်။ ဒေါ်မြတ်မြတ်မိုး မရှိလျှင် ကျွန်တော် အလွန်တရာ ဝါသနာပါသော ကွန်ပျူတာဖြင့် ကာတွန်းဇာတ်ကောင်များ ဖန်တီးသည့် ဘာသာရပ်ကို သင်ပေးမည့်သူ မရှိတော့ပေ။

စိတ်ပျက်ဝမ်းနည်းမှုက ကျွန်တော့်ကို မည်းမှောင်မှိုင်းညို့သွားသည်။

''ကာတွန်း Animation ကုမ္ပဏီတစ်ခုမှာ အလုပ်ရလို့ပါကွယ်။ စာသင်ရတာထက် ဆရာမက ကာတွန်း Animation လုပ်ရတာကို ပိုပြီး ဝါသနာပါတယ်လေ...။ ဒါကြောင့် ဆရာမက အလုပ်ပြောင်းဖို့ ဆုံးဖြတ်လိုက်တာ ဇော်တေဇရဲ့''

ကျွန်တော်က မည်သည့်စကားလုံးများဖြင့် ပြန်ပြောရမည်ကိုပင် မသိတော့ဘဲ ဒေါ်မြတ်မြတ်မိုးကိုသာ နှမြောတသ ဝမ်းနည်းစွာဖြင့် ကြည့်နေမိသည်။

□





www.burmeseclassic.com

www.burmeseclassic.com





အခန်း (၆)

နောက်တစ်နေ့ နေ့လယ်ခင်း။

ကျွန်တော်က နေ့လယ် ကျောင်းဆင်းချိန်ရောက်သည်နှင့် ရေကူးကန်သို့ ထွက်လာခဲ့သည်။ ရေကူးကန်မှာ အားကစားရုံ နောက်ကျောဘက်တွင်ရှိပြီး ကျွန်တော် အမြဲသွားနေကျနေရာဖြစ်၏။

ကျန်းမာရေးနှင့် ညီညွတ်ပြီး စိတ်ကို လန်းဆန်းစေသော ရေကူးအားကစားသည် ကျွန်တော်၏ နောက်ထပ် ဝါသနာတစ်ခုပင်။ နွေရာသီကာလတစ်လျှောက်လုံး ရေကူးခြင်း၊ ကွန်ပျူတာဖြင့် ကာတွန်းဇာတ်ကောင်များ ရေးဆွဲခြင်းဖြင့်သာ ကျွန်တော့်အချိန်တွေ ကုန်လွန်ခဲ့ရသည်။



ရေကူးကန်ရှိရာ အဆောက်အဦထဲသို့ လှမ်းဝင်လိုက်သည်နှင့် တဗွမ်းဗွမ်း ရေကူးသံများ၊ ရေကူးနည်းပြဆရာ ဦးကျော်မြင့်၏ ဝီစီသံများ၊ အော်ဟစ်ညွှန်ကြားနေသံများကို စတင်ကြားလိုက်သည်။

ကျွန်တော်က လော့ကာ (Locker) ရှိရာအခန်းသို့သွားပြီး အဝတ်အစားလဲကာ ပြန်လာချိန်တွင်တော့ ရေကူးကန်ထဲ၌ ရေကူးနေသော ငှက်ကြီးကို တွေ့လိုက်ရသည်။

ဘာကြောင့်မှန်းမသိ။ ကျွန်တော်က ငှက်ကြီးကိုတွေ့တိုင်း မကောင်းဆိုးဝါးတစ်ကောင်ကောင်ကို တွေ့မြင်ရသည့်အလား ရင်ထဲတွင် မအီမသာ ဖြစ်သွားတတ်၏။

အခုလည်း ကျွန်တော်က စိတ်မသက်မသာဖြစ်စွာဖြင့် သက်ပြင်းရှည်ကြီးကို ချလိုက်မိသည်။

ကျွန်တော် ရေးကူးကန်ပေါင်ပေါ်သို့ ရောက်သည့်အခါတွင်တော့ ငှက်ကြီးက လှမ်းမြင်သွားပြီး ဒီနေ့အတွက် ပထမဆုံး စိတ်အနှောင့်အယှက်ဖြစ်စရာ စကားကို စတင်ကြားလိုက်ရ၏။

"ဟေ့... ချမ်ပီယံ အလောင်းအလျာကြီးပါလား...။ ရေကူးတာတော့ ကောင်မလေး အားကိုးနဲ့ မိုက်လို့မရဘူးနော်... ဟား... ဟား... ဟား..."

"ဟုတ်တယ်... ဟုတ်တယ်ကွ... ဟား... ဟား... ဟား..."

ငှက်ကြီး၏ အပေါင်းအပါတချို့ကပါ ကျွန်တော့်ကို ဝေ့အေ တစ်ကောင်လို ကြည့်ရင်း လိုက်လံလှောင်ပြောင် ရယ်မောလိုက်ကြသည်။

တော်ပြီ... တော်ပြီ...။ သူတို့ပြောသမျှကို လိုက်ပြီး စိတ်အနှောင့်အယှက်ဖြစ်ရရင် ငါ စိတ်ညစ်လို့ကို ဆုံးမှာမဟုတ်ဘူး...။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က ငှက်ကြီးတို့ပြောသမျှကို မကြားချင်ယောင်ဆောင်ကာ ရေကူးကန်ပေါင် ထောင့်တစ်နေရာသို့ ထွက်လာခဲ့၏။

ထိုစဉ် ရေကူးနည်းပြ ဆရာဦးကျော်မြင့်၏ ဝီစီသံနှင့်အတူ စကားသံကိုပါ ကြားလိုက်ရသဖြင့် ကျွန်တော့်ခြေလှမ်းတွေ အလိုလို ရပ်တန့်သွားသည်။

''နားထောင်ကြစမ်း...၊ အားလုံး တကယ့်ပြိုင်ပွဲလို သဘောထားပြီး ရေကူးပြိုင်ကြရမယ်။ တစ်ကနေ ငါးအထိ ရတဲ့ လူတွေကိုပဲ ဆရာက လာမယ့်ပြိုင်ပွဲတွေမှာ ဝင်ပြိုင်ဖို့ ခွင့်ပြုမယ်...။ ကျန်တဲ့လူတွေကတော့ ဆက်ပြီး လေ့ကျင့်ကြပေါ့...။ ပြိုင်ပွဲဝင်ပုံစံကတော့ အားလုံး ဝီစီသံကြားတာနဲ့ ဒိုင်ဗင်ထိုးပြီးရင် ရေကူးကန် နှစ်ခေါက်စီ ကူးကြရမယ်။ ကြိုက်တဲ့ ရေကူးနည်းကို သုံးနိုင်တယ်။ မရှင်းတာရှိကြလား...''

''မရှိပါဘူး... ဆရာ''

ထိုအဖြေစကားအဆုံးမှာပင် ရေကူးပြိုင်ရမည့် လူအားလုံး ရေကူးကန်ပေါင်ပေါ်တွင် ကိုယ်စီကိုယ်စီ နေရာယူလိုက်ကြသည်။

ငှက်ကြီးက ကျွန်တော့်ဘေးတွင် နေရာယူရင်း...

''မင်းကတော့ တစ်ကနေ ငါးအတွင်းမပြောနဲ့...ဘိတ်ချိုးကိုတောင် မနည်းရအောင်လုပ်ရမယ့် ကောင်ပဲ''

ဟု ရန်စလာသည်။ တစ်ဆက်တည်းဆိုသလို ငှက်ကြီးက တံတောင်နှင့်လည်း ကျွန်တော့်အရှိက်သားကို ဆတ်ခနဲ လှမ်းတွတ်လိုက်၏။

''အင့်!''





ကျွန်တော်က နာကျင်မှုနှင့်အတူ တစ်ချက် ညည်းတွားလိုက်ပြီး ငှက်ကြီးကို ဒေါသတကြီး လှည့်ကြည့်လိုက်သည်။

ကျွန်တော် သူ့ကို တစ်ခုခု တုံ့ပြန်မှ ဖြစ်တော့မည်။ ဒီလိုမှမဟုတ်ရင် အနိုင်ကျင့်ခံနေရသည့်ဘဝက ဘယ်တော့မှ လွတ်မြောက်နိုင်တော့မည် မဟုတ်ပေ။

ကျွန်တော်က ငှက်ကြီး၏မျက်နှာကို စုတ်ပြတ်သွားအောင် အထိ လက်သီးဖြင့် ထိုးရန် စဉ်းစားလိုက်သည်။ ထိုစဉ်မှာပင် ဆရာဦးကျော်မြင့်၏စကားသံကို ကြားလိုက်ရ၍ ကျွန်တော့်အတွေးများ ပြတ်တောက်သွား၏။

''ကဲ... အားလုံးအသင့်ပြင်''

ကျွန်တော်က ငှက်ကြီးထံမှ အကြည့်ကို ပြန်ခွာရင်း ဒိုင်ဗင်ထိုးရန် ခန္ဓာကိုယ်ကို ရှေ့သို့ ညွတ်ကိုင်းလိုက်၏။ ရင်ထဲတွင်တော့ ငှက်ကြီးကို မခံချင်စိတ်များက မီးတစ်စလို တောက်လောင်နေသည်။

''ရွှီ ...''

ဆရာဦးကျော်မြင့်က ဝီစီကို စတင်မှုတ်လိုက်၏။

ကျွန်တော်က အသက်ကို ခပ်ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်ပြီး ရေထဲသို့ ဒိုင်ဗင်ထိုးချရန် ပြင်လိုက်စဉ်မှာပင်...

''ဟာ!''

အားယူလှုပ်ရှားလိုက်သော ကျွန်တော့်ခြေအစုံက ရေစိုနေသော ရေကူးကန်ကြမ်းပြင် ကြွေပြားပေါ်တွင် ဟန်ချက်ပျက်ကာ ချော်ထွက်သွား၏။ ခန္ဓာကိုယ်မှာလည်း ကိုးရိုးကားရားဖြင့် ရေထဲသို့ ပြုတ်ကျသွားသည်။


www.burmeseclassic.com

www.burmeseclassic.com

“ဗွမ်း !”

“ဖူး… ဖလူး… ဖလူး…”

ကလိုရင်းနှံ့ ထောင်းထောင်းထနေသော ရေများမှာ ပါးစပ်၊ နှာခေါင်းထဲသို့ အလုံးအရင်းဖြင့် ဝင်လာပြီး ကျွန်တော့်အမြင်အာရုံ တစ်ခုလုံး ပျာခနဲ ဖြစ်သွားသည်။ အသက်ကိုပင် ကောင်းစွာ ရှူသွင်း၍ မရတော့။ ရင်တစ်ခုလုံးလည်း မွန်းကျပ်သည့် ဝေဒနာများဖြင့် ပြည့်နှက်သွား၏။ ကျွန်တော်က ထိုအခက်အခဲကို အရင်ပြေလည်အောင် ဖြေရှင်းပြီးသည့်နောက်

“သတိထားစမ်း… ဇော်ဝေဇ…။ ဘာမှမဖြစ်ဘူး… စိတ်ကို တည်ငြိမ်အောင်ထိန်းပြီး ရေပြန်ကူးစမ်း…။ မင်း နိုင်နိုင်သေးတယ်”

ဟု ကိုယ့်ကိုယ်ကိုယ် မာန်မဲကာ စိတ်အားတင်းလိုက်သည်။ ပြိုင်ဘက်များမှာ အတော်ဝေးဝေးသို့ ရောက်သွားပြီဖြစ်သော်လည်း ကျွန်တော်က ဖွဲမလျှော့ပေ။ ရှိသမျှအားကို ဖျစ်ညှစ်ကာ မီအောင်လိုက်ဖို့ ကြိုးစားလိုက်သည်။

ကူးထား… ကူးထား… ဒီထက်မြန်အောင် ကူးထား…။

ကျွန်တော်က အစွမ်းကုန်မြန်အောင် ကြိုးစားနေသော်လည်း နောက်ကျသွားခဲ့လေပြီ။ နှစ်ခေါက်ပြည့်၍ ပန်းဝင်ချိန်တွင်တော့ အဆင့်ခြောက်သာ ရရှိခဲ့လေသည်။

ငါ ဘာလို့များ ဒီလောက်တောင် ကံဆိုးနေရတာလဲ။ ခြေသာ မချော်ခဲ့ရင် အဆင့် ၅ အတွင်း ဝင်အောင် ကူးနိုင်မှာ။

ကံကြမ္မာဆိုးတွေရယ် ငါ့ဆီ မလာပါနဲ့တော့…။





ကျွန်တော်က ဝမ်းနည်းနာကြည်းစွာဖြင့် စိတ်ထဲကနေ ဆုတောင်းမိလိုက်သည်။ ရင်တစ်ခုလုံးလည်း ရှက်ရွံ့မှုများ၊ ခံပြင်းစိတ်များဖြင့်သာ ဝုန်းဒိုင်းကြဲနေ၏။

ခပ်လှမ်းလှမ်းမှ ငှက်ကြီး၏ လှောင်ပြောင်ပြောဆိုနေသော စကားသံကလည်း နားထဲတွင် ပျားပိတုန်းတစ်ကောင် ပျံဝဲနေသလို စိတ်အနှောင့်အယှက်ဖြစ်စရာ ကောင်းလှသည်။

သူထင်သလို ငါဟာ တကယ့် အူကြောင်ကြောင် သတ္တဝါ တစ်ကောင် ဖြစ်နေပြီလား…။

ကျွန်တော်က ခေါင်းငိုက်စိုက်ချကာ အဝတ်လဲခန်းသို့ ထွက်လာခဲ့မိသည်။ ကျွန်တော့်အတွက် ကံဆိုးမှုများ၊ လှောင်ပြောင် ရယ်မောသံများနှင့်သာ ပြည့်နှက်နေသောနေရာတွင် ကြာကြာမနေသင့်တော့ပါ။

ငါ့ထက် ဒီကမ္ဘာပေါ်မှာ ကံဆိုးတဲ့လူဆိုလို့ ဖိုးလုံးပဲ ရှိတော့တယ် ထင်တယ်။ ဒါတောင် ဖိုးလုံးက မိဘမဲ့ကလေးဖြစ်နေလို့…။ နို့မို့ဆို ငါ့ထက်တောင် ကံကောင်းချင် ကံကောင်းနေဦးမှာ…။

ကျွန်တော်က ဘဝနှင့်ချီပြီးပါ စိတ်ပျက်ဝမ်းနည်းလာမိသည်။ အမြဲတမ်း ဒီလိုလွဲချော်မှုတွေနှင့်သာ ရှေ့ဆက်သွားနေရတော့မှာလား…။

အဝတ်လဲခန်းအတွင်းရှိ မှောင်မိုက်နေသော အလင်းရောင်လို ကျွန်တော့်အတွေးများမှာလည်း မည်းမှောင်သွေ့ခြောက်နေသည်။

ကျွန်တော်က အဝတ်လဲခန်းအတွင်းသို့ ဝင်ကာ ကိုယ်လက်သန့်စင်ပြီး အဝတ်အစားလဲလှယ်လိုက်သည်။ ထို့နောက် ဖရိုဖရဲဖြစ်နေသော ဆံပင်များကို ဘီးဖြီးရန် မှန်ရှိရာသို့ လာခဲ့လိုက်၏။

“ဟင်!”



www.burmeseclassic.com

www.burmeseclassic.com



မှန်မှာ တစ်စုံတစ်ယောက်ကြောင့် အက်ကွဲနေသောကြောင့် ကျွန်တော် တအံ့တသြ ဖြစ်သွားရသည်။ သို့သော် ကြာကြာအံ့သြမနေတော့ပါ။ ကျောင်းတွေ၊ အားကစားရုံတွေမှာ ဒီလိုမျိုး မကြာခဏ ဖြစ်လေ့ရှိသည် မဟုတ်လား...။

ကျွန်တော်က နံရံပေါ်တွင် ချိတ်ထားသော ဘီးကိုယူကာ မှန်ကို ကြည့်လိုက်သည်။ မှန်ထဲမှ ကျွန်တော့်ရုပ်သွင်ကို မြင်ရသည့်အခါမှာတော့ အံ့သြထိတ်လန့်မှုနှင့်အတူ ပါးစပ်အဟောင်းသားပင် ပွင့်သွားလေတော့၏။

ဒါ... ဒါ... ဘယ်လိုဖြစ်တာလဲ...။ တစ်ခုခုတော့ မှားနေပြီ...။

ကျွန်တော်က သုံးလေးကြိမ်မျှ မျက်တောင်ခတ်ကာ မှန်ကို သေချာစွာ ပြန်ကြည့်လိုက်သည်။

တကယ်ပင်... မှန်ထဲမှမြင်ရသည့် ကျွန်တော့်မျက်လုံးတွေမှာ ပုံမှန်အတိုင်း မဟုတ်တော့ပေ။ မကောင်းဆိုးဝါးတစ်ကောင်၏ မျက်လုံးများလို နီရဲတောက်လောင် စူးရှနေလျက်။

ဟင့်အင်း... ဟင့်အင်း... ဒါ ငါ့မျက်လုံးမဟုတ်ဘူး...။

တုန်လှုပ်စရာ အဖြစ်ဆိုးကြောင့် နေရာမှာပင် အသက်ဝိညာဉ် လွင့်စင်သွားတော့မလို ခံစားလိုက်ရပြီး ကျွန်တော့်တစ်ကိုယ်လုံး လဲပြိုကျတော့မတတ် ယိမ်းခါသွားလေ၏။

ထိုစဉ်မှာပင် မှန်ထဲမှမြင်နေရသော ကျွန်တော့်မျက်လုံးနှစ်လုံးမှာ မီးတောက်မီးလျှံများလို အရှိန်ညီးညီးတောက်လောင်လာပြီး နီရဲစူးရှနေသော အလင်းများ တဖျပ်ဖျပ် လင်းလာလေသည်။



ကျွန်တော် ကြောက်စိတ်ကို တင်းမခံနိုင်ပေ။ ထိတ်လန့်တုန်လှုပ်မှုများ၊ သွေးပျက်ချောက်ချားမှုများဖြင့် အာခေါင်ခြစ်ကာ အော်ဟစ်မိလိုက်တော့လေသည်။

"အား !!!"

❑



www.burmeseclassic.com



အခန်း (၇)

ကြောက်လန့်စွာဖြင့် ကျွန်တော် အဆက်မပြတ် အော်ဟစ်နေမိသည်။ မျက်လုံးအစုံကိုလည်း တင်းတင်းပိတ်ထားမိ၏။

နောက်ကျောဘက်ဆီမှ တဘုတ်ဘုတ်ပြေးလာသော ခြေသံများကို ကြားရမှ ကျွန်တော်က ဆတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

ရေကူးနည်းပြ ဆရာဦးကျော်မြင့်က ကျွန်တော့်အနားသို့ အမောတကော ရောက်လာပြီး...

''ဘာဖြစ်တာလဲ... ဇော်တေဇ''

ဟု စိုးရိမ်တကြီး မေးလေသည်။ သူ့နောက်မှ ငှက်ကြီးပါ ပြေးလာပြီး အဝတ်လဲခန်းအတွင်းသို့ ဝင်လာ၏။

ကျွန်တော်က အကြောက်မပြေသေးဘဲ တုန်တုန်ယင်ယင်ဖြင့်...

''ဆ... ဆရာ... ကျွန်တော့် မျက်လုံးတွေ... မျက်လုံးတွေ... နီရဲနေပြီ''

ဟု ထစ်ငေါ့စွာ ပြန်ပြောလိုက်သည်။ စိတ်လှုပ်ရှားမှုများနေသောကြောင့် ဒီထက်ပိုပြီး ကျွန်တော် ဘာမှမပြောနိုင်ချေ။ တဒိန်းဒိန်းနှင့် ခုန်နေသော ရင်ခုန်သံက နားထဲတွင် ကျယ်လောင်နေသည်။ တစ်ကိုယ်လုံးမှာလည်း ကြမ်းပြင်ပေါ်သို့ လဲပြိုကျတော့မတတ် တဆတ်ဆတ် တုန်ယင်နေလျက်။

ကျွန်တော့်စကားအား ကြားသောအခါ ဦးကျော်မြင့်က စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကို ခါယမ်းလိုက်သည်ကို တွေ့လိုက်ရသည်။

သူက...

''ဩော်... ဘာများလဲလို့ ဇော်တေဇရယ်၊ ဆရာက မင်းအတွက် စိုးရိမ်သွားတာပဲ။ မျက်စိတွေ ရဲနေတယ်ဆိုတာ ရေကူးကန်ထဲက ကလိုရင်းပါတဲ့ ရေနဲ့ ထိလို့ ရဲတာလေ။ ခဏလောက်နေရင် ပုံမှန်ပြန်ဖြစ်သွားမှာပေါ့''

''မဟုတ်ဘူး... မဟုတ်ဘူး... ဆရာ။ ကျွန်တော့်မျက်လုံးတွေက အဲဒီလိုရဲတာ မဟုတ်ဘူး''

ကျွန်တော်က ဆရာဦးကျော်မြင့် အမိပ္ပာယ်ကောက် လွဲသွားသည်ထင်ပြီး အသည်းအသန် ရှင်းပြလိုက်သည်။ ကျွန်တော် ဘယ်လိုပြောပြော ဆရာဦးကျော်မြင့်က ခေါင်းကို ခါယမ်းနေလျက်ပင်။ ငှက်ကြီးကလည်း ကျွန်တော့်ကို အထင်သေး အမြင်သေးမျက်လုံးဖြင့် ကြည့်နေသည်။


www.burmeseclassic.com

www.burmeseclassic.com

ငါ့မျက်လုံးတွေ ဒီလောက်ရဲနေတာကို ဘာလို့ သူတို့ မမြင်ကြတာလဲ။

ကျွန်တော်က သေချာအောင် မှန်ရှေ့သို့ ကိုင်းညွတ်ကာ ကြည့်လိုက်သည်။

''ဟင်!''

ဒါ... ဒါ ဘယ်လိုဖြစ်တာလဲ။

ကျွန်တော့်မျက်လုံးများမှာ ခုနက မှန်ထဲတွင် မြင်ခဲ့ရသလို မဟုတ်တော့။ ပုံမှန်အတိုင်းပင်။ မည်သည့်အလင်းရောင် နီရဲရဲများကိုလည်း မတွေ့ရတော့ပေ။

ကျွန်တော် ဘယ်လိုမှ ဆက်စပ်တွေးခေါ်လို့မရအောင် ဖြစ်သွားသည်။

ငါ... အမြင်မှားခဲ့တာလား...။

မမှားဘူး... ငါ လုံးဝမမှားဘူး။ ငါ့မျက်လုံးတွေ မီးကျည်မီးခဲတွေလို နီရဲလာတာ မျက်စိနဲ့ တပ်အပ်တွေ့လိုက်ရတာ...။

ဒါဆို အခုဘာကြောင့် မရဲတော့တာလား...။

ကျွန်တော့်မှာ အဖြေမရှိ။ ကျိုးစယ်တတ်သော နတ်ဆိုးတစ်ကောင်ကောင်ရဲ့ လက်ချက်ကြောင့်လို့ ဆိုရမည့်ပုံပင်။

အဖြေမဲ့သော မေးခွန်းများနှင့်အတူ နောက်သို့ လှည့်ကြည့်လိုက်သောအခါ ထူထူဆန်းဆန်း သတ္တဝါတစ်ကောင်ကို မြင်နေရသည့် အလား ဆရာဦးကျော်မြင့်နှင့် ငှက်ကြီးက ကျွန်တော့်ကို စိုက်ကြည့်နေကြသည်။





ကျွန်တော် သူတို့ကို အရှက်ပြေ ပြုံးပြလိုက်ရမလား... ဒါမှမဟုတ် ကျွန်တော့်ကြောင့် အလန့်တကြား ဖြစ်ခဲ့ရသည့်အတွက် တောင်းပန်လိုက်ရမလား...။

ကျွန်တော် မစဉ်းစားတတ်တော့ပေ။ ရင်ထဲမှ ဆန္ဒတစ်ခုကိုသာ ဆုတောင်းလိုက်မိတော့သည်။

နောက်တစ်ခါ ဒီလိုမျိုးအကြည့်တွေနဲ့ အကြည့်မခံရပါစေနဲ့တော့...။

❑


www.burmeseclassic.com

www.burmeseclassic.com



ညစာစားချိန်တွင်လည်း ကျွန်တော်က တစ်ချိန်လုံး သည်အကြောင်းတွေကိုသာ စဉ်းစားတွေးတောနေမိသည်။

ဒီကိစ္စဟာ တစ်ခုခု မှားယွင်းနေတယ်ဆိုတာ သေချာတယ်။ မှန်ကြောင့်လား… ငါ အမြင်မှားလို့လား…။ ပြီးတော့ ဆရာဦးကျော်မြင့်တို့ ရောက်လာမှ ငါ့မျက်လုံးတွေက ဘာလို့ ပုံမှန်အတိုင်း ပြန်ဖြစ်သွားရတာလဲ…။

တစ်ခုခုတော့ တစ်ခုခုပဲ…။

ကျွန်တော့်အတွေးတွေနှင့် လွင့်မျောနေစဉ်မှာပင် မေမေက ကြက်သားဟင်းတစ်ဖတ်ကို လှမ်းထည့်ပေးရင်း…

''ဟဲ့… သား၊ ငူငူငိုင်ငိုင်နဲ့ ဘာဖြစ်နေတာလဲ…''

''ဟုတ်တယ်… မြင့်…၊ ငါလည်း မင်း သားကိုကြည့်နေတာ ကြာပြီ…။ ဟင်းမပါဘဲ ထမင်းအဖြူထည်ကြီးကိုပဲ တစ်ဇွန်း ပြီးတစ်ဇွန်း ခပ်စားနေတယ်လေ…''

ဖေဖေကပါ ကျွန်တော့်အခြေအနေကို သတိပြုမိသွားကာ ဝင်ပြောလိုက်သည်။ ဟုတ်တော့လည်း ဟုတ်သည်။ ကျွန်တော်တို့ မိသားစုမှာ လူဦးရေ များများစားစားမရှိသဖြင့် တစ်ယောက်ယောက် စကားမပြောလျှင် အလွန်သိသာလှ၏။





အခုလည်း ကျွန်တော်က တစ်ချိန်လုံး နှုတ်ဆိတ်ကာ တောင်တောင်အီအီ စဉ်းစားနေသောကြောင့် ဖေဖေနှင့်မေမေက ပြောခြင်းဖြစ်သည်။

ကျွန်တော်က…

''ဘာမှမဖြစ်ပါဘူး မေမေရယ်၊ သားလုပ်နေတဲ့ ကာတွန်းဇာတ်လမ်းကို အပြီးသတ်ဖို့ စဉ်းစားနေတာပါ''

ဟု လိမ်လွှဲပြောကာ ဟင်းရည်တစ်ဇွန်းကို ခပ်သောက်လိုက်သည်။ ဖေဖေကတော့ ကျွန်တော့်အဖြေစကားကို သိပ်ဘဝင်ကျပုံ မပေါ်ချေ။

''အဲဒါကြောင့် ပြောတာပေါ့…။ သားကို ဖေဖေ ကွန်ပျူတာ ဝယ်ပေးလိုက်တာ မှားပြီလို့။ အရင်တုန်းကဆို မိသားစု သုံးယောက် စုံစုံညီညီနဲ့ တီဗီဇာတ်လမ်းတွေ ဘာတွေ ကြည့်ရသေးတယ်။ အခုတော့ သားက ကျောင်းကပြန်ရောက်လာတာနဲ့ ကွန်ပျူတာ ပြေးဖွင့်တော့တာပဲ''

ကျွန်တော်က ဖေဖေ့စကားကို ဘာမှ မတုံ့ပြန်ဘဲ ငြိမ်နေလိုက်၏။ သည်လိုမှ မလုပ်လျှင် ပြဿနာက ပိုရှုပ်ထွေးကုန်လိမ့်မည်။

အခုပင် ဖေဖေက ကွန်ပျူတာကိစ္စကို ဆက်ပြောရန် ပါးစပ်ပြင်နေစဉ် မေမေက ဖိုးလုံးအကြောင်းကို ဝင်ပြောလိုက်သဖြင့် ကျွန်တော် သက်သာရာ ရသွားသည်။

''သိလား… ကိုအောင်ရေ ကျွန်မ ဈေးကပြန်လာတော့ ဖိုးလုံးနဲ့တွေ့ခဲ့တယ်။ သူက ကျွန်မကို တွေ့တွေ့ချင်း သူ့ကို ကျောင်းထားပေးပါလို့ ပူဆာနေတယ်လေ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား... သနားစရာပဲကွာ။ ဒါဆိုလည်း ဒီနှစ် ကျောင်းဖွင့်ရင် သူ့အတွက် ကျောင်းစရိတ် ထုတ်ပေးလိုက်ပေါ့။ တို့လည်း ကုသိုလ်ရပါတယ်"

ဖေဖေနှင့်မေမေက ဖိုးလုံးအကြောင်းကို ဆက်ပြောနေစဉ်မှာပင် ကျွန်တော်က ထမင်းကို လက်စသတ်စားပြီး အပေါ်ထပ်သို့ တက်လာခဲ့သည်။ အိပ်ခန်းထဲသို့ ရောက်သည့်အခါ ကျွန်တော်က ကွန်ပျူတာကို ဖွင့်လိုက်၏။

နွေရာသီကတည်းက လုပ်လာခဲ့ရသော ကာတွန်းသက်ဝင်လှုပ်ရှားမှု (Animation) ဇာတ်လမ်းကို ဒီအတိုင်း တစ်ယောက်တည်း လုပ်၊ တစ်ယောက်တည်း ထိုင်ကြည့်နေ၍ ဘာမှထူးခြားလာမည် မဟုတ်ပါ။ ကျွမ်းကျင်တတ်ကျွမ်းသည့် လူတစ်ယောက်ယောက်ကိုပြကာ အကြံဉာဏ်တောင်းခံမှ လိုအပ်ချက်တွေကို သိလာရမည်ဖြစ်သည်။

ထို့ကြောင့် ကျွန်တော်က ဆရာမ ဒေါ်မြတ်မြတ်မိုး အလုပ်မထွက်ခင် သည်ကာတွန်းသက်ဝင်လှုပ်ရှားမှု (Animation) ဇာတ်လမ်းကို ပြီးချင်နေခြင်းဖြစ်သည်။

ကျွန်တော် ကွန်ပျူတာရှေ့တွင် ဝင်ထိုင်လိုက်စဉ်မှာပင် ဖုန်းမြည်လာ၏။

"ကလင်... ကလင်..."

ဘယ်သူ ဆက်တာပါလိမ့် ?

ကျွန်တော်က တယ်လီဖုန်းရှိရာသို့ သွားကာ ဖုန်းခွက်ကို ကောက်ကိုင်လိုက်သည်။ တစ်ဖက်မှ ဖုန်းဆက်သူမှာ ဖူးဖူးဇင်ဖြစ်၏။ သူမ၏အသံမှာ ခါတိုင်းထက် ပိုပြီး ရွှင်မြူးတက်ကြွနေသည်။



"ဟဲ့... ဇော်တေဇ... နင် အခု အားလား။ အားရင် ငါ့အိမ်ကို လာခဲ့စမ်းပါဟာ...။ အခုချက်ချင်း လာခဲ့စမ်းပါ"

"ဘာလို့ လာခဲ့ရမှာလဲ... ဟ၊ ငါ့ကိုလည်း ပြောဦးလေ"

ဖူးဖူးဇင်မှာ စိတ်လှုပ်ရှားလွန်းနေ၍ ထင်သည်။ အသံတွေပင် တုန်ယင်နေ၏။ သူမက ကျွန်တော့်အမေးကို ချက်ချင်း ပြန်မဖြေသေးဘဲ စိတ်ကိုတည်ငြိမ်အောင် ကြိုးစားနေပုံရသည်။ ပြီးမှ...

"ငါ အမြဲတမ်းသုံးနေတဲ့ ရေမွှေးကုမ္ပဏီက ကံစမ်းမဲဖောက်ပေးတာ၊ ငါ ငွေသားဆုပေါက်တယ် သိလား... ဇော်တေဇ"

"အိုး!... ဟုတ်လား... ဝမ်းသာစရာပဲ"

"ဟုတ်တယ်... ဇော်တေဇ... ငါ ငွေ ငါးသိန်းဆုတောင် ပေါက်တယ်... အခု ငါ ပျော်လွန်းလို့ ဘာလုပ်လို့ လုပ်ရမှန်းတောင် မသိတော့ဘူး..."

ငါးသိန်းဆိုသော စကားကြောင့် ကျွန်တော်ပင် စိတ်လှုပ်ရှားသွားပြီး စကားကို ချက်ချင်း ပြန်မပြောနိုင်တော့ပေ။ ရင်ထဲတွင်လည်း ကျွန်တော်ကိုယ်တိုင် ကံစမ်းမဲပေါက်သလို ဝမ်းသာကြည်နူးမိသွားသည်။

ဖူးဖူးဇင်ကတော့ ကြည်နူးရွှင်ပျနေသော အသံဖြင့် ဆက်ဖြေသည်။

"နင် မွေးနေ့ကျရင် ဘာလိုချင်လဲ ဇော်တေဇ။ နင်လိုချင်တာ ငါ ဝယ်ပေးမယ်"

ကျွန်တော်က ထိုအမေးကို စဉ်းပင်မစဉ်းတော့ဘဲ ချက်ချင်း အဖြေပြန်ပေးလိုက်သည်။ ထိုအရာမှာ ကျွန်တော် သူမဆီမှ အနှန်တကယ်လိုချင်နေသော အရာတစ်ခုလည်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ… နင့်ရဲ့ကံကြမ္မာကို လိုချင်တယ် ဖူးဖူးဖင်"

ကျွန်တော့်စကားကို ကြားသောအခါ ဖူးဖူးဖင်က တခစ်ခစ်နှင့် ရယ်မောလေသည်။

ဟုတ်တယ်လေ… ဒီလောက် အမြဲတမ်းကံကောင်းနေတဲ့ သူမရဲ့ ကံကြမ္မာကို ဘယ်သူက မလိုချင်ဘဲ ရှိပါ့မလဲ။ အထူးသဖြင့် ကျွန်တော့်လို ကံဆိုးနေတတ်သူတစ်ယောက်အဖို့ သူမ၏ ကံကောင်းမှုများမှာ ဆုလာဘ်တစ်ပါးပင်။

ဖူးဖူးဖင်ကတော့ ကျွန်တော့်ကို နောက်ပြောင်နေသည်ဟု ထင်ကောင်း ထင်သွားပေလိမ့်မည်။ သို့ရာတွင် ကျွန်တော်က ထိုစကားကို အမှန်တကယ် အလေးအနက်ထားပြီး ပြောခြင်းဖြစ်သည်။

ဖူးဖူးဖင်က တခစ်ခစ်ရယ်မောနေရာမှ ရပ်ကာ…

"နင် မနက်ဖြန် ကျောင်းလာမှာလား…"

ဟု အဆက်အစပ်မရှိဘဲ မေးလိုက်၏။ ထိုအမေးကြောင့် ကျွန်တော်ပင် ကြောင်သွားပြီး…

"ဟာ… နင်ကလည်း ဖျားနေ၊ နာနေတာမှ မဟုတ်တာ…။ ကျောင်းတော့လာမှာပေါ့… ဘာဖြစ်လို့ မေးတာလဲ"

"ခစ်… ခစ်… ခစ်… မသိဘူးလေ။ နင်က ဆယ့်သုံးဂဏန်းဆို သေမလောက်ကြောက်တော့ ငါက မေးကြည့်တာပါ"

"ဟင်… ဘာမှလည်း မဆိုင်ဘူး။ အသားလွတ်ကြီးပါလား…"

ကျွန်တော်က ဖူးဖူးဖင်ကို မဆီမဆိုင် ပြောနေသည်ထင်ပြီး မကျေမနပ် ဖြစ်သွားမိသည်။ သို့သော် မဟုတ်ပါ။ ဖူးဖူးဖင် ဆက်ပြောလာမှ သိခဲ့ရသည်။





"ဩော်… နင်ကလည်း ငါက မဆိုင်ဘဲနဲ့ ပြောပါ့မလား…။ ပြက္ခဒိန်လည်း သေသေချာချာ ကြည့်ကြည့်ဦး။ မနက်ဖြန် ဆယ့်သုံးရက်နေ့ သိရဲ့လား။ ငါက နင် ဆယ့်သုံးရက်နေ့ဆိုပြီး ကျောင်းကို မလာဘဲနဲ့ ခုတင်အောက်မှာ ဝင်ပုန်းနေမယ် ထင်လို့မေးတာ… သိပြီလား…"

"မပိုပါနဲ့ ဖူးဖူးဖင်ရယ်… ငါ အဲဒီလောက်ထိ မမိုက်မဲပါဘူး။ ငါ့မှာလည်း ကြေးပြားဝိုင်းအဆောင်လေး ရှိတာပဲ။ အဲဒါ ဆောင်ပြီးလာရင် ငါ ကံမဆိုးလောက်ပါဘူး…။ ပြီးတော့ မနက်ဖြန်ကျရင် ဘတ်စကက်ဘော လေ့ကျင့်ခန်းဆင်းရမယ့် နေ့လေ…"

ဖူးဖူးဖင်က ကျွန်တော့်စကားကို သဘောကျသွားပြီး တခစ်ခစ် ရယ်မောနေပြန်သည်။ သူမအတွက်တော့ အရာရာတိုင်းဟာ ရယ်မောပျော်ရွှင်စရာတွေကြီးပဲ ဖြစ်နေသည် ထင်၏။

နောက် စကားအနည်းငယ် ပြောပြီးသည့် အချိန်တွင်တော့ သူမက ကျွန်တော့်ကို နှုတ်ဆက်ကာ ဖုန်းကို အရင်ချသွားလေသည်။

ကျွန်တော်ကတော့ ညဉ့်နက်သည်အထိ မအိပ်သေးဘဲ ကာတွန်းဇာတ်လမ်းလေးကို အပြီးသတ်လုပ်နေခဲ့၏။

ည ဆယ့်နှစ်နာရီကျော်မှ ကျွန်တော် အိပ်ရာဝင်ခဲ့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



အဲသည်နေ့ညက ကျွန်တော် အိပ်မက်တစ်ခု မက်ခဲ့သည်။

အိပ်မက်ထဲတွင် ကျွန်တော်က ကျွန်တော့်လော့ကာ (Locker) တစ်ဆယ့်သုံး ရှေ့သို့ ရောက်နေသည်။ လော့ကာ (Locker) တံခါးရွက်ပေါ်တွင် မည်သူ လာကပ်ထားမှန်းမသိသည့် ပြက္ခဒိန်တစ်ခု။

ထိုပြက္ခဒိန်ထဲတွင်လည်း တစ်ဆယ့်သုံးရက်နေ့ဆိုသည့် ရက်စွဲကို မင်နီဖြင့် ဝိုင်းထားလေ၏။ ကျွန်တော်က စိတ်ဆိုးမာန်ဆိုးဖြင့် ထိုပြက္ခဒိန်ကို ဆွဲခွာလိုက်သောအခါ လော့ကာ (Locker) ထဲမှ ကြက်သီးထချင်စရာ ညည်းညူရှေ့ရှုတ်သံတစ်သံကို ကြားလိုက်ရသည်။ ကျွန်တော့်လော့ကာ (Locker) ထဲတွင် တစ်စုံတစ်ယောက် ရောက်ရှိနေသလိုမျိုး။

ကျွန်တော်က သိလိုစိတ်ဖြင့် လော့ကာ (Locker) တံခါးကို ဆတ်ခနဲ ဆွဲဖွင့်လိုက်သည်။ သို့သော် လော့ကာ (Locker) တံခါးရွက်မှာ မီးလောင်တိုက် အသွင်းခံထားရသလို ချစ်ချစ်တောက် ပူနေသည်။

လော့ကာ (Locker) ထဲမှ ကြက်သီးထချင်စရာ အော်ဟစ်ညည်းညူနေသံမှာလည်း တဖြည်းဖြည်း ပီသရှင်းလင်းလာ၏။

''ငါ့ကို အပြင်ထုတ်ပေးပါ... ငါ့ကို အပြင်ထုတ်ပေးပါ''

ဘယ်သူလဲ...။ အဲဒါ ဘယ်သူလဲ။

ကျွန်တော်က အပူဒဏ်ကိုပင် ဂရုမစိုက်တော့ဘဲ လော့ကာ (Locker) တံခါးကို ဝုန်းခနဲ ဆွဲဖွင့်လိုက်သည်။

အထဲတွင်တော့ လူတစ်ယောက်...။





မီးကျည်မီးခဲများလို ရဲရဲနီနေသည့် မျက်လုံးနှစ်လုံးက အမှောင်ထဲတွင် တလက်လက် တောက်ပနေသည်။ ကြမ်းတမ်းရှည်လျားသော ဆံပင်များ ဖုံးအုပ်ထားသည့် မျက်နှာကလည်း မကောင်းဆိုးဝါးတစ်ကောင်အလား...။

ကျွန်တော်က ထိုလူကို မြင်မြင်ချင်း လန့်မအော်မိစေရန် ကိုယ့်ပါးစပ်ကို ကိုယ် အမြန်အုပ်လိုက်ရသည်။

အဘယ်ကြောင့်ဆိုသော် လော့ကာ (Locker) ထဲမှ ကြောက်မက်ဖွယ်ရာ ရုပ်သွင်နှင့်လူကား ကျွန်တော်ကိုယ်တိုင်ပင် ဖြစ်လေတော့သည်။


❑



www.burmeseclassic.com

www.burmeseclassic.com






## အခန်း (၈)

ဖြာကျနေသော နံနက်ခင်း နေရောင်ခြည်က စိမ်းစိုနေသော ပင်လယ်ကဗွီးပင်များကို နွေးထွေးစွာ ပွေ့ပိုက်ထားသည်။ တက်ကြွလန်းဆန်းနေသော ကျောင်းသား၊ ကျောင်းသူများမှာ ရွှင်မြူးပြုံးပျော်စွာဖြင့် ကျောင်းဝန်းအတွင်းသို့ တဖွဲဖွဲ ဝင်လာကြသည်။

ကျွန်တော်ကတော့ ကျောင်းသား၊ ကျောင်းသူများကြားတွင် ဦးတည်ရာကင်းမဲ့နေသလို လိုက်လံမျောပါနေမိ၏။

ငါ့အိပ်မက်က ဘာဖြစ်လို့များ ဒီလောက် ကြောက်စရာကောင်းနေရတာလဲ...။ ဒါဟာ သွေးလေချောက်ချားလို့မက်တဲ့ အိပ်မက်လား... ဒါမှမဟုတ် ငါ တကယ်ဖြစ်မှာကို ကြိုတင်အသိပေးတဲ့ အိပ်မက်လား...။





ကျွန်တော်က ညတုန်းကမက်ခဲ့သည့် အိပ်မက်ဆိုးအကြောင်းကို အပူတပြင်း စဉ်းစားရင်း လော့ကာ (Locker) ရှိရာသို့ လျှောက်လာခဲ့သည်။ ကျောင်းသားအချို့ ရယ်ရယ်မောမောဖြင့် လော့ကာ (Locker) အခန်းထဲမှ ထွက်လာသည်။

ကျွန်တော်က လော့ကာ (Locker) ထားရာအခန်းထဲသို့ ဝင်လာပြီး ကိုယ်ပေါ်မှ ဝတ်လာသော ဂျင်းဂျာကင်ကို ချွတ်လိုက်၏။

ထိုစဉ်မှာပင် ကျွန်တော့်၏မျက်လုံးများက လော့ကာ(Locker) တံခါးပေါ်သို့ ရွေ့လျားသွားသည်။

"ဟင်!"

မြင်လိုက်ရသော မြင်ကွင်းကြောင့် ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံး မိုးကြိုးအစင်းပေါင်းများစွာ ပစ်ချခံလိုက်ရသကဲ့သို့ တုန်ခါသွားလေ၏။

လော့ကာ (Locker) တံခါးပေါ်တွင်တော့... ပြက္ခဒိန်တစ်ခု။

တစ်ဆယ့်သုံးရက်ဆိုသော နေ့စွဲကိုလည်း မင်နီဖြင့် ဝိုင်းထား၏။ ပို၍ ရှင်းရှင်းလင်းလင်းပြောရလျှင် မြင်နေရသော မြင်ကွင်းအားလုံးမှာ ကျွန်တော့်အိပ်မက်ထဲကအတိုင်းပင်...။

ဒါ... ဒါ... ဘယ်လိုဖြစ်ရတာလဲ...။

ငါ့အိပ်မက်ထဲကအတိုင်း တကယ်ဖြစ်တော့မှာလား...။

ဒါဆို...

ကျွန်တော် ဆက်မတွေးဝံ့တော့ပေ။ အေးစက်သော ကြောက်ရွံ့မှုက ကျောရိုးတစ်လျှောက် စိမ့်တက်လာသည်။ ရင်ထဲတွင်လည်း တစ်ခုခုဆိုးဆိုးရွားရွား ဖြစ်တော့မလိုမျိုး ထိတ်လန့်တုန်လှုပ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com

ဒါဟာ နိမိတ်ဆိုးတစ်ခုဆိုသည်ကတော့ သေချာသည်။

ငါ... လော့ကာတံခါးကို ဆွဲဖွင့်လိုက်ရမလား... ။

ဟင့်အင်း... ဖွင့်လို့မဖြစ်ဘူး...။ ဖွင့်လိုက်ရင် ငါ့အိပ်မက်တွေ တကယ်ဖြစ်လာလိမ့်မယ်... ။

ကျွန်တော်က မည်းမှောင်ချောက်ချားသော အတွေးများနှင့် အတူ လော့ကာ (Locker) ခန်းထဲမှ တစ်ဟုန်ထိုး ပြေးထွက်လာခဲ့သည်။ မည်သို့ပင်ဖြစ်စေ ကြောက်ရွံ့တုန်လှုပ်မှုကတော့ လွင့်စင်မသွား။ ရင်ထဲတွင် တင်းကျပ်နေဆဲရှိသေး၏။

ကျွန်တော် စာသင်ခန်းထဲ ရောက်သည့်အခါ သိပ္ပံဆရာ ဦးကိုကို ပင် ရောက်ရှိနေလေပြီ။ ဦးကိုကိုက အမောတကောပြေးလာသော ကျွန်တော့်ကို မျက်မှောင်ကုတ် စိုက်ကြည့်ရင်း...

"ဘာဖြစ်လာတာလဲ... ဇော်ဇော၊ နောက်ကျနေလို့ ပြေးလာတာလား..."

ဟု လှမ်းမေးသည်။ ကျွန်တော်က ထိုင်ခုံဆီသို့သွားရင်း...

"ဟုတ်ကဲ့... နည်းနည်းနောက်ကျသွားလို့ ပြေးလာတာ"

ဟုသာ မှုသားသုံးကာ ပြန်ဖြေလိုက်သည်။ အမှန်တကယ်တော့ ကြောက်အားလန့်အားနှင့် ပြေးလာခြင်းသာဖြစ်သည်။ အတန်းတက်ချိန် နောက်ကျနေမှန်းကို မသိပါ။

ဆရာဦးကိုကိုက...

"ဪ... ဒါကြောင့် မင်းက အနွေးထည်ကိုတောင် လော့ကာထဲမှာ သိမ်းချိန်မရတော့လို့ ဝတ်လာတာကိုး၊ အခု သွားသိမ်းရင် သွားသိမ်းလေ"





"ကျွန်တော်... ဖျားချင်ချင်ဖြစ်နေလို့ ဝတ်ထားတာပါ ဆရာ"

ကျွန်တော့်အဖြေစကားအဆုံးတွင်တော့ ဆရာဦးကိုကိုက မည်သည့်စကားမှ ဆက်မပြောတော့ဘဲ သိပ္ပံအဖြေလွှာများကိုသာ ဖတ်ရှုစစ်ဆေးနေ၏။

ကျွန်တော်ကတော့ ကိုယ့်အဖြစ်ကိုယ်သာ တွေးမိပြီး ချောက်ချားနေမိသည်။

ငါ့အိပ်မက် တကယ်ဖြစ်မလာပါစေနဲ့...။ အဲဒီအတိုင်း ဖြစ်ခွင့်မပြုလို့ မရဘူး...။ ဘာဖြစ်လို့များ ငါ့ဘဝက ဒီလိုအဖြစ်ဆိုးတွေနဲ့ ပြည့်နှက်နေရတာလဲ... ။

အတန်ကြာတော့ ဆရာဦးကိုကိုက သိပ္ပံအဖြေလွှာများ အမှတ်စာရင်းအား အတန်းရှေ့မှတစ်ဆင့် ရွတ်ဖတ်ပြနေသည်။ သို့သော်လည်း ကျွန်တော့်နားထဲတွင် ထိုအသံများက ကြားတစ်ချက် မကြားတစ်ချက်။

ကျွန်တော်က ဘောင်းဘီအိတ်ကပ်ထဲမှ ကြေးပြားဗိုင်းကလေးကို ထုတ်ကာ 'ကျွန်တော်အိပ်မက်တွေ တကယ်ဖြစ်မလာပါစေနဲ့'ဟု ဆီမန်းမန်းသလို ကြိမ်ဖန်များစွာ ဆုတောင်းနေမိတော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်ခင်း ထမင်းစားချိန် ရောက်သည့်အခါတွင် ကျွန်တော်နှင့် ဖူးဖူးဇင်တို့ ထမင်းစားခန်းမအတွင်းတွင် ဆုံမိကြ၏။

ဖူးဖူးဇင်က သူမ၏ထမင်းဘူးကို မဖွင့်သေးဘဲ တစ်စုံတစ်ရာကို တွေးတောနေသည့်ပုံဖြင့် ငေးစိုက်ကြည့်နေသည်။ မျက်နှာကလည်း သာသာယာယာမရှိ။

ကျွန်တော်က ထမင်းဘူးကို ကိုင်ရင်း သူမဘေးရှိ ထိုင်ခုံတွင် ဝင်ထိုင်လိုက်ပြီး...

"ဟဲ့... ဘာဖြစ်နေတာလဲ"

ဟု မေးလိုက်သည်။ သို့သော် သူမက ပြန်မဖြေပါ။ မျက်လွှာကိုပင် ချသွားပြီး ကျောက်ရုပ်တစ်ရုပ်လို မလှုပ်မယှက် ထိုင်နေ၏။

ဖူးဖူးဇင်မှာ သူမ၏ အဘွားဖြစ်သူနှင့် သိပ်မတည့်ပေ။ သူမ၏ အဘွားနှင့် ပြဿနာဖြစ်လာတိုင်း ယခုလို ပုံဖြင့် စကားမပြောဘဲ နေလေ့ရှိသည်။ ယခုလည်း ဒီအတွက်ကြောင့်ပင် နေပေလိမ့်မည်။

ကျွန်တော်က ထမင်းဘူးကို ဖွင့်ရင်း...

"ငါတော့ ထမင်းစားတော့မယ်... နင်ရော မစားသေးဘူးလား ဖူးဖူးဇင်"

"ငါ ဒီနေ့ ထမင်းမစားချင်လို့ အသီးတွေပဲ ထည့်လာတယ်"

ဖူးဖူးဇင်က တိုးဖျော့ဖျော့အသံဖြင့် ပြောကာ သူမ၏ ထမင်းဘူးကို ဖွင့်လိုက်သည်။ ထို့နောက် ငှက်ပျောသီးတစ်လုံးကို ထုတ်လိုက်၏။

လက်ထဲမှ ငှက်ပျောသီးကို မြင်မြင်ချင်း ဖူးဖူးဇင်မှာ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"အို!... ဒုက္ခပါပဲ။ ငှက်ပျောသီးက ပုပ်နေပြီ။ မေမေကလည်း





သေသေချာချာ မကြည့်ဘဲ ထည့်ပေးလိုက်ပြန်ပြီ ထင်တယ်"

ဖူးဖူးဇင်က စိတ်ပျက်လက်ပျက် ညည်းညူရေရွတ်ရင်း လက်ထဲမှ ငှက်ပျောသီးကို ကြည့်နေသည်။ သူမ လက်ထဲမှ ငှက်ပျောသီးမှာ အခွံများပင် ညိုမည်းနေပြီ၊ စားရန် မသင့်တော့ပေ။

ဖူးဖူးဇင်က ခေါင်းကိုခါယမ်းရင်း ငှက်ပျောသီးကို စားပွဲဘေးမှ အမှိုက်ခြင်းထဲသို့ လွှင့်ပစ်လိုက်၏။ ကျွန်တော်က သူမကို ကြည့်ပြီး စိတ်မကောင်းမိကာ...

"မေမေက ငါ ထမင်းမဝမှာစိုးလို့ ထမင်းတွေရော၊ ဟင်းတွေပါ အများကြီး ပိုထည့်ပေးလိုက်တယ်... ။ အဲဒါ နင်နဲ့ငါ တစ်ယောက်တစ်ဝက် စားကြမယ်လေဟာ..."

"ရပါတယ်... ဟယ်။ ငါ့မှာ ပန်းသီးပါပါသေးတယ်"

ဖူးဖူးဇင်က ကျွန်တော့်စကားကို ငြင်းပယ်ပြီး ထမင်းဘူးထဲမှ အနီရောင် ပန်းသီးတစ်လုံးထုတ်ကာ မြှောက်ပြ၏။ ပါးစပ်မှလည်း...

"ဒီမှာလေ..."

ဟု ပြောလိုက်သည်။

ကျွန်တော်က ဖူးဖူးဇင် မြှောက်ပြသော ပန်းသီးကို လှမ်းကြည့်လိုက်သည့်အခါတွင်တော့ တစ်စုံတစ်ရာကို မြင်မိပြီး ပါးစပ်အဟောင်းသား ဖြစ်သွားရလေ၏။

အကြောင်းက ပန်းသီးပေါ်တွင် ညိုမည်းမည်းအကွက်များ...။ တချို့နေရာများမှာလည်း ပိုးစားထားသဖြင့် ပေါက်နေသည်။

"ဘယ်... ဘယ်... လို ဖြစ်တာလဲ... ငါ အိမ်က ယူလာတုန်းက အကောင်းကြီးပါ"



www.burmeseclassic.com

www.burmeseclassic.com

ရှုရှုဇင်က သူမကိုယ် သူမ မယုံကြည်နိုင်လောက်အောင် ဖြစ်သွားပြီး တုန်ယင်ထစ်ငေါ့စွာ ရေရွတ်ညည်းညူလိုက်လေသည်။ ထို့နောက် သူမမှာ ကျွန်တော် တားဆီးချိန်မရလိုက်ခင်မှာပင် ထမင်းစား စားပွဲမှ ဝုန်းခနဲထကာ ခန်းမအပြင်ဘက်သို့ တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့၏။

❑





ကျောင်းဆင်းချိန်ရောက်သည်အထိ ရှုရှုဇင်ကို မတွေ့ရတော့ပေ။ ကျွန်တော် တစ်ယောက်သာ သူမကို လိုက်ရှာရင်း ချာချာလည်နေသည်။ နောက်ဆုံး ကျွန်တော်က စိတ်လျှော့လိုက်ပြီး လော့ကာ (Locker) ရှိရာဆီသို့ ထွက်လာခဲ့၏။

ဒီနေ့တွင် ကျွန်တော် ဘတ်စကက်ဘော လေ့ကျင့်ခန်းလုပ်ရန်ရှိသည်။ ထို့အတွက်ကြောင့် ကျွန်တော်က ဂျင်းဂျာကင်ကို သိမ်းဆည်းပြီး အားကစားဝတ်စုံယူရန် လာခဲ့ခြင်းဖြစ်သည်။

လမ်းတွင် ရှုရှုဇင်အကြောင်းကိုသာ စဉ်းစားလာခဲ့မိ၏။

သူ ဘာဖြစ်လို့များ ဒီလို စိတ်အနှောင့်အယှက်ဖြစ်စရာနဲ့ ကြုံတွေ့ရတာလဲ မသိဘူး...။ သူက အမြဲတမ်း ကံကောင်းပြီး ပျော်ရွှင်နေရတဲ့လူပါ။ အခု ဘယ်လိုဖြစ်တာပါလိမ့်။

အခင်းလေ သူလည်း အမြဲတမ်း ဘယ်ကံကောင်းနေနိုင်ပါ့မလဲ...။

လော့ကာ (Locker) ထားရာ အခန်းထဲမှ ကျောင်းသားအချို့ အော်ဟစ်စကားပြောဆိုကာ ထွက်လာသောကြောင့် ကျွန်တော့်အတွေးများ ပြတ်တောက်သွားသည်။

ကျွန်တော်က သူတို့ကို ဖြတ်ကျော်ရှောင်ကွင်းရင်း အခန်းထဲသို့ ဝင်လာခဲ့လိုက်သည်။ မျက်လုံးများကလည်း လော့ကာ (Locker) တံခါးကို လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြက္ခဒိန်ကား မရှိတော့။

တစ်စုံတစ်ယောက် ဖြုတ်ယူသွားခြင်း ဖြစ်ပေလိမ့်မည်။

လော့ကာ (Locker) တံခါးပေါ်တွင် ရေးထားသော ကံကောင်းသော လော့ကာ တစ်ဆယ့်သုံး (Lucky Locker - 13) ဆိုသည့် စာတန်းက ကျွန်တော့်မျက်လုံးထဲတွင် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံနေသည်ဟု ထင်ရသည်။

သို့သော်... ကျွန်တော့် အိပ်မက်အတိုင်းဆိုရင်တော့...။

ကျွန်တော်က သတ္တိကိုစုစည်းပြီး လော့ကာ (Locker) အနားသို့ တစ်လှမ်းချင်း တိုးကပ်သွားလိုက်သည်။ ရင်ထဲတွင်လည်း နှလုံးခုန်သံက တဒုန်းဒုန်း မြည်နေသည်။ ခြေလှမ်းတွေက အန္တရာယ်ရှိသည့်နေရာတစ်ခုခုသို့ သွားနေရသလို တုန်ယင်နေ၏။

ဘုရား... ဘုရား... ဘယ်သူမှ မရှိပါစေနဲ့။

ထို ဆုတောင်းနှင့်အတူ ကျွန်တော်က လော့ကာ (Locker) တံခါးရွက်ကို နားဖြင့်ကပ်ကာ နားထောင်ကြည့်လိုက်သည်။ နှုတ်မှလည်း...

''အထဲမှာ ဘယ်သူရှိလဲ''

ဟု နှစ်ကြိမ်၊ သုံးကြိမ်လောက် အော်မေးလိုက်သည်။

သို့သော် အထဲမှ မည်သည့်တုံ့ပြန်သံမှ မကြားရပေ။ အိပ်မက်ထဲကလို ကြက်သီးထချင်စရာ အော်ညည်းသံကြီးကိုလည်း မကြားရ။

ဒါဟာ ကျွန်တော့်အတွက် ကံကောင်းတဲ့နိမိတ်လက္ခဏာပင်။

ကျွန်တော်က အသက်ကို ခပ်ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်ပြီး လော့ကာ (Locker) တံခါးကို ဝုန်းခနဲ ဆောင့်ဆွဲဖွင့်လိုက်လေသည်။





မည်သည့် ကြောက်မက်ဖွယ်ရာမှ မရှိ။

ဒါဆို... ငါ့အိပ်မက်က တစ်ဝက်တစ်ပျက်ပဲ။ မှန်တာပေါ့...

အခုမှပင် ကျွန်တော်က အသက်ကို ဝဝရှူရဲတော့သည်။ တစ်နေ့လုံး ပူပန်သောက ရောက်ခဲ့ရသော စိတ်တွေက နေရောင်ထိသော မြူနှင်းများလို လွင့်ပြယ်သွားလေပြီ။

နောက်တစ်ကြိမ် လော့ကာ (Locker) ထဲသို့ ကြည့်လိုက်တော့လည်း ဘာမှမထူးခြားပေ။ ကျွန်တော့်စာအုပ်အချို့နှင့် အသုံးအဆောင်ပစ္စည်းအချို့ကိုသာ တွေ့ရသည်။

ထိုစဉ်မှာပင် တစ်စုံတစ်ရာကို ကျွန်တော် သတိပြုမိသွား၏။ ဘယ်က ဘယ်လိုရောက်လာမှန်းမသိသော ထိုပစ္စည်းကို ကျွန်တော်က ချက်ချင်း ယူကြည့်လိုက်မိသည်။

လက်မဝက်သာသာလောက်ရှိသော လူရုပ်လေးတစ်ရုပ်။

လက်ဝါးတစ်ဖက်မှာ ဖြန့်ထားသော်လည်း ကျန်သည့်တစ်ဖက်ကမူ မှောက်လျက် ဖြစ်သည်။

မီးခိုးရောင်ဖျော့ဖျော့ သွားတန်းလေးများကို မြင်ရအောင်အထိ ပြုံးရယ်နေပြီး မျက်လုံးသေးသေးလေးနှစ်လုံးမှာလည်း တောက်ပသော ကျောက်မျက်ရတနာလေးများလို တဖျပ်ဖျပ် လင်းလက်နေကြသည်။

ကျွန်တော်က ရာဘာဖြင့် ပြုလုပ်ထားဟန်တူသော ထိုထူးဆန်းသည့် အရုပ်လေးအား လက်ဖြင့် ပွတ်သပ်ကြည့်လိုက်သည့်အခါတွင် တကယ့် လူသေးသေးလေးကို ကိုင်တွယ်နေရသလိုမျိုး ခံစားလိုက်ရလေသည်။ အထူးသဖြင့် အထိအတွေ့မှာ လူ့ခန္ဓာကိုယ် အရေပြားကို ထိတွေ့နေရသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း... မင်း... ဘယ်က ဘယ်လိုလုပ်ပြီး ငါ့လော့ကာ (Locker) ထဲ ရောက်နေတာလဲ"

ကျွန်တော့်မှာ အံ့သြလွန်း၍ ထိုမေးခွန်းကို သက်မဲ့အရုပ် တစ်ရုပ်အား ကြောင်အအဖြင့် မေးလိုက်မိသည်။ စိတ်ထဲတွင်လည်း ထိုအရုပ်လေးအား ပုံပြင်ထဲမှ လေက်မလေးများလားဟု ထင်မိလိုက်၏။

ဘာပဲဖြစ်ဖြစ် ငါ့လော့ကာ (Locker) ထဲမှာ တွေ့တာဆိုတော့ ငါ့ပစ္စည်းပဲ..။ ငါ့အတွက် ကံကောင်းစေမယ့်အရုပ်လေးတစ်ရုပ် ဖြစ်မှာ ပါ။

ကျွန်တော်က အဝတ်အစားလဲပြီးသည့် နောက်တွင်လည်း ထိုအရုပ်လေးအား အင်္ကျီအိတ်ကပ်ထဲသို့ ထည့်ကာ ယူလာလိုက်သည်။ နှုတ်မှလည်း...

"လေက်မလေးရေ မင်း... ငါနဲ့ လိုက်ခဲ့တော့"

ဟု သွက်လက်ပေါ့ပါးစွာ ရေရွတ်မိလိုက်၏။

❑







အခန်း (၉)

ဘာကြောင့်မှန်းမသိ။ ကျွန်တော့်ရင်ထဲတွင် ပေါ့ပါးလန်းဆန်း နေသည်။ ဒါဟာ ထူးဆန်းသည့် အရုပ်လေးကို ရလို့လား သို့တည်း မဟုတ် ဘတ်စကက်ဘော လေ့ကျင့်စဉ် အားလုံး တအံ့တသြဖြစ်သွား ရအောင်အထိ လက်စွမ်းပြနိုင်လို့လား... ဆိုတာ ကျွန်တော် မဝေခွဲတတ် တော့ပေ။ နှစ်ခုစလုံးကြောင့်လည်း ဖြစ်နိုင်၏။

ယခု အိမ်အပြန်လမ်းကပင် ကျွန်တော့်အတွက် ပင်လယ် ကမ်းစပ်ဘေးတွင် လမ်းလျှောက်နေရသလို သာယာလှပနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေခင်း၏ ဆည်းဆာနေရောင်ခြည်က ကျွန်တော့်ကို နွေးထွေးစွာ ထွေးပွေ့ထားသလို အေးမြလတ်ဆတ်နေသော လေပြည် ရှိန်းများကလည်း နူးညံ့လန်းဆန်းလွန်းလှသည်။

ကောင်းကင်တွင် တိမ်များကင်းစင်ကာ မိုးသားပြာပြာမှာလည်း ကြည်လင်ရှင်းသန့်လို့ နေလေ၏။

ယခုတော့ တစ်ဆယ့်သုံးဆိုသည့် ဂဏန်းအက္ခရာမှာ ကျွန်တော့်အတွက် ဘာမှမဟုတ်ချေ။ သည်နေ့မှာပင် ထူးထူးခြားခြား ဆိုသလို ပျော်ရွှင်မှုများဖြင့် အိမ်သို့ ပြန်လာခဲ့ရသေးသည်။

ကျွန်တော့်ရပ်ကွက်ထဲသို့ ချိုးကွေ့ဝင်လိုက်စဉ် အသံတစ်သံ က ရုတ်တရက် ပေါ်လာသည်။ ထိုအသံမှာ အနီးအနားမှ ထွက်ပေါ် နေ၍ ကျွန်တော် နားစွင့်ကြည့်လိုက်သည်။

မွေးကင်းစ ကလေးငယ်တစ်ယောက် ငိုနေသံမျိုး...။

ကျွန်တော်က ခြေလှမ်းကို တုံ့ခနဲရပ်ကာ ဘေးပတ်ဝန်းကျင် ကို မျက်စိဝေ့ဝဲကာ ကြည့်လိုက်၏။

''ဟင်!''

မြင်လိုက်ရသော မြင်ကွင်းကြောင့် ကျွန်တော် စိုးရိမ်ပူပန် သွားမိသည်။ သို့သော် ကလေးငယ်တစ်ယောက်တော့ မဟုတ်ပေ။ အဝါရောင်ကြောင်ကလေးတစ်ကောင် ခြံစည်းရိုးတွင် ခေါင်းညပ်နေ သည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ကြောင်လေးမှာ နာရီပေါင်းများစွာကြာအောင် ညပ်နေပုံပေါ် ၏။ ရွှေဝါရောင်အမွေးများမှာ ရွှံ့များဖြင့် ပေလူးနေပြီး ဦးခေါင်းပေါ်မှ ရွှံ့များပင် ခြောက်သယောင်းနေလေပြီ။





''သနားစရာပဲ''

ကျွန်တော်က ကရုဏာသက်စွာ ရေရွတ်ရင်း ခြံစည်းရိုးအစပ် သို့ သွားကာ ကြောင်လေးအား အသာအယာ ဆွဲထုတ်လိုက်သည်။ ကြောင်လေးမှာ ကျွန်တော့်လက်ထဲမှ ရုန်းထွက်ဖို့ပင် အားအင်မရှိချေ။ နှုံးချည့်ပျော့ခွေကာ ပါလာ၏။

''မစိုးရိမ်နဲ့တော့... ပူစီလေးရေ။ မင်း အသက်အန္တရာယ်က လွတ်ကင်းသွားပြီ...''

ကျွန်တော်က သနားစရာကြောင်လေးကို ကြည့်ကာ ခပ်တိုးတိုး ရေရွတ်လိုက်သည်။ ထိုစဉ်မှာပင် စူးရှရှအသံတစ်ခုကို ကျွန်တော် ကြားလိုက်၍ ချာခနဲ လှည့်ကြည့်လိုက်မိ၏။

အမျိုးသမီးကြီးတစ်ယောက်။

အလွန်အမင်း ဒေါသထွက်နေသည့် အမူအရာဖြင့် ကျွန်တော့် ထံသို့ ဒေါနှင့်မောနှင့် လျှောက်လာလေသည်။

ဘုရား... ဘုရား...။

သူ့ခြံစည်းရိုးနားကပ်လို့ သူခိုး၊ သူဝှက်ထင်ပြီး ငါ့ကို ရန်ပြု တော့မလို့လား...။

□



www.burmeseclassic.com

www.burmeseclassic.com

သို့သော် မဟုတ်ပါ။

အမျိုးသမီးကြီးမှာ ကျွန်တော် ကယ်ထုတ်ပေးလိုက်သော ကြောင်လေး၏ပိုင်ရှင်ဖြစ်ပြီး သူမ၏ ကြောင်လေးအတွက် စိုးရိမ်သောက ရောက်နေခြင်း ဖြစ်သည်။

ထိုအမျိုးသမီးကြီးက ကျွန်တော့်အနားသို့ ရောက်ရောက်ချင်း…

"ကျေးဇူးတင်လိုက်တာ သားလေးရယ်၊ အန်တီ့ကြောင်လေးကို ဘယ်နားက ပြန်တွေ့တာလဲ… ဟင်"

"ဒီခြံစည်းရိုးကြားထဲမှာ ညပ်နေတာ အန်တီ"

"အို… ဖြစ်မှဖြစ်ရလေ… ရွှေဝါလေးရယ်"

အမျိုးသမီးကြီးက စိတ်မကောင်းကြီးစွာ ညည်းညူရင်း ကျွန်တော့်လက်ထဲမှ သူမ၏ကြောင်လေးကို လှမ်းယူလိုက်သည်။ ထို့နောက် သူမ၏ ကြောင်လေးကို သနားကြင်နာစွာ ပွတ်သပ်ချော့မြှူနေရာမှ…

"သူ မနက်တည်းက ပျောက်နေလို့ အန်တီမှာ တစ်နေ့လုံး လိုက်ရှာနေတာလေ။ အခုမှပဲ ဟောဒီက သားလေးရဲ့ ကျေးဇူးကြောင့် ပြန်တွေ့တာပါကွယ်။ သားလေးကို အန်တီ ဂုဏ်ပြုပါရစေ"

"ရပါတယ်… အန်တီရယ်။ ကျွန်တော်က ခရီးသွားဟန်လွှဲပါ။ ဘာမှ ဂုဏ်ပြုနေစရာ မလိုပါဘူး…"





ကျွန်တော်က ဖွတ်အတင်း ငြင်းဆန်နေသော်လည်း အမျိုးသမီးကြီးကမူ လုံးဝ အလျှော့မပေးချေ။

"မဟုတ်တာ သားလေးရယ်။ အန်တီ့ကြောင်လေးရဲ့ အသက်ကို ကယ်ခဲ့တဲ့လူပဲ… အန်တီက တစ်ခုခုတော့ ကျေးဇူးပြန်ဆပ်ရမှာပေါ့…။ ကဲ… ကဲ… သားလေး ဒီနေရာကနေ ခဏစောင့်"

ဟု ဆိုကာ အမျိုးသမီးကြီးက သူမ၏ ကြောင်လေးကို ပွေ့ပိုက်ကာ အိမ်ထဲသို့ ခပ်သုတ်သုတ် ဝင်သွားလေသည်။ ခဏကြာမှ အမျိုးသမီးကြီးက ပြန်ထွက်လာပြီး …

"သားလေးကို အန်တီ ကျေးဇူးပြန်ဆပ်တာပါကွယ်။ ရော့… ရော့"

ကျွန်တော် အမျိုးသမီးကြီး လှမ်းပေးသောအရာကို ကြည့်လိုက်တော့ တစ်ထောင်တန်များ…။ ကျွန်တော်က အမျိုးသမီးကြီး၏ဆန္ဒကို မငြင်းပယ်ချင်တော့သည့်အတွက် လက်ခံလိုက်သည်။

ဘယ်လောက်တောင် ပျော်စရာကောင်းလိုက်တဲ့နေ့လဲ…။ ပိုက်ဆံငါးထောင်တောင် ဆုချခံရတယ်။

ဒီနေ့အတွက်တော့ ကမ္ဘာပေါ်မှာ ငါ ကံအကောင်းဆုံးပဲ ထင်တယ်။

အခုကစပြီး ဇော်တေဇရေ… မင်းရဲ့ ကံကြမ္မာက ပြောင်းလဲသွားပြီ။

❑


www.burmeseclassic.com

www.burmeseclassic.com

"သားအတွက် မေမေ အကောင်းဆုံးဟင်းတွေ ချက်ထားတယ်။ ဒီမှာ သားကြိုက်တဲ့ ငါးရံ့အူဟင်း၊ ဟောဒီမှာက ဝက်လျှာနဲ့ ကြက်ဟင်းခါးသီး၊ ဒါက ကြက်သားဟင်း..."

ကျွန်တော် ကိုယ့်ကံကြမ္မာကိုပင် ကိုယ် မယုံကြည်နိုင်တော့။ မေမေက ညစာအတွက် ကျွန်တော်အကြိုက်ဆုံးဟင်းတွေကို ရွေးချယ်ချက်ထားသည်။

မေမေက ဒီထက်ပင်မကသေးဘဲ ထမင်းစားပြီးရင် စားရအောင် အချိုပွဲတွေပါ ပြင်ဆင်ထားသေး၏။

တကယ်ပင် ကံကောင်းမှုများမှာ ကျွန်တော့်ထံသို့ ဆိုင်းမဆင့် ဗုံမဆင့် အလုံးအရင်းဖြင့် ရောက်လာလေသည်။ အဲဒါ ဘာကြောင့်လဲ... ဘယ်သူကြောင့်လဲ။

ကျွန်တော်က အားပါးတရဖြင့် မေမေ ချက်ပြုတ်ပြင်ဆင်ပေးထားသော ညစာကို ဗိုက်ကားအောင် စားပစ်လိုက်သည်။ ထမင်းခဏခဏ ထပ်တည့်နေ၍ ဖေဖေကပင် အန္တရာယ်ဖြစ်မှာစိုးပြီး ဝင်တားရ၏။

နောက်ဆုံး အချိုပွဲပါ စားပြီးသည့်အခါတွင်တော့ ကျွန်တော်က ဖေဖေနှင့် မေမေ့ကို နှုတ်ဆက်ကာ အပေါ်ထပ်သို့ တက်လာခဲ့သည်။

ငါ့အတွက် ဒီနေ့ဟာ တကယ်ကံကောင်းတဲ့ နေ့ပဲ...။

ကြည်နူးပီတိဖြစ်စွာဖြင့် ကျွန်တော်က ထိုစကားကိုသာ တသသ ရေရွတ်နေမိ၏။ ကိုယ့်ကိုယ်ကိုယ်လည်း စိတ်သစ်၊ လူသစ်ဖြစ်သွားသလိုမျိုး ပေါ့ပါးလန်းဆန်းနေသည်ဟု အောက်မေ့နေမိသည်။





စိတ်လက်ရွှင်ပျနေသောကြောင့် ရက်ပေါင်းများစွာ လုပ်ခဲ့ရသော ကာတွန်းဇာတ်လမ်းလေးကိုပင် ဒီကနေ့ညတွင် မည်သည့်အခက်အခဲမှ မရှိဘဲ အပြီးသတ်နိုင်ခဲ့၏။

ည ကိုးနာရီကျော်ကျော်လောက်တွင် ကျွန်တော် တစ်စုံတစ်ရာကို သတိရသွားမိသည်။

ဟုတ်တယ်။ ဒီအကြောင်းတွေကို ဖူးဖူးဇင်ဆီ ဖုန်းဆက်ပြီး လှမ်းပြောရမယ်။ ပြီးတော့ ဒီနေ့ သူ ဘာဖြစ်နေတာလဲဆိုတာကိုလည်း မေးကြည့်ရမယ်။

ထိုအကြံအစည်ဖြင့် ကျွန်တော်က ဖူးဖူးဇင်ထံသို့ ဖုန်းဆက်လိုက်၏။ ဖုန်းထဲမှ ဖူးဖူးဇင်အသံမှာ စိတ်ထိခိုက်ကြေကွဲနေသလိုမျိုး တိုးတိမ်ဖျော့တော့နေသည်။

ကျွန်တော် အကြောင်းစုံ ပြောပြလိုက်သောအခါ သူမက..

"ဒါဆို နင် ဒီနေ့ အရမ်းကံကောင်းနေတာပေ့ါ... ဟုတ်လား ဇော်တေဇ၊ နင့်အစား ငါ ဝမ်းသာပါတယ်... ဟာ"

"အေးဟာ... ငါလည်း မကြုံစဖူးလောက်အောင်အထိ ကံကောင်းနေလို့ ကိုယ့်ကိုယ်ကိုယ် မယုံနိုင်အောင် ဖြစ်နေတာ။ ဒါနဲ့ နင် ဒီနေ့ ဘာဖြစ်နေတာလဲ။ နေခင်း ထမင်းစားချိန်တုန်းကလည်း မပြောမဆို ပြေးထွက်သွားတယ်။ နင် နေမကောင်းရဲ့လား..."

ဖုန်းထဲမှပင် သက်ပြင်းချသံကို ရှည်လျားစွာ ကြားလိုက်ရသည်။ ပြီးမှ ဖူးဖူးဇင်၏အသံက ခပ်တိုးတိုး ထွက်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ နင်နဲ့ ဆန့်ကျင်ဘက်ပဲ ဖော်တေဇရေ။ ဒီနေ့ တစ်နေ့လုံး ကံဆိုးနေတာ။ ညနေကလည်း ကျောင်းက အပြန်မှာ စက်ဘီးနဲ့ ဝင်တိုက်ခံရတယ်လေ"

"ဟင်!... နင် ဘာဖြစ်သွားသေးလဲ"

"ဘာမှတော့ သိပ်မဖြစ်ပါဘူး... ဟယ်။ ဒါပေမဲ့ ခြေချင်းဝတ်တော့ လည်သွားတယ်လေ"

"တကယ့်ကို သတင်းဆိုးပဲ... ဟာ။ ငါ နင့်အတွက် စိတ်မကောင်းပါဘူး..."

ကျွန်တော့်စကားကို ကြားသောအခါ ဖူးဖူးဇင်က သက်ပြင်းကို ဒုတိယအကြိမ် လေးလေးပင်ပင် ချပြန်သည်။ ကြည့်ရသည်မှာ အတော့်ကို စိတ်ပျက်လက်ပျက် ဖြစ်နေပုံရ၏။

ဖူးဖူးဇင်က...

"မနက်ဖြန်ကျရင် ငါတို့ အမျိုးသမီး ဘတ်စကက်ဘော အသင်း ပြိုင်ပွဲကစားစရာရှိတယ်... ဟာ။ ငါက ခြေချင်းဝတ် ဒဏ်ရာနဲ့ဆိုတော့ ဝင်ကစားနိုင်ပါ့မလား မသိဘူး။ အဲဒါကိုပဲ ငါ စိတ်ပူနေတာ"

"ဟာ... နင်ကလည်း စိတ်မလျှော့ပါနဲ့၊ ဝင်ကစားနိုင်မှာပါ။ မနက်ဖြန်ကျရင် နင်တို့ပြိုင်ပွဲကို ငါလည်း လာကြည့်မယ်လေ"

ကျွန်တော်က တတ်နိုင်သလောက် ဖူးဖူးဇင်ကို အားပေးနှစ်သိမ့်လိုက်သည်။ ဖူးဖူးဇင်မှာ ကျွန်တော်ပြောသမျှကို ငြိမ်ပြီး နားထောင်နေရာမှ...





"ငါ... ငါလေ... နင့်ကို ပြောပြစရာတစ်ခုရှိတယ်... ဒါပေမဲ့..."

ဟု မဝံ့မရဲအသံဖြင့် ပြောလိုက်သည်။ ကျွန်တော်ပင် သူမ ပြောမည့် အကြောင်းအရာကို သိချင်သွားပြီး...

"ဘာပြောမှာလဲ ပြောလေ ဖူးဖူးဇင်။ ဒါပေမဲ့တွေ ဘာတွေ လုပ်မနေပါနဲ့..."

ဖူးဖူးဇင်က ပြောသင့်၊ မပြောသင့်ကို စဉ်းစားချင့်ချိန်နေပုံရသည်။ အတန်ကြာမှ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပြီး...

"တော်ပါပြီ... ဟာ... ငါ မပြောချင်တော့ဘူး..."

ဟုဆိုကာ ဖုန်းကို ဂွတ်ခနဲ ချသွားလေသည်။ ကျွန်တော်သာ ဖုန်းခွက်ကို ကိုင်ရင်း အူကြောင်ကြောင်ဖြင့် ကျန်ရစ်ခဲ့လေ၏။

❑



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၀)

နောက်တစ်နေ့ မနက်ရောက်သည်အထိ ကျွန်တော့်ကံကြမ္မာ မှာ ကောင်းနေဆဲပင်။

ဒီနေ့ သိပ္ပံအဖြေလွှာများ ထပ်ရမည့်နေ့ ဖြစ်သည်။ သို့သော် ကျောပိုးအိတ်တစ်ခုလုံးကို မွှေနှောက်ရှာဖွေပြီးသည့်တိုင် ကျွန်တော့် သိပ္ပံအဖြေလွှာကိုမူ မတွေ့ရပေ။

ပြဿနာပဲ...။ သိပ္ပံအဖြေလွှာ အိမ်မှာ ကျန်ခဲ့ပြီထင်တယ်...။

ကျွန်တော် ဘာလုပ်လို့ လုပ်ရမည်မှန်း မသိတော့။ သိပ္ပံဆရာ ဦးကိုကိုမှာ အဖြေလွှာနောက်ကျလျှင် ခွင့်မလွှတ်ပေ။





စိုးရိမ်စိတ်များဖြင့် ကျွန်တော့်ရင်တွေ တဒုန်းဒုန်းခုန်လာသည်။ တစ်ခန်းလုံးရှေ့တွင် အဆူခံ၊ အငေါက်ခံရမည့်အရေးကို တွေးကာ ကြိုတင်ရှက်ရွံ့လာမိ၏။

ငါတော့ ကျိန်းသေ အဆူခံရပြီ...။

ထိုအတွေးနှင့်အတူ ကျွန်တော်က အသက်ကိုပင် ပြင်းပြင်း မရှူရဲတော့ဘဲ ငြိမ်ကုပ်နေမိသည်။ ထိုစဉ် အတန်းထဲသို့ ဝင်လာသော သိပ္ပံဆရာ ဦးကိုကို တွေ့လိုက်ရသဖြင့် ကျွန်တော့်ရင်ခုန်သံများ ပိုမြန်လာ၏။

ဘုရား... ဘုရား...။

ငါ့ကို ဆရာဦးကိုကို ခွင့်လွှတ်ပါစေ။

ကျွန်တော့်ဆုတောင်းသံအဆုံးမှာပင် ဆရာဦးကိုကို၏ အသံ က ထွက်ပေါ်လာသည်။ ကျွန်တော်က ရင်တမမဖြင့် နားထောင်နေလိုက် သည်။

"မင်္ဂလာပါ တပည့်တို့ရေ။ မင်းတို့ကို ဆရာ တောင်းပန်စရာ ရှိသေးတယ်။ မနေ့က ဆရာ မင်းတို့ကို မေးခွန်းများပြီး ပေးလိုက်မိတယ်။ အဲဒီတော့ ဒီနေ့ အဖြေလွှာ မထပ်နဲ့တော့... ဆရာ မေးခွန်းအသစ် ထပ်ပေးမယ်"

တစ်ခန်းလုံး စိတ်ပျက်လက်ပျက် ညည်းညူရေရွတ်သံများဖြင့် ကျယ်လောင်သွားသည်။ ကျွန်တော်တစ်ယောက်သာ အန္တရာယ်တစ်ခု မှ လွတ်မြောက်လာသလို ထိတ်ခနဲ ဝမ်းသာသွားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



တော်ပါသေးရဲ့။ ငါ အမြေလှာ မေ့ကျန်ခဲ့တဲ့နေ့မှ တိုက်တိုက် ဆိုင်ဆိုင် ဆရာဦးကိုကိုကလည်း မေးခွန်းမှားသွားတယ်လို့။

ငါ ကံတော်တော် ကောင်းသွားတယ်။

ကျွန်တော်က ကိုယ့်အဖြစ်ကို ကိုယ် မယုံနိုင်အောင် ဖြစ်သွားပြီး ဝမ်းသာပျော်ရွှင်သွားမိလေသည်။

❑



ဆရာမ ဒေါ်မြတ်မြတ်မိုး အလုပ်များ ထွက်သွားပြီလား…။

ဘာရယ်မဟုတ်ဘဲ ထိုအတွေးပေါ်လာသဖြင့် နေ့လယ်စာစားပြီးချိန်တွင် ကွန်ပျူတာစက်ခန်းဘက်သို့ ထွက်လာခဲ့သည်။

စက်ခန်းထဲသို့ ရောက်သောအခါ ဒေါ်မြတ်မြတ်မိုးကို မတွေ့ရပေ။ ခါတိုင်းဆိုလျှင် ဒေါ်မြတ်မြတ်မိုးမှာ မည်သည့်အချိန် ကြည့်လိုက်ကြည့်လိုက် ကွန်ပျူတာတစ်လုံးဖြင့် အလုပ်ရှုပ်နေသူဖြစ်သည်။

ကျွန်တော့် ရင်ထဲတွင် ဒေါ်မြတ်မြတ်မိုး အလုပ်ထွက်သွားပြီဆိုသော အသိက ဝမ်းနည်းအားငယ်သွားစေ၏။

ဆရာမကလည်း အလုပ်ထွက်တာ မြန်လိုက်တာ…။

ငါ့ရဲ့ ကာတွန်းဇာတ်လမ်းလေးတောင် မကြည့်သွားဘူး…။

ကျွန်တော်က စိတ်အားငယ်စွာတွေးရင်း စက်ခန်းထဲမှ လှည့်ထွက်လာလိုက်သည်။ ထိုစဉ်မှာပင် ကော်ဖီခွက်ကိုကိုင်ကာ စက်ခန်းထဲသို့ ဝင်လာသော ဒေါ်မြတ်မြတ်မိုးကို တွေ့လိုက်ရ၏။

ကျွန်တော်က ထိတ်ခနဲ ဝမ်းသာသွားပြီး…

"ဆရာမ… ဆရာမ အလုပ်မထွက်သေးဘူးနော်"

ဟု လွှတ်ခနဲ ပြောလိုက်မိသည်။ ကျွန်တော့်စကားကြောင့် ဒေါ်မြတ်မြတ်မိုးမှာ ပြုံးရယ်စွာဖြင့်…

"မထွက်သေးပါဘူးကွယ်။ နောက်တစ်ပတ်လောက်ကြာမှ ထွက်မှာပါ။ ဒါနဲ့ မင်းကို ဆရာမ ပြောစရာရှိသေးတယ် သိလား…"



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ကဲ့... ပြောပါ ဆရာမ"

ကျွန်တော်က အလိုက်သင့်ပြန်ဖြေရင်း ဒေါ်မြတ်မြတ်မိုး နောက်မှ လိုက်ပါလာခဲ့သည်။ ဒေါ်မြတ်မြတ်မိုးက ကော်ဖီခွက်ကို စားပွဲခုံပေါ်သို့ တင်ရင်း...

"မနေ့က ကွန်ပျူတာပြင်ဆိုင် ဖွင့်ထားတဲ့ ဆရာမ သူငယ်ချင်း တစ်ယောက်နဲ့ တွေ့တယ်။ သူက သူ့ဆိုင်မှာ အချိန်ပိုင်း ကွန်ပျူတာပြင်တဲ့သူ လိုချင်လို့တဲ့လေ။ အဲဒါ... မင်းလုပ်ချင်လား... ဖော်တေဖေ၊ စနေနေ့ တစ်ရက်တည်း သွားလုပ်ပေးရမှာ"

ထိုစကား ကြားကြားချင်း ဝမ်းသာလွန်း၍ ကျွန်တော် ဘာပြောလို့ ပြောရမှန်းပင် မသိတော့ချေ။ စိတ်လှုပ်ရှားမှုကြောင့် အသံတွေပင် တုန်ခါသွားပြီး...

"ဟုတ်... ဟုတ်ကဲ့... လုပ်ချင်ပါတယ် ဆရာမ။ ကျွန်တော်လည်း အတွေ့အကြုံလိုချင်နေတာနဲ့ အတော်ပဲ"

"ပြီးရောလေ... ဆရာမရဲ့ သူငယ်ချင်းကို အကြောင်းပြန်လိုက်ပါ့မယ်"

ကျွန်တော် အပျော်လွန်ကြူးပြီး ဒေါ်မြတ်မြတ်မိုးအား ကျေးဇူးတင်စကား ပြန်ပြောဖို့ပင် မေ့လျော့သွားသည်။

အိုး!... ငါ တော်တော်ကံကောင်းတာပဲ။ အထက်တန်းကျောင်းတောင် မပြီးသေးဘဲနဲ့ အလုပ်ရတော့မယ်။ ငါ့အတွက် ဒီအလုပ်ကနေ ကွန်ပျူတာနဲ့ ပတ်သက်တဲ့ပညာတွေ၊ အတွေ့အကြုံတွေ အများကြီး ရမှာ...။ ပျော်စရာပဲ...။

ပျော်ရွှင်မှုသုခများမှာ ကျွန်တော့်ခန္ဓာကိုယ် အရေပြားမှ ဖောက်ထွင်းကာ နှလုံးသားထဲအထိ တသိမ့်သိမ့် ဝင်လာလေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် အားကစားရုံထဲ ရောက်သည့်အခါတွင် ပြိုင်ပွဲမှာ စတင်နေလေပြီ။ ဖူးဖူးဖင်တို့ အသင်းမှာ (၂) မှတ်၊ (၁၀) မှတ်ဖြင့် ရှုံးနိမ့်နေ၏။

ဘယ်လိုဖြစ်တာလဲ...။ ဒီအသင်းကို ဖူးဖူးဖင်တို့ အမြဲနိုင်နေကျပါ။

ကျွန်တော်က ရှေ့ဆုံးတန်းနားလောက်တွင် ဝင်ထိုင်ရင်း အမှတ်ချိတ်ထားရာနေရာသို့ လှမ်းကြည့်ကာ မယုံနိုင်အောင် ဖြစ်သွားသည်။

ဖူးဖူးဖင်တို့အသင်းမှာ ဒီနေ့ကျမှ ဘယ်လိုဖြစ်လို့ ဖြစ်နေမှန်းမသိ။ ကစားပုံမှာ တော်တော်ဆိုးရွားနေသည်။ ကျွန်တော် ကြည့်နေစဉ်အတွင်းမှာပင် တစ်သင်းလုံး အားအင်ကုန်ခန်းနေသလို လေးလံနှေးကွေးနေကြ၏။

အထူးသဖြင့် ဖူးဖူးဖင်မှာ သွက်သွက်လက်လက်ပင် မပြေးနိုင်တော့။ ပစ်လိုက်သည့် ဘောလုံးတိုင်းမှာလည်း ပြိုင်ဘက်အသင်း၏ ဂိုးခြင်းနှင့် လွဲချော်နေသည်။

ပွဲကြည့်စင်ပေါ်မှ ကြည့်နေသော မိဘတစ်ဦးကမူ အားမလိုအားမရဖြစ်ကာ...

"မြန်မြန်ပြေးကြစမ်းပါ... တစ်သင်းလုံး ဘာဖြစ်နေကြတာလဲ"

ဟု အသံစူးစူးဖြင့် အော်ဟစ်ပြောဆိုလိုက်သည်။





ပွဲကြည့်စင်ပေါ်တွင် ပရိသတ် သိပ်များများစားစား မရှိလှချေ။ ကျောင်းသားမိဘသုံးလေးဦးနှင့်အတူ ကျောင်းသူ၊ ကျောင်းသားအချို့ကိုသာ တွေ့ရသည်။

ထိုစဉ်မှာပင် ဖူးဖူးဖင်လက်ထဲသို့ ဘောလုံးရောက်သွား၏။

ကျွန်တော်က...

"ဝင်အောင်ပစ်ထား ဖူးဖူးဖင်၊ ကြိုးစားထား... ကြိုးစားထား.."

ဟု အော်ဟစ်အားပေးလိုက်သည်။

ဖူးဖူးဖင်ကတော့ ပွဲကြည့်စင်ဘက်သို့ လှည့်ပင်မကြည့်ချေ။ ရှုံးနိမ့်မှုကြောင့် ပြိုင်ပွဲအတွင်းမှာပင် အာရုံစိုက်ထားဟန်တူသည်။

သို့သော် သူမ လှမ်းပစ်သွင်းလိုက်သည့် ဘောလုံးကမူ ဂိုးခြင်းနှင့် တော်တော်လွဲချော်သွား၏။

ဒီနေ့ ဖူးဖူးဖင် ဘာဖြစ်နေတာလဲ။ ဒီဘောလုံးက သိပ်မဆော့တတ်တဲ့လူ ပစ်ရင်တောင် ဝင်ပါတယ်။

ကျွန်တော့်မှာ ပွဲကြည့်စင်ပေါ်မှနေပြီး အားမလို အားမရဖြစ်နေရသည်။ နောက်ထပ် လေးငါးလုံးလောက် လွဲချော်သွားသည့်အခါမှာတော့ ဖူးဖူးဖင်မှာ စိတ်ဓာတ် အကြီးအကျယ်ကျသွားသည့်ပုံဖြင့် သိပ်ပင် မပြေးတော့ချေ။

သူမ၏ လက်တစ်ဖက်တွင်လည်း ပတ်တီးက အဖွေးသားနှင့်၊ ခြေချင်းဝတ်တွင်လည်း ခြေမျက်စိမလည်စေရန် စွပ်ထားသော အစွပ်တစ်ခု။

www.burmeseclassic.com


ဖူးဖူးခင် စက်ဘီးမှောက်ထားတဲ့ ဒဏ်ရာကြောင့် အစွမ်းမပြ နိုင်တာလား...။

ကျွန်တော်က ဇဝေဇဝါအတွေးများဖြင့် ကြည့်ရှုနေစဉ်မှာပင် ပြိုင်ပွဲက ပြီးဆုံးသွားခဲ့လေ၏။ ကျွန်တော်က ပွဲကြည့်စင်ပေါ်မှထကာ ဖူးဖူးခင်ဆီသို့ သွားလိုက်သည်။

အနီးကပ်မြင်ရသော ဖူးဖူးခင်၏ မျက်နှာမှာ ရှက်ရွံ့မှု၊ နာကျင် ကြေကွဲမှုများဖြင့် မည်းမှောင်နေ၏။ အမြဲတမ်း တဖျပ်ဖျပ်လင်းလက် နေသော မီးခိုးရောင်မျက်ဝန်းများကလည်း အသက်မပါသလို ဖျော့တော့ မှေးမှိန်နေသည်။

ကျွန်တော်က...

"နင် ဒီနေ့ ဘာဖြစ်နေတာလဲ ဖူးဖူးခင်...။ စက်ဘီးမှောက်ထား လို့ ကောင်းကောင်း မကစားနိုင်တာလား..."

ဖူးဖူးခင်က ကြေကွဲစွာ ခေါင်းကို ခါယမ်းပြပြီး မျက်နှာကို လက်ဝါးဖြင့် အုပ်လိုက်သည်။ အတန်ကြာမှ ဆို့နင့်ကြေကွဲနေသော အသံဖြင့် သူမက...

"ဟင့်အင်း... မဟုတ်ဘူး...။ ငါ ဒီလိုဖြစ်နေတာ စက်ဘီး မှောက်ထားလို့ မဟုတ်ဘူး...။ ငါ့ရဲ့အဆောင်လေး ပျောက် သွားလို့ ကံဆိုးနေတာ"

"ဘာ... အဆောင် ဟုတ်လား..."

ကျွန်တော်က ဖူးဖူးခင်ကို ဖျတ်ခနဲ လှမ်းကြည့်ရင်း အံ့ဩ တကြီး ပြန်မေးလိုက်သည်။ စိတ်ထဲတွင်လည်း တစ်စုံတစ်ရာကို မတင် မကျ ဖြစ်မိသွား၏။



ဖူးဖူးခင်က...

"ငါ့မှာ အဲဒီအဆောင်လေး မရှိကတည်းက ကံဆိုးနေတာ... ဖော်တေဇ အဟင့်... ဟင့်..."

"အဲ... အဲဒါက ဘယ်လိုပုံစံမျိုးလဲ..."

ကျွန်တော်က ဖူးဖူးခင်ကို ကြည့်ကာ စိတ်မကောင်းဖြစ်သွား မိပြီး ကူညီရှာဖွေပေးရန် မေးကြည့်လိုက်သည်။ ဖူးဖူးခင်၏ တုံ့ပြန် စကားကို ကြားရသည့်အခါတွင်မူ ကျွန်တော့် ရင်တစ်ခုလုံး ခြောက်ခြားဆန် သွားလေတော့သည်။

"ဘာလဲ... နင် တွေ့ထားလို့လား... ငါ့ရဲ့ အဆောင်လေးက လူရုပ်သေးသေးလေးလေ။ မျက်လုံးလေးတွေက အမြဲလင်းနေ တာ...။ နင် တွေ့ထားရင် ငါ့ကို ပြန်ပေးပါဟယ်"

❑


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

ကျွန်တော့် ခန္ဓာကိုယ်တစ်ခုလုံး မိုးကြိုးဆယ်စင်းဖြင့် တစ်ပြိုင်တည်း ပစ်ခတ်ခံလိုက်ရသလို တုန်ခါသွားလေသည်။ မတ်တတ်ရပ်ဖို့ပင် အားအင်မရှိတော့။ ရင်ဘတ်ထဲတွင် နှလုံးခုန်သံက တဒုန်းဒုန်း မြည်နေသည်။

စိတ်လှုပ်ရှားလွန်းပြီး စကားကိုလည်း ချက်ချင်းမပြောနိုင်ပေ။ မည်းမှောင်ချောက်ချားသော အတွေးများဖြင့်သာ အသက်မဲ့သလို ရပ်နေမိ၏။

ဒါ... ဒါဆို ငါ့ဆီက အရုပ်လေးက ဖူးဖူးဖင်ရဲ့ အဆောင်ပေါ့။ ဘာလုပ်ရမလဲ။ ငါ ပြန်ပေးလိုက်ရမလား... ။

ဟင့်အင်း... ပြန်ပေးလို့မဖြစ်ဘူး...။

ဖူးဖူးဖင်က အမြဲတမ်း ကံကောင်းလာတာ၊ ငါ ကံကောင်းလာတာက အခုမှ အစပဲရှိသေးတယ်။ ပြန်ပေးလိုက်ရင် ငါ အရင်လို ကံဆိုးမှုတွေနဲ့ပဲ ကြုံတွေ့နေရမှာပေါ့။

ရုတ်ခြည်းဆိုသလို အမူအရာပြောင်းသွားသော ကျွန်တော့်ကို ဖူးဖူးဖင်က မယုံသင်္ကာမျက်လုံးများဖြင့် ကြည့်ရင်း...





''အဲဒီအရုပ်လေးကို နင် တွေ့ထားလားဟင်... ဖော်တေဇ''

ဟု တတွတ်တွတ် မေးနေသည်။

တစ်ခါအမေးခံရတိုင်း ကျွန်တော့်နှလုံးအိမ်က ဒိန်းခနဲ ဒိန်းခနဲ ခောင့်ခုန်တက်သွား၏။ လိပ်ပြာမလုံသည့် ခံစားမှုကလည်း ရင်ထဲတွင် မုန်းတိုင်းတစ်ခုလို တဝုန်းဝုန်း မြည်ဟီးနေသည်။

သည်အရုပ်လေးမှာ ကျွန်တော့်အတွက် ပျော်ရွှင်မှုများ၏ အရှင်သခင်ပင်။ သည်အရုပ်လေးရပြီးကတည်းက ကျွန်တော့်ကိုယ် ကျွန်တော် စိတ်သစ်၊ လူသစ် ဖြစ်သွားသလို ခံစားရသည်။ သို့သော်လည်း ဖူးဖူးဖင်က ကျွန်တော့်အတွက် သူငယ်ချင်းကောင်းတစ်ယောက် ဆိုသည်မှာ ငြင်းဆန်မရပေ။ ကျွန်တော် လိုအပ်သည့်အချိန် ကျွန်တော့်ဘေးတွင် သူမ ရှိနေခဲ့သည်။

ထို့အတွက်ကြောင့် သူမကို ကျွန်တော် မညာချင်ပေ။ သို့သော်လည်း... ကျွန်တော့်နှုတ်ဖျားမှ ငြင်းဆန်သည့် စကားလုံးများက သူ့အလိုလို ထွက်ကျသွားသည်။

''ဟင့်အင်း... မတွေ့ဘူး...''

ဖူးဖူးဖင်၏မျက်နှာက ကျွန်တော်စကားကို ကြားသောအခါ ရုတ်ခြည်း မှေးမှိန်ဖျော့တော့သွားသည်။ မျက်ဝန်းနက်နက်ထဲတွင် ကြေကွဲ မှု အရိပ်အယောင်များက ယှက်သန်းသွား၏။

ကျွန်တော့်ကိုပင် မည်သည့်စကားမှ ပြန်မပြောဘဲ ငေးစိုက်ကြည့်နေ၏။ အတန်ကြာမှ ကျွန်တော့်ရှေ့ကနေ ချာခနဲ လှည့်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲ့... အဲဒီအဆောင်လေးက ဘယ်နားမှာ ပျောက်သွားတာလဲ... ဟင်"

ဟု ကျွန်တော်က မမေးရဲ မေးရဲနှင့် လှမ်းမေးလိုက်သော်လည်း ဖူးဖူးဇင်က ပြန်မဖြေပါ။ စိတ်ပျက်လက်ပျက်ပုံစံဖြင့် ခေါင်းကို ငိုက်စိုက်ချကာ ထွက်သွားလေသည်။

ကျွန်တော့်ရင်ထဲတွင် အသံတစ်သံက ပဲ့တင်ထပ်နေ၏။

"မင်းဘာလို့ လိမ်ညာပြီး ပြောရတာလဲ ဇော်တေဇ၊ အရုပ်လေးကို သူ့ကို ပြန်ပေးလိုက်စမ်း"

မဖြစ်နိုင်ဘူး...။ အခုပြန်ပေးလို့ မရဘူး၊ နောက်ထပ် နှစ်ပတ်လောက်ကြာမှ သူ့ကို ငါ ပြန်ပေးမယ်။

ဖူးဖူးဇင်ရယ် ငါ့ကို ခွင့်လွှတ်ပါ။ ငါ နှစ်ပတ်လောက်ပဲ ယူထားမှာပါ။

ဆို့နင့်ဝမ်းနည်းစွာ တွေးတောရင်း ကျွန်တော်က အားကစားရုံထဲမှ ထွက်လာလိုက်သည်။ ခေါင်းထဲတွင်လည်း စိတ်ညစ်ညူးစရာ အတွေးများဖြင့် ဝေဝါးနှောက်ကျိနေ၏။

ကိုယ့်ကိုယ်ကိုယ်လည်း 'တစ်ကိုယ်ကောင်းဆန်လိုက်တာ'ဟု မာန်မဲကြိမ်းမောင်းကာ နောင်တရနေမိသည်။

❑





စိတ်ပင်ပန်းနွမ်းနယ်မှုများဖြင့် အိပ်ရာပေါ်တွင် ကျွန်တော် လူးလိမ့်နေစဉ်မှာပင် တယ်လီဖုန်းက မြည်လာ၏။ ကျွန်တော်က ခုတင်ပေါ်မှဆင်းကာ ဖုန်းကိုင်လိုက်သည်။

တစ်ဖက်မှ အသံကိုကြားသောအခါ ကျွန်တော် အံ့သြသွားရ၏။ ဖုန်းဆက်သူမှာ ဆရာမ ဒေါ်မြတ်မြတ်မိုး ဖြစ်နေသောကြောင့်ပင်။

"ဩော်... ဟုတ်ကဲ့ ဆရာမ။ ဘာကိစ္စရှိလို့လဲ ခင်ဗျာ"

ကျွန်တော်က ထူးထူးခြားခြား ဖုန်းဆက်သော ဒေါ်မြတ်မြတ်မိုးကို တရိုတသေဖြင့် ပြန်ပြောလိုက်သည်။ ဖုန်းထဲမှ ဒေါ်မြတ်မြတ်မိုး၏ အသံမှာ ကြည်လင်ရွှင်ပျနေ၏။

"မင်းအတွက် ဝမ်းသာစရာသတင်းတစ်ခု ပြောရဦးမယ် ဇော်တေဇ၊ အဲဒါကြောင့် မနက်ဖြန်အထိ စောင့်မနေတော့ဘဲ အခု ဖုန်းဆက်လိုက်တာ၊ အချိန်ပိုင်း ကွန်ပျူတာပြိုင်ပွဲအလုပ်က မင်းအတွက် ဆရာမ ပြောပေးတာ ရတယ်သိလား..."

"ဟုတ်လား... ဆရာမ၊ ဝမ်းသာလိုက်တာ..."

ကျွန်တော်က ထိန်းချုပ်၍ မရနိုင်လောက်အောင်အထိ ဝမ်းသာပျော်ရွှင်သွားမိပြီး ပြန်ပြောလိုက်သည်။ ကျွန်တော့်ရင်ထဲတွင်လည်း သိန်းဆုကြီးပေါက်သလို ခံစားလိုက်ရ၏။ သို့သော် ကျွန်တော့်အတွက် ဝမ်းသာစရာသတင်းမှာ မပြီးဆုံးသေးပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြတ်မြတ်မိုးက...

''ဒါတင် ဘယ်ကဦးမလဲ ကလေးရယ်။ မင်းအတွက် နောက်ထပ် ဝမ်းသာရမယ့်ကိစ္စတစ်ခု ကျန်သေးတယ်''

''ဘာကိစ္စလဲ... ဟင် ဆရာမ''

ကျွန်တော်က သိလိုစိတ်ကို မအောင့်အီးနိုင်တော့ဘဲ အလောတကြီး ဖြတ်မေးလိုက်သည်။ ဖုန်းထဲမှတစ်ဆင့် ဒေါ်မြတ်မြတ်မိုး၏ ရယ်သံလွင်လွင်ကို ကြားလိုက်ရသည်။ ပြီးမှ...

''အဲဒီသူငယ်ချင်းက မင်း ကာတွန်း Animation လုပ်တတ်တာကိုလည်း သဘောကျနေတာ။ သူက သူ့ရဲ့သူငယ်ချင်းတစ်ယောက်နဲ့အတူတူ ကာတွန်း Animation ဇာတ်လမ်းခွေ ထုတ်ဖို့ လုပ်နေတာလေ။ အဲဒါ မင်းရဲ့ကာတွန်း Animation ဇာတ်လမ်းကို ကြည့်ချင်တယ်တဲ့။ ကြိုက်ရင် မင်းဆီက ပိုက်ဆံပေးဝယ်ပြီး အခွေထုတ်ချင်လို့တဲ့လေ''

''ဆ... ဆရာမ တကယ်ပြောနေတာလား... ဟင်''

ကျွန်တော်က ဝမ်းသာလွန်း၍ စကားကိုပင် ဖြောင့်ဖြောင့်တန်းတန်း မပြောနိုင်တော့ပေ။ ရင်တစ်ခုလုံး စိတ်လှုပ်ရှားမှုများဖြင့် ပြောင်းဆန်နေသည်။ ဖုန်းခွက်ကိုကိုင်ထားသော လက်များပင် ဝမ်းသာကြည်နူးမှုများကြောင့် တဆတ်ဆတ် တုန်ယင်လာ၏။

ဒေါ်မြတ်မြတ်မိုးက ဆက်ပြောလာပြန်သည်။

''မင်းရဲ့ Animation ဇာတ်လမ်းလေးက ပြဖို့ အဆင့်သင့်ဖြစ်ပြီလား... ဇော်တေဇ''

''ဟုတ်... ဟုတ်ကဲ့ ပြီးသလောက်နီးပါး ရှိသွားပြီ ဆရာမ။





Render လုပ်ပြီး အခွေကူးဖို့ပဲ ကျန်ပါတော့တယ်။ နောက်ထပ် တစ်ရက်၊ နှစ်ရက်လောက်နေရင်တော့ အားလုံး ပြလို့ရပါပြီ''

''အေးလေ... ဒါဆိုလည်း ဆက်ပြီး ကြိုးစားထားပေါ့။ အဲဒီ အတိုင်းပဲ ဆရာမ သူငယ်ချင်းကို ပြန်ပြောလိုက်ပါ့မယ်''

ထိုစကားနှင့်အတူ ဆရာမ ဒေါ်မြတ်မြတ်မိုးက ကျွန်တော့်ကို နှုတ်ဆက်ကာ ဖုန်းချသွားလေသည်။

ကျွန်တော်ကတော့ ဝမ်းသာပျော်ရွှင်မှုများနှင့်အတူ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ကာ ကံကြမ္မာကိုသာ ကျေးဇူးတင်နေမိသည်။ မကြာခဏဆိုသလိုလည်း မျက်လုံးများ အရောင်တလက်လက်လင်းနေသော အရုပ်လေးကို လက်ဖြင့် ပွတ်သပ်ကြည့်နေမိ၏။

ထိုစဉ်မှာပင် အပေါ်ထပ်သို့ တဒုန်းဒုန်းပြေးတက်လာသော ခြေသံနှင့်အတူ အိပ်ခန်းထဲသို့ပြေးဝင်လာသည့် မေမေ့ကို တွေ့လိုက်ရသည်။

မေမေက စိတ်လှုပ်ရှားလွန်းနေသည့်ပုံဖြင့် စကားကိုပင် ချက်ချင်းမပြောနိုင်သေးပေ။ ကျွန်တော့်မျက်နှာကို အံ့သြတကြီးကြည့်ကာ အသက်ကို ပြင်းပြင်းထန်ထန် ရှူသွင်းနေသည်။ ပြီးမှ တုန်ယင်ယင် အသံဖြင့်...

''သား... သား ကံစမ်းမဲပေါက်တယ် သိလား...''

''ဟင်... ဟုတ်လား မေမေ၊ ဘယ်က ကံစမ်းမဲလဲ''

''မေမေတို့အမြဲတမ်း မိသားစုလိုက် သွားစားနေတဲ့ လပ်ကီး စားသောက်ဆိုင်ကလေ။ ဟိုတစ်ခေါက် သွားစားတုန်းက



www.burmeseclassic.com

www.burmeseclassic.com



သားနာမည်နဲ့ မေမေတို့ ကံစမ်းမဲထည့်ခဲ့တာ မှတ်မိတယ် မလား ...''

ကျွန်တော့်ခေါင်းထဲတွင် ချက်ချင်းဆိုသလို မေမေပြောသည့် အကြောင်းအရာများကို မှတ်မိသွားသည်။ လွန်ခဲ့သော တစ်လလောက်က ကျွန်တော်တို့မိသားစုသုံးယောက် လပ်ကီးစားသောက်ဆိုင်တွင် သွားစားကြစဉ် အထူးအစီ၊စဉ်တစ်ခုနှင့် ကြုံခဲ့ရသည်။ ထိုအထူး အစီအစဉ်ဆိုသည်မှာ အမြဲတမ်းလာစားနေကျ ဖောက်သည်များကို ကံစမ်းမဲ ထည့်စေပြီး ပေါက်သည့် ကံထူးရှင်မှာ တစ်လတစ်ခါနှုန်းဖြင့် တစ်နှစ်တိတိ လပ်ကီးစားတော်ဆက်တွင် အခမဲ့ စားသောက်ခွင့်ရခြင်းပင်။

''ဒါဆို... သားတို့ တစ်နှစ်တိတိ အခမဲ့စားသောက်ခွင့်ရတာ ပေါ့နော်... မေမေ''

ဝမ်းသာတုန်ယင်စွာ ပြောလိုက်သော ကျွန်တော့် စကားသံအဆုံးတွင် မေမေက သွက်လက်စွာ ခေါင်းညိတ်ပြပြီး...

''ဟုတ်တယ်... သားရေ၊ မေမေတောင် ကြားကြားချင်း ယုံတောင် မယုံဘူး။ ပြီးမှ သားနာမည်နဲ့လာစားတဲ့ ရက်စွဲကို ပြောမှ ယုံသွားတာ။ ဒီလောက် လူအများကြီး ကြားထဲကမှ သားတစ်ယောက်တည်း မဲပေါက်တယ်ဆိုတော့ သားတော်တော်ကံကောင်းတယ်ကွယ်''

''ဟုတ်တယ်... မေမေ၊ သား ဒီရက်ပိုင်းအတွင်း အရမ်းကံကောင်းနေတယ်။ အဲဒါ ဘာကြောင့်လဲ သိလား မေမေ၊ သားဆီမှာရှိတဲ့ လူရုပ်လေးကြောင့်ပေါ့''





သို့သော် ထိုစကားကိုတော့ ကျွန်တော့်စိတ်ထဲမှ ပြောလိုက်ခြင်းဖြစ်သည်။ တကယ့်တကယ်တမ်းတွင်တော့...

''ဒါဆို သားတို့ ဘယ်တော့ သွားစားကြမှာလဲ မေမေ''

ဟုသာ မေးလိုက်မိတော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၂)

ည၌နက်သည်အထိ ကွန်ပျူတာရှေ့တွင်ထိုင်ကာ မထတမ်း လုပ်နေခဲ့ရသဖြင့် ဝေဝါးလာသည်။ တချို့ ပုံရိပ်များကိုပင် ပြတ်ပြတ်သားသား မမြင်ရ။ အိပ်ချင်သည့် ဝေဒနာကလည်း အားတင်းသည့်ကြားမှပင် ပိုပိုဆိုးလာပြီ။

နောက်ဆုံး ကျွန်တော်က...

''နောက်နေ့ကျမှပဲ ဆက်လုပ်တော့မယ်''

ဟု ရေရွတ်ရင်း ကွန်ပျူတာကို ပိတ်လိုက်၏။ ထို့နောက် ညအိပ်ဝတ်စုံကိုလဲကာ ခုတင်ပေါ်သို့ တက်လာခဲ့သည်။ အိပ်ရန်ပြင်နေပြီးမှ ခေါင်းအုံးအောက်ရှိ လူရုပ်သေးသေးလေးကို သတိရမိသွားကာ ထုတ်ယူကြည့်လိုက်မိ၏။





လူရုပ်သေးသေးလေးမှာ ပြုံးရယ်နေသည့်ပုံဖြင့် ကျွန်တော့်လက်ထဲသို့ ပါလာသည်။ ရွှေစေ့အရွယ်လောက်ရှိသော မျက်လုံးလေးနှစ်လုံးမှာလည်း ကျောက်မျက်ရတနာများကို စီထိုးထားသလိုမျိုး... တလက်လက်၊ တဖျပ်ဖျပ် လင်းလက်နေသည်။

ကျွန်တော်က ထိုအရုပ်လေးကို လက်ဖြင့် ပွတ်သပ်နေရင်း...

"ငါ့အတွက် ကံကောင်းမှုတွေကို ယူလာလို့ မင်းကို တကယ်ကျေးဇူးတင်ပါတယ်ကွာ"

ဟု ရင်ထဲမှ ဆန္ဒအတိုင်း ပြောလိုက်မိသည်။ အရုပ်လေးမှာ သက်ရှိတွေလို စကားပြောတတ်ခဲ့လျှင် ကျွန်တော့်အား တစ်ခုခုပြန်ပြောမည်မှာ အသေအချာပင်။

ကျွန်တော်က ထိုအရုပ်လေးကို အားရအောင် ကြည့်ရှုပြီးသည့်နောက်တွင် ခုတင်ဘေးရှိ မှန်တင်ခုံပေါ်သို့ တင်လိုက်၏။ နောက်... အိပ်ခန်းမီးကို ပိတ်ကာ ခုတင်ပေါ်သို့ လှဲချလိုက်သည်။

ဖြစ်နိုင်လျှင် သည်ညကို အိပ်စက်ခြင်းဖြင့် ကျွန်တော် မကျော်လွှားချင်ပါ။ အိပ်ပျော်ပြီး ပြန်နိုးလာလျှင် ကျွန်တော့်ကံကြမ္မာ တစ်မျိုးတစ်ဖုံ ဖြစ်သွားမည်ကို စိုးရိမ်နေသောကြောင့် ဖြစ်သည်။

သို့သော် မနက်ဖြန်မှာ ပိုင်ဆိုင်ရမည့် ဝမ်းသာကြည်နူးစရာများကို အားပြည့်အင်ပြည့် ရယူဖို့အတွက် ကျွန်တော် အိပ်မှရပေလိမ့်မည်။

စောင်ကို မေးစေ့အထိရောက်အောင် ကျွန်တော် ဆွဲခြုံလိုက်စဉ်မှာပင် တစ်စုံတစ်ရာကို သတိထားကြည့်မိသွားသည်။

"ဟင်!"

www.burmeseclassic.com



မှန်တင်ခုံပေါ်တွင် တင်ထားသော အရုပ်လေး၏ မျက်လုံးများမှာ မမြင်ဖူးလောက်အောင်အထိ တောက်ပလင်းလက်လာသောကြောင့် ဖြစ်သည်။

ကျွန်တော် မှင်တက်ပြီး ငေးကြည့်နေစဉ်အတွင်းမှာပင် လူရုပ်လေး၏ မျက်လုံးများမှာ တင်းနစ်ဘောလုံးအရွယ်အစားလောက် တဖြည်းဖြည်းကြီးလာကာ အလင်းရောင်များမှာလည်း တစ်ခန်းလုံးကို ပြတ်ပြတ်သားသား မြင်နိုင်သည်အထိ တောက်ပလာ၏။

ထိုအလင်းရောင်ဖြင့်ပင် လူရုပ်လေး၏မျက်နှာကို သဲသဲကွဲကွဲ လှမ်းမြင်လိုက်ရသည်။

"ဟင်!"

မယုံနိုင်ဖွယ် အဖြစ်အပျက်ကြောင့် ကျွန်တော့်နှလုံးအိမ်တစ်ခုလုံး အပြင်သို့ ကျွတ်ထွက်ပါသွားသလို ခံစားလိုက်ရ၏။

အရုပ်လေး၏မျက်နှာမှာ ပြုံးရယ်နေခြင်း မရှိတော့ပေ။ အညိုရောင် နှုတ်ခမ်းများမှာလည်း တစ်ခုခုကို ပြောချင်သည့်ပုံဖြင့် လှုပ်ရှားလာသည်။ ထို့နောက် ကျွန်တော့်ရင်တစ်ခုလုံး ကျွမ်းထိုးမှောက်ခုံဖြစ်သွားစေမတတ် စကားတစ်ခွန်းကို ကြားလိုက်ရလေ၏။

"မောင်ကံကောင်းလေး... ဖော်တေဇ"

❑





ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ကျွန်တော် အသက်မပြတ် အော်နေမိသည်။ ယောင်ယမ်းပြီး မျက်လုံးများကိုလည်း ပိတ်ထားလိုက်မိ၏။ အသက်ရှူ၍ မရ။ ရင်ဘတ်ထဲတွင် နှလုံးခုန်သံက တဒုန်းဒုန်း မြည်နေသည်။

ကျွန်တော့်အော်သံကြောင့် အခန်းထဲသို့ ဖေဖေနှင့်မေမေ စိုးရိမ်တကြီးဖြင့် အခန်းတံခါးကို ဂုန်းခနဲ ဆောင့်ဖွင့်ကာ ဝင်လာကြ၏။

ဖေဖေက အခန်းမီးကို ချောက်ခနဲ ဖွင့်ရင်း...

"သား... ဘာဖြစ်တာလဲ... ဘာဖြစ်တာလဲ"

ဟု နှုတ်မှ တတွတ်တွတ်မေးနေသည်။ မေမေက ကျွန်တော့် အနားသို့လာကာ ပွေ့ဖက်လိုက်ပြီး...

"သား... သား ဘာဖြစ်တာလဲ... ပြောလေကွယ်။ အိပ်မက် ဆိုးမက်တာလား..."

ကျွန်တော်က မေမေ့ကို အားကိုးတကြီး မော့ကြည့်ရင်း ကြောက်စိတ်မပြေသေးသည့် အသံဖြင့် ရှင်းပြလိုက်သည်။

"ဟင့်အင်း... မဟုတ်ဘူး မေမေ။ သား အိပ်မက်မက်တာ မဟုတ်ဘူး။ ဟို... ဟို... အရုပ်လေးက သားကို စကားလှမ်း ပြော... ပြောလို့"

အရုပ်လေးရှိရာသို့ မေမေ့ကို လက်ညှိုးညွှန်ပြရင်း ကျွန်တော် ကိုယ်တိုင်လည်း လှမ်းကြည့်လိုက်သည်။

ဟင် !... ဘယ်လိုဖြစ်တာလဲ ?



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်မြင်ခဲ့ရသော ကြောက်မက်ဖွယ်ပုံရိပ်များမှာ အိပ်မက်ဟု ထင်ရလောက်အောင်ပင် ကွယ်ပျောက်သွားလေပြီ။ ပို၍တိတိကျကျ ပြောရလျှင် အရုပ်လေး၏ မျက်လုံးများမှာ ပုံမှန်အတိုင်းပင်။ မျက်နှာကလည်း ပြုံးရယ်နေသည်။

ဖေဖေက စိတ်ရှုပ်ထွေးသွားဟန်ဖြင့် ခေါင်းကို ကုတ်ဖွကာ မှန်တင်ခုံပေါ်မှ အရုပ်လေးကို ကောက်ယူကြည့်လိုက်ပြီး…

''သားပြောတာ ဒီအရုပ်လား…''

''ဟုတ်… ဟုတ်ကဲ့ ဖေဖေ။ ဒီအရုပ်လေးကနေ အလင်းရောင်တွေရော ပြီး… ပြီး…''

ဖေဖေက ကျွန်တော့်စကားပြီးအောင်ပင် မစောင့်တော့ဘဲ စိတ်မရှည်တော့သည့် အသံဖြင့် ပြောလိုက်သည်။

''ကဲပါ… သားရယ် ဖေဖေ အခြေအနေမှန်ကို အကဲခတ်လို့ရပါတယ်။ သား ဒီအရုပ်ကို စိတ်စွဲပြီး အိပ်မက်မက်တာပါ။ ဖေဖေ ဒီအရုပ်လေးကို သွားလွှင့်ပစ်လိုက်ပါ့မယ်''

''မလုပ်နဲ့… ဖေဖေ''

ကျွန်တော်က ထိတ်ထိတ်ပျာပျာဖြင့် တားဆီးရင်း ဖေဖေ့လက်ထဲမှ အရုပ်လေးကို လှမ်းယူလိုက်သည်။

''ဒါ သားအတွက် ကံကောင်းတဲ့အဆောင်လေးပါ''

ထိုစကားကို ကြားသောအခါ မေမေက သက်ပြင်းရှည်ကြီးကို ချလိုက်ပြီး…

''သားတစ်ယောက်တည်း ရှုပ်နေတာပဲကွယ်။ သား ဖေဖေက သား ဒီလိုနောက်တစ်ခါ မဖြစ်ရအောင် လွှင့်ပစ်မလို့ပါ။





ပြီးတော့ ဒီအရုပ်လေးက အဆောင်လက်ဖွဲ့ပုံနဲ့လည်း မတူပါဘူးကွယ်။ မေမေ့မျက်လုံးထဲမှာတော့ 'လူခြောက်'ကလေး ကျနေတာပဲ''

ကျွန်တော်က မည်သို့မျှ မတုံ့ပြန်ဘဲ ငြိမ်နေလိုက်သည်။ ဖေဖေနှင့် မေမေကတော့ ကျွန်တော့်ကို စိတ်ပျက်လက်ပျက်ဖြင့် ကြည့်ရင်း သက်ပြင်းကိုယ်စီချကာ အခန်းထဲမှ ထွက်သွားလေသည်။

''ဟုတ်ပါတယ်… ငါ အိပ်မက်ဆိုးမက်နေတာ နေမှာပါ''

ကိုယ့်ကိုယ်ကိုယ် အားပေးနှစ်သိမ့်ရင်း ကျွန်တော်က ပြန်အိပ်ရန် ပြင်လိုက်သည်။ လက်ထဲတွင်လည်း အရုပ်လေးကို ကိုင်ထားမိလျက်။ မတော်တဆ ဖေဖေ ယူပြီး လွှင့်ပစ်လိုက်မှဖြင့်ဆိုသည့် အတွေးကြောင့် ဖြစ်သည်။

တကယ်တော့ အိပ်မက်ဟု ယုံကြည်ခဲ့ခြင်းက ကျွန်တော့်အမှားပင်။

❑


www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၃)

နောက်တစ်နေ့ နံနက်တွင် ကျွန်တော်တို့ နဝမတန်း (Grade-10) ကျောင်းသား၊ ကျောင်းသူအားလုံး လေ့လာရေးခရီးအဖြစ် ရုက္ခဗေဒဥယျာဉ် အငယ်စားလေးရှိရာနေရာသို့ သွားရောက်လေ့လာရသည်။

ရာသီဥတုမှာ သာယာသည်ဟု မဆိုနိုင်သော်လည်း သိပ်တော့ မဆိုးရွားလှပေ။ မွန်းတည့်နေရောင်ခြည်က ပူနွေးနေသော်လည်း ပန်းပေါင်းရနံ့ သင်းပျံ့နေသော လေပြည်များကြောင့် လန်းဆန်းတက်ကြွနေသလို ခံစားရသည်။





လေ့ကျင့်ရေးမှူး ဦးထွန်းစိန်နှင့် သိပ္ပံဆရာ ဦးကိုကိုတို့ နှစ်ယောက်က ကွေ့ကောက်သော မြေလမ်းကလေးအတိုင်း ကျွန်တော်တို့ ကျောင်းသားအုပ်ကြီးကို ဦးဆောင်ခေါ်လာပြီး ပါးစပ်မှလည်း ကျောင်းသား၊ ကျောင်းသူများ မေးသမျှကို ဖြေကြားနေသည်။

ဖူးဖူးဇင်ကတော့ ကျွန်တော့်ဘေးမှ လျှောက်နေသော်လည်း မည်သည့်စကားတစ်ခွန်းမျှ မပြောချေ။ ပန်းရောင်ဖျော့ဖျော့ ခေါင်းစွပ်အင်္ကျီကို ဝတ်ဆင်ထားပြီး စိတ်မပါတပါဖြင့် ခေါင်းငိုက်စိုက်ကျကာ လိုက်ပါလာသည်။ လက်မှ စက်ဘီးမှောက်သည့် ဒဏ်ရာကလည်း ပျောက်ကင်းသေးဟန် မတူပေ၊ ယခုထက်ထိ ပတ်တီးနှင့်သာ ရှိသေး၏။

ဘာကြောင့်မှန်းမသိ။ ကျွန်တော်က ဖူးဖူးဇင် ဘေးနားတွင် ရှိနေသည်ဆိုသော အသိကြောင့် လိပ်ပြာမလုံသလိုဖြစ်ကာ အင်္ကျီအိတ်ကပ်ထဲမှ လူရုပ်သေးသေးလေးကို မကြာခဏ လက်ဖြင့် စမ်းကြည့်နေမိသည်။

သစ်ပင်ကြီးငယ်များ ထူထပ်စွာပေါက်ရောက်နေသည့် နေရာသို့ ရောက်သောအခါ ဖူးဖူးဇင်က ကျွန်တော့်ကို ဖျတ်ခနဲ လှည့်ကြည့်ရင်း...

"ဟဲ့... နင့်မှာ ရေကျန်သေးလား ဇော်တေဇ"

"အေး ကျန်သေးတယ်။ နင် ရေဆာလို့လား..."

ပြောပြောဆိုဆိုနှင့် ကျွန်တော်က ကျောပိုးအိတ်ဘေးမှ ရေဘူးကို ဖြုတ်လိုက်သည်။ နှုတ်မှလည်း...

"နင် ရေဘူး မယူလာဘူးလား... ဖူးဖူးဇင်"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်သည်။ ဖူးဖူးဇင်က ခေါင်းကို လေးလေးပင်ပင် ခါယမ်းရင်း...

"အိမ်က စထွက်လာကတည်းက ပေါက်နေလို့ ကျောင်းမှာ ထားခဲ့တယ်။ အဲဒီရောဘူးအစုတ်ကြောင့် ငါ့စာအုပ်အားလုံး ရေစိုကုန်တယ်လေ...။ ပြောရရင် စိတ်ညစ်စရာကြီးပါ... ဟယ်"

ကျွန်တော်က စိတ်မကောင်းစွာဖြင့် သက်ပြင်းကိုချကာ သူမအား ရေဘူးလှမ်းပေးလိုက်သည်။ ဖူးဖူးဇင်က ကျွန်တော်လှမ်းပေးသော ရေဘူးကိုယူကာ မော့သောက်လိုက်၏။

ထိုစဉ်မှာပင် ဖူးဖူးဇင်မျက်နှာကို သတိထားကြည့်မိသွားပြီး ကျွန်တော်က အလန့်တကြား ဖြစ်သွားသည်။

ဖူးဖူးဇင်၏ မျက်နှာပေါ်တွင် အနီရောင် အစက်အပြောက်များ...။ ဟိုတစ်စက် ဒီတစ်စက်ဖြင့် မျက်နှာအပြည့်ဆိုသလိုပင်။

"ဟဲ့... နင့်မျက်နှာပေါ်မှာ အနီစက်တွေ... ဘယ်... ဘယ်လို ဖြစ်တာလဲ"

ကျွန်တော်က စိုးရိမ်ပူပန်စွာဖြင့် မေးလိုက်သော်လည်း ဖူးဖူးဇင်က စိတ်ဆိုးမာန်ဆိုးဖြင့်...

"မကြည့်နဲ့!...၊ ငါ့မျက်နှာကို လာမကြည့်နဲ့"

ဟု ဒေါသတကြီး ပြောလေသည်။ ရေဘူးကိုပင် တခြားဘက်သို့ မျက်နှာလွှဲကာ ပြန်ပေးလေ၏။ ချက်ချင်းဆိုသလို ကျွန်တော့်ခေါင်းထဲတွင် ဖူးဖူးဇင် ဘာကြောင့် ခေါင်းစွပ်ကြီးကို တစ်မနက်လုံး ဆောင်းထားရသည်ကို သဘောပေါက် နားလည်သွားသည်။





ကျွန်တော်က ရေဘူးကို ပြန်ယူရင်း...

"နင် အဲဒါတွေ ဘယ်တုန်းက ဖြစ်တာလဲ...။ ဆရာဝန်နဲ့ မပြကြည့်ဘူးလား..."

ဖူးဖူးဇင်ဆီမှ ရှိုက်သံတစ်ချက်ကို ခပ်တိုးတိုး ကြားလိုက်ရသည်။ မျက်နှာပေါ်မှ အနီစက်များကြောင့် ရှက်ရွံ့အားငယ်နေဟန်တူသည်။ အတန်ကြာမှ ဖူးဖူးဇင်က လေသံတိုးဖျော့ဖျော့ဖြင့် ပြန်ဖြေ၏။

"အဟင့်... ဟင့်... ငါလည်း အိပ်ရာနိုးမှ သိရတာ။ ညအိပ်ရာဝင်တဲ့အထိ ငါ့မျက်နှာမှာ ဘာအစက်အပြောက်မှ မရှိဘူး။ အခုဆို ဘာလုပ်လို့ လုပ်ရမှန်းတောင် မသိတော့ပါဘူး ဟယ်"

ဖူးဖူးဇင်မှာ ပြောရင်းဖြင့် ဝမ်းနည်းလာ၍ တသိမ့်သိမ့် ရှိုက်ငိုနေသည်။ နှစ်သိမ့်အားပေးနေသော်လည်း မရ။

သူမကို ကြည့်ပြီး ကျွန်တော် အရမ်းသနားသွားမိ၏။ သူမ၏ ကံဆိုးမိုးမှောင်ကျမှုများ ဘယ်က ဘယ်လို စတင်လာမှန်း ကျွန်တော် သိသည်။ သို့သော်လည်း...။

ကျွန်တော်က အိတ်ကပ်ထဲမှ လူရုပ်လေးကို မသိမသာ စမ်းကြည့်လိုက်မိ၏။

ဒီအရုပ်လေးမရှိတာနဲ့ ဖူးဖူးဇင် ဘာလို့ ဒီလောက်တောင် ကံဆိုးသွားရတာလဲ...။ ဒီအရုပ်လေးက ငါတို့နှစ်ယောက်စလုံးကို ကံကောင်းအောင် မလုပ်ပေးတာလဲ။

အဖြေမဲ့သော မေးခွန်းများနှင့် ကျွန်တော် လုံးထွေးရစ်ပတ်နေစဉ်မှာပင် အနောက်ဘက်မှ အော်ဟစ်ဆူညံသံများကို ကြားလိုက်ရသည်။

www.burmeseclassic.com

ဘာဖြစ်ကြတာလဲ ?

ကျောင်းသား၊ ကျောင်းသူများမှာ ထိတ်ထိတ်ပျာပျာ အမူအရာဖြင့် ဝရုန်းသုန်းကား ဖြစ်နေကြသည်။

ကျွန်တော်က ထိုနေရာသို့ ပြေးသွားလိုက်ပြီး ကြည့်လိုက်သည်။

မြွေကြီးနှစ်ကောင်...။ အမြီးဖြင့် သစ်ကိုင်းတစ်ခုကို ချိတ်တွယ်ထားပြီး အောက်သို့ တွဲလောင်းကျနေ၏။ ချွန်ထက်သော အစွယ်များနှင့် အတူ နှစ်ခွဖြစ်နေသော လျှာကို ကြည့်ရသည်မှာ ကျောချမ်းစရာကောင်းလှသည်။

ထိုမြွေနှစ်ကောင်ကြောင့် နောက်မှလိုက်လာသော ကျောင်းသား၊ ကျောင်းသူများမှာ ရှေ့သို့ ခရီးဆက်၍ မရတော့ပေ။

သည်အတိုင်းသာဆိုလျှင် ကျွန်တော်တို့ တစ်ဖွဲ့လုံးလည်း နောက်ကြောင်းပြန်လှည့်၍ မဖြစ်နိုင်။ မြွေကြီးနှစ်ကောင်မှာ ကျဉ်းမြောင်းလှသော မြေလမ်းလေးကို အလယ်မှနေကာ ပိုင်းခြားထားလေပြီ။

ကြောက်လန့်တကြား အော်ဟစ်သံများမှာ ပို၍ကျယ်လောင်လာသည်။

ကျွန်တော် ဆုံးဖြတ်ချက်တစ်ခုကို အလျင်အမြန် ချလိုက်ပြီး ကျောပေါ်မှ ကျောပိုးအိတ်ကို ချွတ်လိုက်၏။ ထို့နောက်...

"မလုပ်နဲ့... ဇော်တေဇ"

လေ့ကျင့်ရေးမှူး ဦးထွန်းစိန်က အော်ဟစ်တားဆီးနေသော်လည်း ကျွန်တော် မရပ်တန့်တော့ပေ။ ရှိသမျှအားကို ဖျစ်ညှစ်ကာ တွဲလောင်းကျနေသော မြွေကြီးနှစ်ကောင်ကို လည်ပင်းအရင်းမှ ဆွဲခုန်ညှစ်လိုက်သည်။





"သတိထား!... ဇော်တေဇ"

"ဒုက္ခပါပဲ!"

"အဲဒါ မြွေဆိုးတွေ ဇော်တေဇ၊ အရမ်းကာရော လျှောက်မလုပ်နဲ့"

စိုးရိမ်တကြီး အော်ဟစ်ပြောဆိုသံများမှာ ကျက်ကျက်ညံနေသည်။ သို့သော် ကျွန်တော်ကတော့ မြွေကြီးနှစ်ကောင်ကို လည်ပင်းမှကိုင်ကာ သစ်ပင်ပေါ်မှ အောက်သို့ ဆွဲချလိုက်သည်။ ဟာခနဲ၊ ဟင်ခနဲ ဖြစ်သွားသံများက ကျယ်လောင်သွား၏။

မည်းနက်ပြောင်ချောနေသော မြွေကြီးနှစ်ကောင်မှာ တွန့်တွန့်လူးပြီး ကျွန်တော့်လက်ထဲသို့ ပါလာသည်။ အမြီးများကလည်း ကျွန်တော်၏ လက်တစ်ခုလုံးကို ရစ်ပတ်တွယ်ထား၏။

ကျွန်တော့်မှာ လက်နှစ်ဖက်စလုံး မအားသဖြင့် မည်သို့မှ ဆွဲခွာ၍မရပေ။ မြွေကြီးနှစ်ကောင်မှာလည်း ကြမ်းတမ်းသန်မာစွာဖြင့် ကျွန်တော့်လက်နှစ်ဖက်စလုံးကို အားကုန်ရစ်ပတ်ထားလေပြီ။

မြွေကြီးနှစ်ကောင်၏ အေးစိမ့်စွတ်စိုမှု အထိအတွေ့က ကျွန်တော့်ခန္ဓာကိုယ် အရေပြားမှဖောက်ကာ နှလုံးအိမ်ထဲအထိ တစ်စထက် တစ်စ ဝင်လာသည်။

ကျွန်တော့်အသတ်ကို ကျွန်တော် မနိုင်တော့။ ဆီလူးထားသလို ချော်ချွတ်နေသော မြွေကြီးနှစ်ကောင်မှာ ဒေါသတကြီးဖြင့် ကျွန်တော့်လက်ထဲမှ ရုန်းထွက်ရန် ကြိုးစားနေကြသည်။ ကြာကြာဆက်ထိန်းထားဖို့လည်း ကျွန်တော့်မှာ အားအင်မရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

မြွေကြီးနှစ်ကောင်မှာ လက်က လွတ်သွားသည်နှင့် ကျွန်တော့်ကို အငြိုးတကြီး ပေါက်မည်မှာ မြေကြီးလက်ခတ်မလွဲပင်။ အစွယ် အဖွေးသားဖြင့် မြွေကြီးနှစ်ကောင်မှာ ကျွန်တော့်ကို ပေါက်ရန် ပါးစပ်များကို အစွမ်းကုန် ဖြဲဟထားကြလေပြီ။

ငါတော့ မရှုစမ်းမဆင်ခြင် အတင့်ရဲလို့ မြွေပေါက်ခံရတော့မယ်...။

ထိုအသိနှင့်အတူ ကြောက်စိတ်က ကျွန်တော့်ရင်ထဲသို့ သိမ်မွေ့စွာ စတင်ရောက်ရှိလာလေတော့သည်။

❑





အခန်း (၁၄)

သို့သော် ကံကြမ္မာက ကျွန်တော့်ဘက်တွင် ရှိနေခဲ့လေပြီ။

ရုတ်တရက်ဆိုသလို အစွယ်တပြုပြု မာန်တကြွားကြွား ဖြစ်နေသော မြွေကြီးနှစ်ကောင်မှာ ထူးထူးဆန်းဆန်း ရုန်းကန်တွန့်လိမ်ခြင်း မရှိတော့ဘဲ ငြိမ်သက်သွားသည်။ ကျွန်တော့်လက်နှစ်ဖက်စလုံးကို ဖျစ်ညှစ်လိမ်ထားသော အမြီးများကိုပင် ဖြေလျော့ကာ အောက်သို့ တွဲလောင်းကျသွားပေါ့။

ကျွန်တော်လည်း သည်အခွင့်အရေးကို လက်လွှတ်မခံတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com


မြွေကြီးနှစ်ကောင်အား နီးရာချုံပုတ်ထဲသို့ လွှမ်းပစ်ထည့်လိုက်၏။

မြွေကြီးနှစ်ကောင်မှာ မြေပြင်ပေါ်သို့ ရောက်သည်နှင့် ချုံပုတ်ထဲသို့ လျှောခနဲ တိုးဝင်ကာ ပျောက်ကွယ်သွားကြ၏။

အခုမှပင် ကျွန်တော် သက်ပြင်းချနိုင်တော့သည်။ ဝိုင်းအုံကြည့်ရှုနေကြသော ကျောင်းသားအုပ်ထံမှလည်း ချီးကျူးသံများ၊ သက်ပြင်းချသံများကို ကြားလိုက်ရသည်။

"ကံသီလို့ပေါ့ ဇော်ဝေရေ။ ဒီမြွေပေါက်ရင် သေနိုင်တယ်ကွ"

ထိုအသံနှင့်အတူ ကျွန်တော့်ဘေးသို့ လေ့ကျင့်ရေးမှူး ဦးထွန်းစိန် ရောက်လာသည်။ ဆက်ပြီးတော့လည်း သူကပင်...

"မင်းမှာ ဘယ်လိုအစွမ်းထက်တဲ့ အဆောင်မျိုးရှိလို့ ဒီမြွေဆိုးတွေ မပေါက်နိုင်အောင် လုပ်နိုင်တာလဲ...။ မင်း တော်တော်ကံကောင်းတဲ့ချာတိတ်ပဲဟေ့"

ကျွန်တော်က ဦးထွန်းစိန်ကို ပြုံးပြုံး၍သာ ကြည့်နေခဲ့သည်။ ကျွန်တော့်အတွက် သူ့ကို ပြန်ပြောစရာစကားလုံး မရှိချေ။

ပုံမှန်အတိုင်းဆိုလျှင် ကျွန်တော် ဒီလို အတင့်ရဲစရာသတ္တိ မရှိပေ။ သို့သော်လည်း အခု ကျွန်တော့်မှာ ဘာလုပ်လုပ် ကံကောင်းစေမည့်အဆောင် သို့မဟုတ် လူရုပ်လေးရှိနေသည် မဟုတ်ပါလား...။

ကျောင်းသား၊ ကျောင်းသူများမှာ ကျွန်တော်၏ ပြောင်မြောက်လှသော သတ္တိအတွက် ချီးကျူးထောပနာ ပြုနေကြသည်။ တချို့မှာလည်း ကျွန်တော့်ကို ပုံပြင်ထဲမှ သူရဲကောင်းတွေအလား တစ်ယောက်



တစ်ပေါက် ပြောဆိုနေကြ၏။

သို့သော် တစ်စုံတစ်ယောက်ကတော့ မီးဝင်းဝင်းတောက်နေသော မျက်လုံးအစုံဖြင့် ကျွန်တော့်အား ရပ်ကြည့်နေသည်။

ဖူးဖူးဖင် ငါ့ကို မနာလိုဖြစ်နေတာလား...။

ကျွန်တော် သက်ပြင်းကို စိတ်မသက်မသာဖြစ်စွာဖြင့် ချလိုက်သည်။ စိတ်ထဲမှလည်း...

"စိတ်မကောင်းပါဘူး ဖူးဖူးဖင်ရယ်။ ငါက အခုမှ ကံကောင်းတဲ့ လူပါ...။ ငါ့ကိုလည်း အလှည့်ပေးပါဦး..."

ဟု ရေရွတ်ညည်းတွားလိုက်မိလေသည်။

❑


www.burmeseclassic.com

www.burmeseclassic.com



အဲသည်နေ့ ညနေခင်းမှာပင်…။

ကျွန်တော်တို့တစ်သင်းလုံး တခြားကျောင်းမှ ဘတ်စကက်ဘောအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သောကြောင့် စိတ်လှုပ်ရှားနေကြသည်။

အဝတ်လဲခန်းထဲတွင် အဝတ်လဲနေရင်း သဲမွှန်က…

''ဖော်တေဖ မင်း… တို့နဲ့ကစားရမယ့် 'သိမ်းငှက်'အသင်းက လူတွေကို မြင်ပြီးပြီလား…''

''ဟင့်အင်း… မမြင်မိသေးဘူး။ ဘာဖြစ်လို့လဲ''

ကျွန်တော်က ကြောင်အအဖြင့် ပြန်မေးရင်း လော့ကာ (Locker) တံခါးကိုဖွင့်ကာ အထဲမှ အားကစားဖိနပ်ကို ထုတ်ယူလိုက်သည်။

''ဘာဖြစ်ရမှာလဲ… အသင်းသားအားလုံးက ဘတ်စကက်ဘောမပုတ်ဘဲ ဆူမိုနပန်းပြိုင်ပွဲ ဝင်ဖို့ကောင်းတယ်။ လူကောင်ကြီးတွေက ကျွဲကြီးတွေ၊ နွားကြီးတွေ ကျနေတာပဲ''

သဲမွှန်ကို စိုးရိမ်စရာမရှိ စိုးရိမ်နေသည်ထင်ပြီး ကျွန်တော်က အသံထွက်အောင် ရယ်မောလိုက်သည်။ ပြီးမှ…

''လူကောင်ကြီးပြီး အသုံးမကျတဲ့ကောင်တွေ အများကြီးရှိပါတယ်ကွာ။ ငါတို့ ကောင်းကောင်းလက်စွမ်းပြနိုင်ရင် နိုင်မှာပဲ''

''အကောင်ကြီးပြီး အသုံးမကျတဲ့အထဲမှာ ငါမပါဘူးကွ''

ငှက်ကြီး၏အသံသြသြကြီးက အဝတ်လဲခန်းထောင့်တစ်နေရာမှ ထွက်ပေါ်လာသည်။ ကျွန်တော် ဖျတ်ခနဲ လှမ်းကြည့်လိုက်တော့ ဖိနပ်ကြိုးချည်နေသော ငှက်ကြီးကို တွေ့ရ၏။



အခုတစ်လော ငှက်ကြီး၏ ဆက်ဆံပုံမှာ ကျွန်တော့်အပေါ်တွင် ပြောင်းလဲနေသည်။ အရင်လို အနိုင်မကျင့်တော့ဘဲ ရင်းနှီးသော သူငယ်ချင်းတစ်ယောက် ပုံစံဖြင့် ဆက်ဆံ၏။

အခုလည်း ကျွန်တော်၏အနှောင့်အသွားမလွတ်သော စကားကို မည်သို့မျှမနေဘဲ ရယ်ကျဲကျဲ အမူအရာဖြင့်…

''ဒီနေ့ပွဲကတော့ ငါ လက်စွမ်းပြရမယ့်ပွဲပဲ… ဖော်တေဖရေ၊ မင်းလည်း အစွမ်းကုန်ကြိုးစားနော်''

ကျွန်တော်က ပြုံးပြီးသော ငှက်ကြီးကို ကြည့်နေမိသည်။ အမြဲတမ်း ကျွန်တော့်ကို အနိုင်ကျင့်ခဲ့သော ငှက်ကြီးတစ်ယောက် အခုတော့ လူရုပ်လေး၏ အစွမ်းသတ္တိကြောင့် ပြောင်းလဲခဲ့ရလေပြီ။ အကယ်၍ ကျွန်တော့်မှာသာ ထိုအရုပ်လေး မရှိခဲ့လျှင် ငှက်ကြီး၏ အနိုင်ကျင့်မှုကို ခံရမည်မှာ ဆိုဖွယ်ရာမရှိ။

''ကဲ… နောက်ကျနေပြီ… သွားကြရအောင်''

သဲမွှန်၏ ခေါ်သြသံနှင့်အတူ အားလုံး အဝတ်လဲခန်းထဲမှ အသီးသီး ထွက်ခွာသွားကြသည်။ ကျွန်တော်လည်း လော့ကာ (Locker) တံခါးကို ဂျိုင်းခနဲ ဆောင့်ပိတ်လိုက်၏။ သို့သော် နမော်နမဲ့နိုင်လွန်းသော ကျွန်တော့်အတွက် အကျိုးရလဒ်ကား…။

''အား! ''

ကိုယ့်လက်ကိုကိုယ် တံခါးဖြင့် ဆောင့်ပိတ်မိသလို ဖြစ်သွားပြီး နာကျင်စွာ အော်ဟစ်လိုက်မိ၏။ လက်ချောင်းများမှာလည်း အရိုးကျိုးကြေသွားမတတ် ခံစားလိုက်ရလေသည်။

www.burmeseclassic.com



ခိုးရှားလိုက်တာ…။ ကိုယ့်လက်ကိုကိုယ် တံခါးနှင့် ပြန်ခေါက်ပိတ်မိတယ်လို့…။

ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် ပြစ်တင်ရှုတ်ချရင်း တံခါးနှင့် ညပ်မိသွားသော လက်ချောင်းများကို ခါလိုက်သည်။ သို့သော် ကျွန်တော်၏ လက်ချောင်းများမှာ နီရဲဖူးရောင်လာပြီး တဆစ်ဆစ် ကိုက်ခဲလာ၏။

ဒုက္ခပါပဲ။ ပြိုင်ပွဲကစားခါနီးကျမှ ဖြစ်ရတယ်လို့။

ဘာပဲဖြစ်ဖြစ် ဒီနေ့ပွဲကိုတော့ ငါ ဝင်ကစားရမှဖြစ်မယ်။

ကျွန်တော်က နာကျင်မှုဝေဒနာများကို လျစ်လျူရှုထားလိုက်ပြီး အဝတ်လဲခန်း အပြင်ဘက်သို့ ထွက်လာခဲ့သည်။ ဖူးရောင်နီရဲနေသော လက်ချောင်းများကိုလည်း သက်သာလို သက်သာငြား ပါးစပ်ဖြင့် တဖူးဖူး မှုတ်နေမိ၏။

❑





''ဟင်!''

ကွင်းထဲသို့ ဝင်ဝင်လာချင်း ပွဲကြည့်စင်ပေါ်မှ ဖူးဖူးဖင်ကို တွေ့လိုက်ရသဖြင့် ကျွန်တော် အံ့သြတုန်လှုပ်သွားသည်။

ဘယ်လိုဖြစ်တာလဲ ?

သူ့ရဲ့ခြေထောက်က ဒဏ်ရာက ပိုဆိုးသွားလို့လား…။

ဖူးဖူးဖင်မှာ ဘီးတပ်ကုလားထိုင် (Wheel chair)ဖြင့် ပွဲကြည့်စင်ပေါ်မှ ကြည့်နေသည်။ ခြေထောက်တစ်ဖက်မှာလည်း ပတ်တီးအဖွေးသားနှင့်။

ကျွန်တော်က စိတ်မသက်မသာ ဖြစ်စွာနှင့်ပင် ပွဲကြည့်စင်ပေါ်မှ အကြည့်လွှဲလိုက်သည်။ သည်အချိန်က စိတ်ညစ်စရာအကြောင်းအရာတွေကို စဉ်းစားနေရမယ့်အချိန် မဟုတ်။ ပြိုင်ပွဲတွင် အနိုင်ရအောင် အာရုံစိုက်ကစားရမည့် အချိန်ပင်။

ကျွန်တော်က ပြိုင်ဘက် 'သိမ်းငှက်'အသင်းသားတွေကို အကဲခတ်ကြည့်လိုက်သည်။ သဲမှန် ပြောသည်ထက်ပင် တစ်ဖက်အသင်းသားများမှာ ပို၍ ထွားကျိုင်းနေသယောင်ယောင်။

ပြဿနာမရှိ။

ကျွန်တော့်ဆီမှာ အရာရာကို ကံကောင်းစေမယ့် အဆောင်ရှိသည်။ ထိုအချက်ကပင် ကျွန်တော့်အဖို့ အဓိက စိတ်တွန်းအားတစ်ခုလို ဖြစ်နေ၏။

မကြာခင်မှာပင် ပြိုင်ပွဲက စတင်ခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး သိမ်းငှက်အသင်းက ၂ မှတ်ရသွားသည်။ သဲမွန်က ဂိုးစည်းနားမှတစ်ဆင့် ဘောလုံးကိုယူကာ ဆွဲယူလာသည်။ ကျွန်တော်နှင့် ငှက်ကြီးက တစ်ယောက်တစ်နေရာဆီခွဲကာ ပြိုင်ဘက်အသင်း၏ ဂိုးနားသို့ ပြေးသွားလိုက်၏။

သဲမွန်က ပြိုင်ဘက် အသင်းသားတစ်ယောက်ကို ကျော်ဖြတ်ကာ ကျွန်တော့်ထံသို့ ဘောလုံးအား လှမ်းပစ်ပေးသည်။

ကျွန်တော် ဖမ်းလိုက်သော်လည်း မမိ။ ပြိုင်ဘက်အသင်းသားတစ်ယောက်၏ လျှင်မြန်စွာ ဖျက်ထုတ်မှုကြောင့် လက်ထဲမှ လွတ်ကျသွားသည်။

တောက်! ငါ ဘာဖြစ်နေတာလဲ။

ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်မိသွား၏။ အခုမှပင် တံခါးနှင့် ညပ်မိထားသော လက်ချောင်းများက တဆစ်ဆစ် ကိုက်လာ၏။

ကျွန်တော့်မှာ နာကျင်မှုဝေဒနာကို ကြာကြာခံစားနေချိန် မရပေ။ ဘောလုံးက ကျွန်တော့်ထံသို့ ရောက်လာပြန်သည်။ တစ်ဖက်အသင်းသားက ကြီးမားသော ခန္ဓာကိုယ်ကြီးဖြင့် အုတ်တံတိုင်းတစ်ခုလို ပိတ်ဆို့ထားသော်လည်း ကျွန်တော်က ရအောင် ကျော်ဖြတ်လိုက်သည်။

ထို့နောက် လေထဲသို့ ခုန်တက်ကာ ဘောလုံးအား တစ်ဖက်ဂိုးခြင်းထဲသို့ လှမ်းပစ်သွင်းလိုက်သည်။ ကံဆိုးသူ မောင်ရှင်မှာ ကျွန်တော် ဖြစ်သွားသည်။

အနီးကပ် သွင်းခွင့်ရသော်လည်း ကျွန်တော် ပစ်သွင်းလိုက်သော ဘောလုံးမှာ လွဲချော်သွားခဲ့လေပြီ။ ပွဲကြည့်စင်ပေါ်မှ ဟာခနဲ



ဖြစ်သွားသံများနှင့်အတူ ဖြစ်တင်ဝေဖန်သံများကိုပါ ကြားလိုက်ရသည်။

''စိတ်ဓာတ်မကျနဲ့... ဆက်ကြိုးစားထား''

လေ့ကျင့်ရေးမှူး ဦးထွန်းစိန်၏ လှမ်းအော်ပြောသံက နားထဲသို့ ကျယ်လောင်စွာ တိုးဝင်လာ၏။ ကျွန်တော်က စိတ်ကို အားတင်းကာ ဆက်ပြီး ကစားလိုက်သည်။

သို့သော် မည်သို့ပင် ကြိုးစားကစားနေကာမှ အချည်းအနှီးပင်။ နောက်ထပ် အပိုင်ဂိုးသွင်းခွင့်များကိုလည်း ကျွန်တော် လွဲချော်သွားခဲ့ပြန်ပြီ။

ကျွန်တော့်ကိုကြည့်ကာ လေ့ကျင့်ရေးမှူး ဦးထွန်းစိန်က စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကို ခါယမ်းနေသလို ပွဲကြည့်ပရိသတ်များမှာလည်း သည်းမခံနိုင်တော့ဘဲ တစ်ယောက်တစ်ခွန်း ပြစ်တင်ဝေဖန်နေကြသည်။

တစ်ဖက်အသင်းသားများမှာ ကျွန်တော့်ကို အချဉ် (အသုံးမကျတဲ့ကောင်) ဟု သတ်မှတ်ကာ စိတ်ကြိုက်ကစားခွင့်ပေးထားသည်။

ဟုတ်တော့လည်း ဟုတ်သည်။ စိတ်ကြိုက်ဂိုးတွေ တဒိုင်းဒိုင်း သွင်းခွင့်ရနေသည့်တိုင် ကျွန်တော်က တစ်လုံးတလေမျှ ဝင်အောင် မပစ်သွင်းနိုင်ခဲ့ချေ။

ကျွန်တော်တို့အသင်းမှာ အမှတ်အပြတ်အသတ်ဖြင့် ရှုံးနိမ့်နေလေပြီ။ ကျွန်တော်၏ လက်တစ်ဖက်မှာလည်း အသည်းခိုက်အောင် နာကျင်လာသည်။

ငါ ဘာဖြစ်လို့ ဒီနေ့ ကံဆိုးနေရတာလဲ ?

ကျွန်တော့်ကိုယ် ကျွန်တော်လည်း နားမလည်နိုင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

စိတ်ရှုပ်ထွေးမှုများဖြင့် ပြိုင်ပွဲကို ဆက်လက်ကစားနေရသည်။

တစ်ကြိမ်တွင် တစ်ဟုန်ထိုး ဘောလုံးဆွဲပြေးလာသော တစ်ဖက် အသင်းသားတစ်ယောက်ကို လှမ်းတားဆီးရင်း ခြေချော်ကာ ကြမ်းပြင်ပေါ်သို့ ကျွန်တော် ပစ်လဲကျသွား၏။

တံခါးဖြင့် ညပ်မိထားသော လက်ကို ယောင်ယမ်းပြီး ထောက်မိလိုက်သည်။

''အား!''

ကျွန်တော်က နာကျင်စူးဝါးစွာ အော်ဟစ်လိုက်မိသည်။ လက်တစ်ဖက်မှာလည်း လှုပ်ရှား၍မရအောင်ပင် နာကျင်သွားသည်။

လှောင်ပြောင်ရယ်မောသံများ၊ နာကျင်မှုဝေဒနာများကြားမှပင် ကျွန်တော်က လူရုပ်လေးကို သတိရသွားမိ၏။

ငါ ဒီလိုဖြစ်နေတာကို ဘာလို့ လူရုပ်လေးက မကူညီတော့တာလဲ ?

ထိုအတွေးနှင့်အတူ ကျွန်တော့်၏ လက်များက အင်္ကျီအိတ်ကပ်ထဲသို့ သူ့အလိုလို ရောက်သွားသည်။ ကံကောင်းစေသော လူရုပ်လေးကို ရှာရန်ဖြစ်သည်။

သို့သော်...။

''ဟင်!''

လူရုပ်လေးကား မရှိတော့။

□





အခန်း (၁၅)

''ဒါက ပျောက်လို့ရတဲ့ပစ္စည်း မဟုတ်ဘူး။ ပျောက်လို့ မဖြစ်ဘူး''

ကျွန်တော်က သူရူးတစ်ယောက်လို တတွတ်တွတ် ရေရွတ်ရင်း လူရုပ်လေးအား ရှာဖွေလိုက်သည်။ မတွေ့။ အင်္ကျီအိတ်ထဲတွင် မရှိတာတော့ သေချာသွားပြီ။

ဒါဆို ဘယ်နားမှာလဲ ?

အောက်ကို ပြုတ်ကျသွားတာလား... ?



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်က သွေးရူးသွေးတန်းဖြင့် ပြောင်လက်အောင် တိုက်ချွတ်ထားသော သစ်သားကြမ်းခင်းအနှံ့ အသည်းအသန် ရှာဖွေကြည့်လိုက်သည်။ နှုတ်မှလည်း...

"ခဏလေး... ခဏလေး။ ကျွန်တော့်ပစ္စည်း ပျောက်သွားလို့"

ဟု အော်ဟစ်ပြောဆိုလိုက်သည်။ သို့သော် ကျွန်တော့်စကားကို မည်သူမှ အရေးမစိုက်ကြပေ။ ပြိုင်ပွဲကို ဆက်လက်ကစားနေကြ၏။

ပြေးလွှားကစားနေကြသော လူများကြားတွင် ကျွန်တော်တစ်ယောက်တည်းသာ ကုန်းကုန်းကွကွနှင့် ဖြစ်နေသည်။ ကြမ်းပြင်ပေါ်သို့ ကျွန်တော့်ချွေးစက်များမှာ တတောက်တောက်နှင့် ကျနေ၏။ စိုးရိမ်စိတ်များနှင့်အတူ ကျွန်တော့်ရင်တစ်ခုလုံး ပူထူနေသည်။

ကျွန်တော် ဘာကိုမှ ဂရုမစိုက်တော့။ 'ဘာလုပ်နေတာလဲ၊ ကစားလေ' ဆိုသည့် အသံများကို လျစ်လျူရှုထားလိုက်သည်။ သည်အချိန်တွင် ကျွန်တော့်အတွက် အရေးအကြီးဆုံးမှာ လူရုပ်လေးကို ပြန်ရဖို့ပင်။

ထိုစဉ်မှာပင် ဘောလုံးကို တဘုတ်ဘုတ်နှင့်ပုတ်ကာ ဆွဲပြေးလာသော ပြိုင်ဘက်အသင်းသားကို မမြင်ဘဲ ကျွန်တော်က ခေါင်းကို ချာခနဲ လှည့်လိုက်သည်။

သန်မာတုတ်ခိုင်လှသော ဒူးတစ်ဖက်က ကျွန်တော့်မျက်နှာဆီသို့...

"ဒုန်း"

"အား"



ကျွန်တော် နောက်ပြန် ပက်လက်လန် လဲကျသွား၏။ ဦးခေါင်းတစ်ခုလုံး ပျာခနဲဖြစ်သွားကာ နာကျင်လိုက်သည်မှာ ဆိုဖွယ်ရာမရှိ။

လမင်းက ကြယ်စင်များခြံရံလျက် ကျွန်တော့်အမြင်အာရုံထဲသို့ တိုးဝင်လာသည်။ ပြင်းပြင်းထန်ထန် ထိခိုက်မိသောကြောင့် အသက်ကိုပင် ကောင်းစွာ ရှူရှိုက်မရတော့ချေ။ သိစိတ်တွေအားလုံး အမှောင်အတိကျသွားတော့လေသည်။

❑


www.burmeseclassic.com

www.burmeseclassic.com


အချိန်မည်မျှ ကြာသွားသည်မသိ။

ကျွန်တော့်မျက်လုံးကို ပြန်ဖွင့်ကြည့်လိုက်ချိန်တွင် မှိန်ပျပျ ဝါကြန့်ကြန့်မီးလေးက အားကစားရုံ မျက်နှာကြက်ပေါ်တွင် တွဲခို လင်းလက်နေသည်။ သို့သော် မှုန်ဝါးဝါးသာ။

အကြိမ်ပေါင်းမြောက်မြားစွာ ကျွန်တော်က မျက်တောင်ခတ် ကြည့်လိုက်မှ ပီပြင်ထင်ရှားလာသည်။ တစ်ပြိုင်နက်တည်းလိုလို ကျွန်တော့်အပေါ်မှ အုပ်မိုးပြီး ကြည့်နေကြသော မျက်နှာများကို မြင်တွေ့ လိုက်ရ၏။

"ကျွန်တော်... ဘာ... ဘာဖြစ်သွား.... သွား... အား... ကျွတ်... ကျွတ်"

"မထနဲ့ဦး... ဇော်တေဇ၊ ငြိမ်ငြိမ်လေးနေနေ"

လေ့ကျင့်ရေးမှူး ဦးထွန်းစိန်က အားယူကာ ထနေသော ကျွန်တော့်ကို တားဆီးလိုက်သည်။ ကျွန်တော့်ဦးခေါင်းထဲတွင် မူးဝေ သည့်ဝေဒနာက တရိပ်ရိပ်၊ တလိပ်လိပ်...။ ခြေထောက်တစ်ဖက်မှာ လည်း တုတ်တစ်ချောင်းဖြင့် ဖြတ်ရိုက်ခံထားရသလိုမျိုး...။ နာကျင် နေလျက်။

စက်ဝိုင်းပုံ လည်ပတ်ဝိုင်းရံထားသော လူများထံမှ လူနာတင် ယာဉ်ခေါ်ရန် ပြောဆိုသံများကို ကြားနေရသည်။

မလုပ်ကြပါနဲ့!...။ ကျွန်တော့်ကို ဆေးရုံမပို့ကြပါနဲ့။

ကျွန်တော် ထိုအတွေးများနှင့်အတူ လဲကျနေရာမှ ကုန်းရုန်း ထလိုက်သည်။ နောက်... နာကျင်မှုများကို ဂရုမစိုက်နိုင်တော့ဘဲ ကျွန်တော့်လော့ကာ (Locker) ရှိရာဆီသို့ တစ်ဟုန်ထိုး ပြေးထွက်လာ လိုက်သည်။

"မပြေးနဲ့... ပြန်လာခဲ့ ဇော်တေဇ"

သည်အချိန်တွင် သိကြားမင်း ဆင်းတားရင်တောင် ကျွန်တော် က လော့ကာ (Locker) အခန်းဆီသို့ မရောက်ရောက်အောင် ပြေးမှာ အသေအချာပင်။

ကျွန်တော်က လော့ကာ (Locker) အခန်းထဲသို့ ရောက်သည် အထိ အရှိန်ကို နည်းနည်းမှမလျှော့။ ရှိသမျှ အားကုန်သုံးကာ စွတ်ရွတ် ပြေးလာခဲ့သည်။

လော့ကာ ရှေ့သို့ ရောက်သည့်အခါတွင် ကျွန်တော်က တံခါး ကို ဝုန်းခနဲ ဆွဲဖွင့်လိုက်ပြီး အထဲသို့ အလောတကြီး ရှာဖွေကြည့်လိုက် သည်။

အရုပ်လေးကိုကား မတွေ့ရ။

"ဘယ်မှာလဲ!... ဘယ်မှာလဲ!"

ကျွန်တော်က မထိန်းချုပ်တော့နိုင်လောက်အောင်အထိ ပေါက်ကွဲသွားပြီး ဒေါသတကြီးအော်ဟစ်ကာ လော့ကာ (Locker) ထဲမှ အင်္ကျီများကို အပြင်သို့ ဆွဲယူလွှင့်ပစ်လိုက်သည်။

အင်္ကျီများမှာ ကြမ်းပြင်ပေါ်သို့ ပြန့်ကျဲကျသွား၏။

ကျွန်တော်က လူရုပ်လေးကို ပြန်မရမချင်း မကျေနပ်နိုင်ပေ။ လော့ကာ (Locker) အခန်းတစ်ခုလုံး ကျွန်တော်၏ ဒေါသတကြီး



www.burmeseclassic.com

www.burmeseclassic.com


အော်ဟစ်နေသံများ၊ ပစ္စည်းလွင့်စင်သံများဖြင့်သာ ဆူညံနေသည်။

ကျွန်တော့်ခန္ဓာကိုယ်မှ နာကျင်မှုဝေဒနာများမှာ တစ်စထက် တစ်စ ဆိုးရွားလာ၏။ ခေါင်းမှာ ချာချာလည် မူးဝေလာသည်။

ထိုစဉ်မှာပင်...

''တောက်... တောက်''

ကြမ်းပြင်ပေါ်သို့ တစ်စုံတစ်ရာ ပြုတ်ကျသွားသံ။

ကျွန်တော် ချာခနဲလှည့်ကာ ကြမ်းပြင်ပေါ်သို့ ကြည့်လိုက်သည်။ ကျွန်တော် အသည်းအသန် ရှာဖွေနေသော လူရုပ်လေးကား အင်္ကျီအိတ်ကပ်ထဲမှ တစ်ပိုင်းတစ်စ ထိုးထွက်ကျနေသည်။

''တော်သေးတာပေါ့ကွာ။ ငါ မင်းကို လိုက်ရှာနေတာ''

ဟု ဝမ်းသာအားရ ရေရွတ်ရင်း ကျွန်တော် လူရုပ်လေးကို ကောက်ယူလိုက်သည်။ ရင်ထဲတွင်လည်း ကိုယ့်ဆွေမျိုးသားချင်း တစ်ယောက်ကို မမျှော်လင့်ဘဲ ပြန်တွေ့လိုက်ရသလို အတိုင်းမသိ ဝမ်းသာပျော်ရွှင်သွားမိသည်။

တကယ်တော့ ကျွန်တော်က လူရုပ်လေးကို အိမ်မှ ဝတ်ဆင်လာသော အင်္ကျီအိတ်ထဲတွင် ထားရစ်ခဲ့မိခြင်းဖြစ်၏။

ကျွန်တော်က ကြည်နူးပီတိဖြစ်စွာဖြင့် အရုပ်လေးကို ပွတ်သပ်ကြည့်လိုက်သည်။ ထိုစဉ်မှာပင် တစ်စုံတစ်ရာကို သတိပြုမိသွားပြီး အပြုံးအပျော်များမှာ နေရောင်ထိသော မြူနှင်းများလို ကွယ်ပျောက်သွားခဲ့ရတော့သည်။

❑





## အခန်း (၁၆)

လူရုပ်လေး၏ မျက်လုံးများကား အရင်လို တောက်ပခြင်း မရှိတော့ပေ။ မျက်နှာသွင်ပြင်မှာလည်း မယုံကြည်နိုင်လောက်အောင် ပြောင်းလဲလို့ နေပေပြီ။ ပြုံးရယ်နေသော နှုတ်ခမ်းများမှာ အခုတော့ တစ်စုံတစ်ရာကို စိတ်ဆိုးဒေါသထွက်နေသည့် အမူအရာဖြင့် အရုပ်ဆိုး အကျည်းတန်လျက်။

မဖြစ်နိုင်ဘူး... ။ မဖြစ်နိုင်ဘူး... ။

ကျွန်တော့်မှာ ထူးဆန်းသော အဖြစ်အပျက်များကြောင့် ကိုယ့်မျက်လုံးကိုကိုယ် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားပြီး ကယောင်ကတမ်း ရေရွတ်နေမိသည်။

သို့သော် ကျွန်တော့်လက်ထဲမှ အရုပ်လေးမှာ မည်သို့မှ ပြောင်းလဲလာခြင်းမရှိပေ။ ဒေါသတကြီးဖြင့် ငေးစိုက်ကြည့်နေသလို မျိုး...။ အကြည့်တွေက အဓိပ္ပာယ်တစ်ခုခုကို ရည်ညွှန်းနေသည့်ပုံဖြင့် ကြက်သီးထစရာပင်။


www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဖြစ်တာလဲ...။

အရုပ်လေး မင်း ဘာကြောင့် ပြောင်းလဲသွားရတာလဲ။ ငါ့ကို ဘာမကျေနပ်လို့လဲကွာ...။

ကျွန်တော်က ဝမ်းနည်းကြေကွဲစွာ ရေရွတ်ရင်း အရုပ်ကို နှမြောတသကြီးစွာ ကြည့်နေမိသည်။ ထိုအခိုက်အတန့်မှာပင်... အသံ တစ်သံက ပွင့်ဟနေသော ကျွန်တော့်လော့ကာ (Locker)ထဲမှ ထွက်ပေါ် လာလေ၏။

"ဟင်!"

ထို အာမေဍိတ်အသံနှင့်အတူ လှည့်ကြည့်လိုက်သည့်အခါတွင် အနက်ရောင် ကြောင်ကြီးတစ်ကောင်ကို ထူးဆန်းစွာ တွေ့လိုက်ရ၏။

ကျွန်တော့်မှာ တုန်လှုပ်ချောက်ချားလွန်း၍ အော်ဟစ်ဖို့ပင် မေ့လျော့နေလေပြီ။ သွေးခုန်နှုန်းတွေပင် ဝုန်းခနဲ ဆောင့်ခုန်တက်သွား ၏။

သို့သော် ကြောက်ရွံ့တုန်လှုပ်ဖွယ် အဖြစ်အပျက်များမှာ မပြီး ဆုံးသေးချေ။ တစ်ခုပြီးတစ်ခုဆိုသလို ဆက်တိုက်ဖြစ်ပေါ်လာသည်။

လော့ကာ (Locker)ထဲမှ အနက်ရောင် ကြောင်ကြီးမှာ ပြာလဲ့ စူးရှနေသော မျက်လုံးအစုံဖြင့်ကြည့်ရင်း အပြင်သို့ လွှားခနဲ ခုန်ထွက် လာသည်။ ပြီးနောက် ကျွန်တော့် မျက်စိရှေ့မှောက်မှာပင် တဖြည်းဖြည်း ကြီးထွားလာကာ အနက်ရောင်လူရိပ်တစ်ရိပ်အဖြစ် ပြောင်းလဲသွားလေ သည်။

ထိုအနက်ရောင် လူရိပ်က ကျွန်တော့်မျက်နှာနှင့် ထိလုမတတ် တိုးကပ်လာသဖြင့် အမြင်အာရုံတစ်ခုလုံး မည်းမှောင်သော အရိပ် များနှင့် ဖုံးအုပ်လွှမ်းခြုံသွားသည်။

မင်း... မင်း... ဘယ်သူလဲ ?

ဘာဖြစ်လို့ ငါ့အနား ကပ်လာရတာလဲ ?

ထိုမေးခွန်းများနှင့်အတူ ကျွန်တော်က နောက်သို့ တရွေ့ရွေ့ ဆုတ်နေမိသည်။ နောက်ဆုံး ကျောနှင့်နံရံ ထိကပ်သွားမှ ကျွန်တော် ရပ်လိုက်သည်။ ဖိကပ်ထားလွန်းသဖြင့် အေးစက်သော အုတ်နံရံပင် ကျွန်တော့်ကိုယ်ထဲသို့ ထွင်းဖောက်မြုပ်ဝင်လုမတတ်။ ကျွန်တော့် ဒူး နှစ်ဖက်က တဆတ်ဆတ်နှင့် တုန်ယင်နေပြီး နေရာ၌ပင် ညွတ်ခွေလဲကျ တော့မလိုမျိုး...။

အနက်ရောင် လူရိပ်ကား သာမန်လူများလို မဟုတ်။ ပါးစပ်၊ နှာခေါင်း စသည်တို့ကို သဲသဲကွဲကွဲ မမြင်ရဘဲ အမည်းရောင် လူပုံ ကားချပ်ကြီးလို ဖြစ်နေသည်။ သို့သော် မျက်လုံးနေရာတွင်တော့ နီရဲရဲ အလင်းလုံး နှစ်လုံးကို တွေ့ရလေသည်။

ကျွန်တော့် ကြောက်ရွံ့မှုဝေဒနာပေါင်းစုံဖြင့် အသက်မဲ့သလို ဖြစ်နေစဉ်မှာပင် အနက်ရောင် လူရိပ်ထံမှ အေးစက်အက်ကွဲနေသော အသံကို စတင်ကြားလိုက်ရလေသည်။

"ကံကောင်းမှုဆိုတဲ့အရာတွေ မင်းဆီမှာ မရှိတော့ဘူး ဇော်တေဇ"

ထိုစကားက ကျွန်တော့်အရှိက်တည့်တည့်ကို လက်သီးဖြင့် ခပ်ပြင်းပြင်း ထိုးလိုက်သလိုပင်။

"ဟင့်အင်း... မဟုတ်ဘူး။ ရှိသေးတယ်"

"မင်းရဲ့ ကံကောင်းမှုတွေက ပြီးဆုံးသွားပြီ"





www.burmeseclassic.com

www.burmeseclassic.com


အနက်ရောင်လူရိပ် ပြောဆိုနေသော စကားများကို ကျွန်တော် ဘယ်လိုမှ လက်ခံနိုင်စွမ်းမရှိပေ။ ခေါင်းကိုသာ ပြင်းပြင်းထန်ထန် ခါယမ်း ပြီး ငြင်းဆန်နေမိသည်။

"ရှိသေးတယ်။ ကျွန်တော့်မှာ ကံကောင်းမှုတွေ ရှိသေးတယ်။ ကျွန်တော့်မှာ အဲဒါ မရှိလို့မဖြစ်ဘူး..."

ကျွန်တော်က သွေးရူးသွေးတန်း အော်ဟစ်ငြင်းဆန်ရင်း လှည့်ထွက်ပြေးရန် ပြင်လိုက်သည်။ သို့သော် အနက်ရောင်လူရိပ်ကား ကျွန်တော်သွားလေရာသို့ တစ္ဆေတစ်ကောင်လို ရွေ့လျားနေသည်။

ထိုစဉ်မှာပင် ကျွန်တော့်လက်ထဲတွင် ကိုင်ထားသော လူရုပ်လေးမှာ မီးကျည်မီးခဲလို ချစ်ချစ်တောက် ပူလာသည်။

"အား!"

မီးခဲတစ်ခဲကို အမှတ်တမဲ့ ဆုပ်ကိုင်လိုက်မိသလို ကျွန်တော်က အလန့်တကြား အော်ဟစ်ရင်း လက်ထဲမှ လူရုပ်လေးကို လွှတ်ချလိုက်မိလေသည်။

ဘာတွေဖြစ်ကုန်တာလဲ...။

ကျွန်တော် နားမလည်နိုင်တော့ပေ။ ကြမ်းပေါ်သို့ ပြုတ်ကျသွားသော လူရုပ်လေးမှာ ကျွန်တော့်ကို အငြိုးတကြီးကြည့်နေဆဲ။

အနက်ရောင် လူရိပ်မှာလည်း တစ္ဆေသရဲတစ်ကောင်လို ရွေ့လျားနေပြီး ကျွန်တော့်ကို အေးစက်မာကျောသောအသံဖြင့် လှမ်းပြောလိုက်သည်။

"မင်း... ကံကောင်းမှုတွေရဲ့ အသီးအပွင့်တွေကို စားသုံးပြီးသွားပြီ ဖော်တေဇ။ အခု အဲဒီအသီးအပွင့်တွေအတွက် ပြန်လျော်ပေးရမယ့်အချိန် ရောက်ပြီ။ မင်းအတွက် ကံကောင်းခြင်းတွေဆိုတာ မရှိတော့ဘူး"

"ကျွန်တော်က ဘာလို့ ပြန်လျော်ပေးရမှာလဲ!"

ကျွန်တော်က ရင်ထဲမှ ဒေါသမီးလျှံများကို မချိုးသိပ်နိုင်တော့ဘဲ အသံကုန် အော်ဟစ်လိုက်မိတော့သည်။ ခေါင်းထဲတွင်လည်း သိစိတ်များမှာ ဝေဝါးမှောင်မည်းကုန်သည်။ ရုတ်တရက် ရင်းနှီးသော အသံတစ်သံက ထွက်ပေါ်လာသည်။

"တောင်းပန်ပါတယ်... ဖော်တေဇ။ အဲဒါ ငါ့အပြစ်တွေပါ"

ရှိုက်ငင်သံအပြည့်ဖြင့် ပြောလာသောလူမှာ ဖူးဖူးဇင်ဖြစ်သည်။ သူမက ဘီးတပ်ကုလားထိုင်နှင့် တရွေ့ရွေ့လာရင်း အခန်းထဲသို့ ဝင်လာသည်။

ကျွန်တော်က သူမကို ဖျတ်ခနဲ လှည့်ကြည့်ပြီး...

"နင်... နင် ဘာတွေ ပြောနေတာလဲ... ဖူးဖူးဇင်။ ငါ နားမလည်ဘူး"

"အဟင့်... ဟင့်... နင် ငါ့ကို ယုံပါ။ နင့်ကို ငါ တမင်သက်သက် လုပ်တာ မဟုတ်ပါဘူး။ သူ... သူ... ငါ့ကို လုပ်ခိုင်းလို့ပါ"

ဖူးဖူးဇင်က တုန်ယင်စွာ ရှိုက်ငိုရင်း ပြန်ပြောလိုက်သည်။ အေးစက်နေသော လက်ကလည်း ကျွန်တော့်၏ လက်ချောင်းများကို ပွေ့ဖက်ဆုပ်ကိုင်လိုက်၏။ သူမကပင် ဆက်ပြီး...

"ဒီလူရုပ်လေးကို သူက နင့်ကို ပေးခိုင်းလို့ ငါ ပေးလိုက်ရတာပါဟယ်...။ နင် အရင်တုန်းက ငါ ဘာကြောင့် ကံကောင်းနေရတယ်ဆိုတာ မသိခဲ့ဘူး မဟုတ်လား။ တကယ်တော့

ဒီလူရုပ်လေးကြောင့်ပါ။ ဒါပေမဲ့ ဒီလူရုပ်လေးရဲ့ မျက်လုံးတွေ မှေးမှိန်သွားကတည်းက ငါလည်း ဒီလိုပြဿနာတွေနဲ့ ရင်ဆိုင်နေရတာပါ''

ကျွန်တော်က ဖူးဖူးဇင်ကို အားမလိုအားမရဖြစ်စွာ ကြည့်လိုက်သည်။ ရင်ထဲတွင်လည်း မခံချင်စိတ်များက တဖွားဖွား ပေါ်ပေါက်လာသည်။

ကျွန်တော်က ဖူးဖူးဇင်၏ ပခုံးစွန်းနှစ်ဖက်ကို ဆုပ်ကိုင်ကာ ခါယမ်းလိုက်ပြီး...

''သူက ဘာမို့လို့ နင်က သူ့အမိန့် နာခံရတာလဲ ဖူးဖူးဇင်။ သူက နင့်ကို ဘာလုပ်နိုင်မှာမို့လို့လဲ...။ ငါ့ကို ပြောစမ်း ဖူးဖူးဇင်''

ဟု ဒေါသတကြီး အော်ဟစ်ပြောဆိုလိုက်သည်။ ဖူးဖူးဇင်မှာ တသိမ့်သိမ့် ရှိုက်ငိုနေသည့်အတွက် ကျွန်တော့်ကို ဘာမှ ပြန်မပြောနိုင်ချေ။ မျက်နှာကို လက်ဝါးဖြင့်အုပ်၍သာ တရှုံ့ရှုံ့ ရှိုက်ငိုနေ၏။

ထိုစဉ် အနက်ရောင်လူရိပ်က ကျွန်တော့်အနားသို့ ရွေ့လျားလာပြီး...

'' မင်း သိချင်နေတာတွေကို ငါ ဖြေပေးမယ်... ကောင်လေး...။ ငါက ကံကြမ္မာရဲ့ အရှင်သခင်ပဲ။ ငါကပဲ မင်းတို့ရဲ့ ကံဆိုး၊ ကံကောင်းကို ဖန်တီးပေးနေတာလေ။ မင်း မသိဘူးလား...''

''မယုံဘူး... ခင်ဗျားပြောတာတွေကို ကျွန်တော် နည်းနည်းမှ အယုံအကြည်မရှိဘူး...။ ခင်ဗျားက မကောင်းဆိုးဝါးပဲ''

မထင်မှတ်ထားသည့် စကားတွေကို ကြားလိုက်ရသောကြောင့်





ကျွန်တော်က ပေါက်ကွဲကျယ်လောင်စွာ အော်ပြောလိုက်သည်။ သို့သော် ဖူးဖူးဇင်က တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေအောင်အထိ စိတ်ဆိုးဒေါသထွက်နေသော ကျွန်တော့်ကို စိုးရိမ်တကြီး မော့ကြည့်ရင်း...

''အဲဒါ အမှန်တွေပဲ ဇော်တေဇ။ သူလည်း ငါ့ရဲ့ ကံကြမ္မာကို ကြိုးကိုင်ခဲ့တာ။ အခုတော့ နင်ပါ ပါလာပြီပေါ့ ဇော်တေဇရယ်''

ဟု ရှင်းပြနေသည်။ တစ်ဆက်တည်းဆိုသလိုလည်း...

''တကယ်တော့ နင့်ကို ဒီလို ကံကြမ္မာဆိုးတွေနဲ့ ကြုံရမှာစိုးလို့ အရုပ်လေးကိုတွေ့ရင် ပြန်ပေးဖို့ ပြောခဲ့သားပဲ။ နင့်မှ ပြန်မပေးခဲ့တာ။ နင့်မှာ ရှိမှန်းသိလို့ ငါပြန်တောင်းတာပါ... ဟယ်''

လိမ်ညာခဲ့မိသည့်အတွက် အနက်ရောင် နောင်တတရားတို့နှင့်အတူ ကျွန်တော်က ခေါင်းကို ရှက်ရွံ့စွာဖြင့် ငိုက်စိုက်ချထားလိုက်မိသည်။

ဘာတတ်နိုင်မှာလဲ။ ရှက်ရွံ့နေရုံကလွဲလို့ ကျွန်တော့်မှာ တုံ့ပြန်စရာ စကားလုံး မရှိချေ။

အနက်ရောင်လူရိပ်၏ စကားသံများက ကျွန်တော့်နားထဲသို့ ချော်ရည်ပူများဖြင့် လောင်းထည့်နေသလိုပင်။

''နောက်ကျသွားပြီ... ဇော်တေဇ။ အခု မင်းတို့ နှစ်ယောက်စလုံး ငါကြိုးဆွဲရာ ကကြရမယ့်လူတွေ ဖြစ်သွားပြီ...။ ငါက မင်းတို့နှစ်ယောက်ရဲ့ ကံကြမ္မာ အရှင်သခင်ပဲ''

''မယုံဘူး... ။ ကျွန်တော်ကတော့ ခင်ဗျား ဘာပြောပြော မယုံဘူး...''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားအဆုံးတွင် အနက်ရောင်လူရိုင်က အေးစက်ခြောက်ကပ်စွာ ရယ်မောလိုက်သည်။ ပြီးမှ... ဝမ်းခေါင်းသံကြီးဖြင့်...

''ကောင်လေး...။ မင်းဘာလို့ ခေါင်းမာနေရတာလဲ။ မင်းကံကောင်းမှုတွေကြောင့် ပျော်ရွှင်ရပြီးပြီပဲ။ အခု ပြန်အလျော်ပေးတော့လေ''

''ခင်ဗျားကို ကျွန်တော် အရှင်းဆုံးပြောလိုက်မယ်။ ခင်ဗျားရဲ့ အခြေအမြစ်မရှိတဲ့ စကားကို နားမထောင်နိုင်ဘူး...''

''ဟား... ဟား... ဟား... တယ်ပြီး သတ္တိကောင်းတဲ့ ချာတိတ်ပါလား... ဒါဆိုလည်း လက်တွေ့ပြရတာပေါ့...''

ပြောပြောဆိုဆိုဖြင့် အနက်ရောင်လူရိုင်က ကျွန်တော့်အနားသို့ မျက်နှာချင်း ထိလုမတတ် တိုးကပ်လာသည်။ နီရဲနေသော မျက်လုံးနှစ်လုံးမှာလည်း သေသေချာချာကြည့်လေ ကြောက်စရာကောင်းလေလေဖြစ်လာသည်။

ကျွန်တော့်မှာ ဆက်ပြီး နောက်ဆုတ်၍ မရတော့။ ကျောနှင့်နံရံက နောက်တစ်ကြိမ်ပြန်ပြီး ထိကပ်သွားပြန်သည်။

အနက်ရောင်လူရိုင်က အေးစက်ကွဲအက်စွာဖြင့်...

''မင်းရဲ့လက်ချောင်းတွေကို ငါ နာကျင်အောင် လုပ်လိုက်ပြီကောင်လေး... ငုံ့ကြည့်လိုက်စမ်း''

ထိုစကားသံအဆုံးမှာပင် ကျွန်တော့်လက်ချောင်းများမှ ဆစ်ခနဲနာကျင်သွားသလို ခံစားလိုက်ရသည်။ ကျွန်တော်က ထိတ်ခနဲ ဖြစ်သွားပြီး စိုးရိမ်တကြီးဖြင့် လက်ချောင်းဖျားကို ကြည့်လိုက်၏။

''ဟာ!''





ကျွန်တော့်လက်ညှိုးမှာ ရေဘုံပိုင်ခေါင်းတစ်ခုကဲ့သို့ သွေးများတတောက်တောက်နှင့် ကျနေသည်။ အခုမှပင် နာကျင်မှုဝေဒနာများကို ကျွန်တော် စတင်ခံစားလိုက်ရ၏။

''မလုပ်ပါနဲ့... သူ့လက်ကို သွေးတိတ်အောင် ပြန်လုပ်ပေးပါ''

ဖူးဖူးဖြင်က ကျွန်တော့်အဖြစ်ကို ကြည့်ကာ ထိတ်လန့်သွားပြီး အနက်ရောင်လူရိုင်ကို အဆက်မပြတ် တောင်းပန်နေသည်။

''အား... အား... အား...''

ကျွန်တော်ကတော့ နာကျင်လွန်း၍ စကားပင် မပြောနိုင်ချေ။ သွေးထွက်နေသောလက်ကိုသာ ဖိဆုပ်ကိုင်ထားရင်း တုန်လှုပ်ချောက်ချားနေမိသည်။

အနက်ရောင်လူရိုင်က...

''မင်းကို ငါကြိုက်တာ လုပ်လို့ရတယ်ဆိုတာ ယုံပြီလား... ကောင်လေး။ မယုံသေးရင် နောက်ထပ်တစ်ခု ငါထပ်လုပ်ပြမယ်''

''ရပ်လိုက်!... မလုပ်ပါနဲ့တော့... ခင်ဗျားကို ကျွန်တော် ယုံပါပြီ''

ကျွန်တော်၏ အရှုံးပေးသောစကားကို ကြားသောအခါ အနက်ရောင်လူရိုင်က ဝမ်းခေါင်းသံကြီးဖြင့် အော်ရယ်လေသည်။

ကျွန်တော် ရှုံးနိမ့်သွားလေပြီ။ မသိစိတ်ကပင် အနက်ရောင်လူရိုင်တစ်စုံတစ်ရာ ထပ်လုပ်လာမည်ကို ကြိုတင် ကြောက်ရွံ့တုန်လှုပ်နေမိသည်။ ကျွန်တော့် စိတ်သတ္တိခွန်အားတွေ အားလုံး အနက်ရောင်လူရိုင်ထံသို့ စီးမျောသွားသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ သူ့ကို တွန်းလှန်ဖို့ အားအင်မရှိတော့ပေ။

အနက်ရောင်လူရိပ်က အားရအောင် အော်ဟစ်ရယ်မောပြီးမှ...

"ငါ ခိုင်းတာကို မင်းလုပ်ရမယ် ကောင်လေး။ အဲဒါကို ကြည့်ပြီးမှ မင်းတို့နှစ်ယောက်ရဲ့ ကံကြမ္မာကို ငါ ဆုံးဖြတ်ပေးမယ်... သဘောတူလား..."

"ဟုတ်... ဟုတ်ကဲ့... ဘာခိုင်းခိုင်း လုပ်ပါ့မယ်"

အနက်ရောင်လူရိပ်၏ နီရဲသော မျက်လုံးနှစ်လုံးက ပိုပြီး တောက်ပစူးရဲလာသည်။ အဲသည့် လူရိပ်က ကျွန်တော်နှင့် ဖူးဖူးဇင်ကို တစ်လှည့်စီကြည့်ရင်း...

"မင်းဆီမှာရှိတဲ့ လူရုပ်လေးကို ငှက်ကြီးကို ပေးလိုက်။ ငါသူ့ကို ကံကောင်းအောင် လုပ်ပေးချင်တယ်"

ထိုစကားတစ်ခွန်းက ဓားသွားထက်ထက်ဖြင့် ကျွန်တော့် နှလုံးအိမ်တည့်တည့်ကို ဆောင့်ထိုးလိုက်သလိုပင်။ ကျွန်တော့်ရင်တစ်ခုလုံး ပြောင်းဆန်သွား၏။

❑







အခန်း (၁၇)

"ဟင့်အင်း... ဟင့်အင်း... ပေးလို့မဖြစ်ဘူး။ ငှက်ကြီးက ကျွန်တော့်ရဲ့ ရန်သူ။ သူသာ ဒီအရုပ်လေးကိုရသွားရင် ကျွန်တော့်ကို အမြဲတမ်း အနိုင်ကျင့်နေတော့မှာ၊ မလုပ်ပါနဲ့"

ကျွန်တော်က ကြောက်အားလန့်အားဖြင့် စိုးရိမ်တကြီး တောင်းပန်နေသော်လည်း မရပေ။ အနက်ရောင်လူရိပ်ကား ခေါင်းကို သွက်သွက်ပါအောင် ခါယမ်းနေသည်။

ကျွန်တော် တစ်ခုခုကို ရွေးချယ်မှ ဖြစ်တော့ပေမည်။ သို့သော် လမ်းနှစ်ခုစလုံးက ဆူးပွမ်းသော လမ်းတွေကြီးပင်။ ကျွန်တော့်အခြေအနေမှာ ဆုပ်လည်း ဆူး၊ စားလည်း ရှူးဆိုသလို ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ဘာလုပ်ရမလဲ ?

ထိုမေးခွန်း၏အဖြေကို အနက်ရောင်လူရိပ်က ကျွန်တော့်အား လှမ်းပြောပြလိုက်သည်။

"ဒါတော့ မင်းသဘောပဲလေ။ ငါနိုင်းတာကို မလုပ်ရင်တော့ မင်းဘဝ တစ်လျှောက်လုံး ကံဆိုးမှုတွေနဲ့ တွေကြုံနေရတော့မှာ။ ကံဆိုးတယ်ဆိုတာ မင်းတစ်ယောက်တည်း မဟုတ်ဘူးနော်... ကောင်လေး။ မင်းသူငယ်ချင်း မင်း မိသားစုအားလုံး ပါတယ်"

ကြားလိုက်ရသောစကားကြောင့် ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံး အသူရာတစ်မျှနက်သောတွင်းထဲသို့ ပြုတ်ကျသွားသလို ခံစားလိုက်ရသည်။

ငါ... ဘယ်လမ်းကို ရွေးမလဲ...။

ငါ... ငါ... ဝိတ်မိနေပြီ ...။

ဖူးဖူးဇင်က မျက်နှာငယ်လေးဖြင့် ကျွန်တော့်ကို မော့ကြည့်ပြီး...

"နင်... နင် သူပြောသလိုသာလုပ်ပါ... သူငယ်ချင်းရယ်။ နို့မို့ဆို ငါတို့အားလုံး ဒုက္ခရောက်ကုန်မှာ... ပြီးတော့ ငှက်ကြီးက နင့်အပေါ်မှာ ကောင်းတဲ့လူ့မဟုတ်တာ...။ ဘဝတစ်လျှောက်လုံး ကံဆိုးနေတာထက်စာရင် ငှက်ကြီးရဲ့ အနိုင်ကျင့်တာကို ခံရတာမှ တော်ပါသေးတယ်... ဟယ်"

ကျွန်တော်က ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင် ချလိုက်ပြီး အနက်ရောင်လူရိပ်ကို လှည့်ကြည့်လိုက်သည်။ ထို့နောက်...





"ကောင်းပါပြီ... ကျွန်တော် ခင်ဗျားခိုင်းတဲ့အတိုင်း လုပ်လိုက်ပါ့မယ်"

ဟု စိတ်ကို ခုန်းခုန်းချကာ ပြောလိုက်တော့သည်။

အနက်ရောင်လူရိပ်၏ မျက်လုံးနီနီရဲရဲများက အားရကျေနပ်သွားဟန်ဖြင့် ချက်ချင်း အရောင်ပြောင်းသွားသည်။ သူက ကျွန်တော့်ကို ခေါင်းတစ်ချက် ညိတ်ပြပြီးသည်နှင့် တိမ်လို၊ လေလို တစ်စထက် တစ်စ မှိန်လျော့ပျောက်ကွယ်သွားလေသည်။

ဘာကြောင့်မှန်းမသိ။ ထိုအနက်ရောင်လူရိပ် ပျောက်ကွယ်သွားသည်နှင့် ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံး ရေခဲတုံးကြီးတစ်တုံးဖြင့် အဖိခံလိုက်ရသလို လေးလံဖိစီးလာပြီး အေးစက်သွားတော့သည်။

သိစိတ်တွေမှာလည်း မပြတ်သားတော့ပေ။

မျက်လုံးတွေပြာကာ နားတွေ အူလာသည်။ ကျွန်တော့်နာမည်ခေါ်နေသံများကို မသဲမကွဲ ကြားလာရသည်။

အအေးဒဏ်ကို ကျွန်တော် မခံနိုင်တော့။ အဲဒီနောက်တွင်တော့ ပြောင်းလဲသွားသော အဖြစ်အပျက်ကို ကျွန်တော် အံ့ဩသွားရလေသည်။

❑


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မျက်လုံးတွေက အစောကြီးကတည်းက ဖွင့်ထားတာလား…။ အခုမှ ဖွင့်လိုက်တာလား…။

ကျွန်တော်က ဇဝေဇဝါအတွေးများဖြင့် အပေါ်မှ အုပ်မိုးကြည့်နေသူများကို မှင်တက်ကြည့်နေမိသည်။

တိတ်ဆိတ်ခြင်းကို လေ့ကျင့်ရေးမှူး ဦးထွန်းစိန်က စတင်ဖြိုခွင်းလိုက်၏။

"ပြန်သတိရလာပြီလား ဇော်တေဇ… မစိုးရိမ်နဲ့… ဆရာတို့ လူနာတင်ယာဉ် ခေါ်ထားတယ်။ ငြိမ်ငြိမ်လေး လှဲနေလိုက်"

ဟင်! ငါ သတိမေ့နေတာလား…။

ဒါဆို ဟို… ဟို… အနက်ရောင်လူရိပ်က ငါ သတိမေ့နေတုန်း မက်တဲ့ အိပ်မက်ဆိုးတစ်ခုပေါ့…။

ဟုတ်တယ်… ဟုတ်တယ်။ ဒါ အိပ်မက်ပဲ။ တကယ်မဟုတ်ဘူး…။

ကျွန်တော့်ရင်တစ်ခုလုံး ပေါက်ကွဲလွင့်စင်တော့မတတ် ဝမ်းသာကြည်နူးသွားမိသည်။ အနှောင်အဖွဲ့တွေ၊ ကျိန်စာဆိုးတွေအောက်မှ လွတ်မြောက်လာသူ တစ်ယောက်လိုမျိုး…။

ကျွန်တော်က လဲကျနေရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။ ပွဲကြည့်စင်ပေါ်မှာ ဖူးဖူးဇင်က ကျွန်တော့်အား လက်လှမ်းပြနေသည်။

ဘယ်လောက်တောင် ပျော်စရာကောင်းလိုက်သလဲ…။

ကျွန်တော်က ဘာမှ တွေးမနေတော့ဘဲ အားကစားရုံအပြင်ဘက်သို့ ပြေးထွက်လာခဲ့သည်။

"ဇော်တေဇ… ပြန်လာခဲ့"





လေ့ကျင့်ရေးမှူး ဆရာဦးထွန်းစိန်၏ အော်ဟစ်သံက တဖြည်းဖြည်းဝေးကာ ကျွန်တော့်နောက်တွင် ကျန်ရစ်ခဲ့သည်။ အပြင်ဘက်တွင် သန့်ရှင်းလတ်ဆတ်သော လေချိုအေးက ကျွန်တော့်ကို ဆီးကြိုနှုတ်ဆက်လျက်ရှိသည်။

ကျွန်တော်က လေကို အားပါးတရ တစ်ဝကြီး ရှူသွင်းလိုက်တော့သည်။ ပြီးမှ စက်ဘီးကိုယူကာ ကျွန်တော့်အိမ်ရှိရာဆီသို့ ဦးတည်နင်းလိုက်လေ၏။

❑



www.burmeseclassic.com

www.burmeseclassic.com

ချွေးသံတရွှဲရွှဲဖြင့် အိမ်သို့ပြန်လာသော ကျွန်တော့်ကို မေမေနှင့် ဖေဖေက စိတ်ပျက်နေသည့်ပုံစံဖြင့် ကြည့်နေကြသည်။ မေမေနှင့် ဖေဖေမှာ အပြင်သို့သွားရန် ပြင်ဆင်နေပုံရသည်။ အဝတ်အစား သစ်သစ်လွင်လွင်တွေနှင့်။

ဘယ်ကို သွားကြမလို့ပါလိမ့်...။

ကျွန်တော်က စက်ဘီးကို ဒေါက်ထောက်ရပ်ရင်း...

"အပြင်သွားကြမလို့လား... မေမေ"

ဟု မေးလိုက်သည်။

ကျွန်တော့်စကားကို ကြားသောအခါ ဖေဖေက အံ့သြတကြီး အမူအရာဖြင့်...

"ဟေ... ဘာတဲ့ အပြင်သွားကြမလို့ ဟုတ်လား...။ မြင့်ရေမင်း သား စိတ်မှ မှန်သေးရဲ့လား မသိဘူး..."

မေမေကလည်း သက်ပြင်းရှည်ကြီးကိုချကာ...

"သားကလည်းကွယ်... ဒီနေ့ လပ်ကီးစားသောက်ဆိုင်မှာ ကံစမ်းမဲပေါက်လို့ သွားစားရမှာလေ...။ သားကို မေမေ မနက်ကတည်းက မှာလိုက်သားပဲ။ အခု မေမေတို့က သားကို စောင့်နေကြတာကွဲ့"

"ဪ... ဟုတ်သားပဲ...။ သား မေ့နေတာ...။ ဒါဆို ခဏလေးနော် မေမေ။ သား အဝတ်အစား သွားလဲလိုက်ဦးမယ်"





ကျွန်တော်က မေမေ့ကို ပြောပြီး အိမ်ထဲသို့ ပျာပျာသလဲ ဝင်လာခဲ့သည်။

ငါ ဘာလို့ ဒါကို မေ့နေရတာလဲ...။

ကိုယ့်ကိုယ်ကိုယ် ပြစ်တင်ရေရွတ်ရင်း ကျွန်တော်က အဝတ်အစားကို အမြန်ခုံးလဲလိုက်သည်။ ထို့နောက် အိမ်ရှေ့သို့ ကမန်းကတန်း ပြေးထွက်လာခဲ့၏။

သည်လိုနှင့် ကျွန်တော်က မေမေတို့နှင့်အတူ လပ်ကီး စားသောက်ဆိုင်သို့ ရောက်လာခဲ့သည်။

လပ်ကီး စားသောက်ဆိုင်မှာ ခြံကျယ်ကျယ်ထဲတွင် ဖွင့်လှစ်ထားသော နာမည်ကြီး စားသောက်ဆိုင်တစ်ဆိုင်ဖြစ်သည်။ အမြဲတမ်း လူစည်ကားနေလေ့ရှိပြီး ဘယ်တော့မှ လူပြတ်သည်မရှိ။ ဒါကလည်း ဆိုင်ပိုင်ရှင်ဖြစ်သူ၏ အမြော်အမြင်ကြီးမှုကြောင့်ပင် ဆိုရမည်။

အဘယ်ကြောင့်ဆိုသော် စားသောက်ဆိုင်တည်ရှိရာ ခြံထဲတွင် စားသောက်သူများကို ဆွဲဆောင်သည့်အနေဖြင့် ရုပ်ပြောင်ပုံ (Caricature) ဆွဲသည့်ဆိုင်ခန်း၊ တားရော့ဗေဒင်ဟောခန်း၊ ပန်းချီပြခန်းတို့နှင့် အခြားဆိုင်ခန်းများကို ပူးတွဲဖွင့်လှစ်ပေးထားသည်။

ကျွန်တော်က သည်ဆိုင်သို့ရောက်တိုင်း ပန်းချီပြခန်းသို့ သွားကြည့်ရင် ကြည့်၊ မကြည့်လျှင် ရုပ်ပြောင်ပုံ (Caricature) ဆိုင်ခန်းသို့ သွားကာ ပုံဆွဲနေကျဖြစ်သည်။

ကျွန်တော်တို့မိသားစုက ဖျော်ဖြေရေးစင်နှင့် နီးရာစားပွဲဝိုင်း တစ်ခုတွင် ထိုင်လိုက်ကြသည်။ ဒီစားပွဲဝိုင်းမှာ သည်နေ့အတွက်ကြောင့် ကံစမ်းမဲပေါက်သည့် ဧည့်သည်သာ ထိုင်ခွင့်ရှိသည်။



www.burmeseclassic.com

ကျွန်တော်က...

"မေမေ... သား ဆိုင်ခန်းတွေဘက် ခဏသွားလိုက်ဦးမယ်"

ဟု ခွင့်တောင်းလိုက်သည်။ ဖေဖေက မေမေ့ထက်ဦးအောင် ဝင်ပြောလိုက်၏။

"မကြာစေနဲ့နော်... သား ပြီးရင် သူတို့က ကံစမ်းမဲပေါက်တဲ့ လူကို စင်မြင့်ပေါ်ကို ဖိတ်ခေါ်ပြီး ဂုဏ်ပြုဦးမှာ"

"စိတ်ချပါ... ဖေဖေ"

ကျွန်တော် ပြောပြောဆိုဆိုဖြင့် ဆိုင်ခန်းများရှိရာဘက်သို့ ထွက်လာခဲ့သည်။ ပထမက ပန်းချီပြခန်းသို့ လာရန်ဖြစ်သော်လည်း စိတ်ကူးက ပြောင်းသွားသည်။

ဟုတ်တယ်... ဗေဒင်ဝင်မေးကြည့်ရမယ်။

ငါ တစ်ခါမှ တဲရော့ဗေဒင် မမေးကြည့်သေးဘူး...။

ကျွန်တော်က ထိုစိတ်ကူးဖြင့် ဗေဒင်ဟောခန်းအတွင်းသို့ ဝင်လာလိုက်သည်။ ဗေဒင်ဟောခန်းအတွင်းတွင် ထွန်းညှိထားသော ဖယောင်းတိုင်နှင့် အမွှေးတိုင်အနံ့တို့ကြောင့် မွှန်းကျပ်မှိုင်းရီနေ၏။ နံရံပေါ်ရှိ ၂ ပေမီးချောင်းတစ်ချောင်း၏ အလင်းရောင် မှိန်မှိန်သည် အပြာရောင် ပိတ်စလေးခင်းထားရာ စားပွဲပေါ်သို့ ဖြာကျနေသည်။

ဗေဒင်ဟောမည့်သူမှာ အသက်ငါးဆယ်ခန့် အရွယ်ရှိပြီး အလွန်အမင်း ပိန်လှီသော အမျိုးသမီးကြီးတစ်ယောက်ဖြစ်သည်။

သူမက ပါးစပ်မှ တစ်စုံတစ်ရာကို တတွတ်တွတ် ရေရွတ်ရင်း ဝင်လာသော ကျွန်တော့်ကို မျက်လုံးလှန်ကာ ကြည့်လိုက်၏။ ပြီးနောက် ချက်ချင်းဆိုသလို မျက်လွှာ ပြန်ချသွားသည်။





"မင်္ဂလာပါ... ဆရာမကြီး"

ကျွန်တော်က တရိုတသေဖြင့် နှုတ်ဆက်ရင်း ထိုအမျိုးသမီး ကြီး၏ ရှေ့တွင် ဝင်ထိုင်လိုက်၏။ အမျိုးသမီးကြီးမှာ စကား သိပ်များများ စားစား မပြောချေ။

သေသပ်လှပစွာ ပြုလုပ်ထားသည့် ဘူးထဲမှ တဲရော့ဖဲထုပ်ကို ထုတ်ကာ ဘယ်လက်ပေါ်တွင် တင်လိုက်သည်။ ထို့နောက် ညာဘက် လက်ခလယ်နှင့် လက်မကို အသုံးပြု၍ အလယ်မှ ဖဲချပ်တွေကို ဆွဲ ထုတ်ကာ အပေါ်သို့ ထပ်နေသည်။

သုံးကြိမ်သုံးခါ ပြုလုပ်ပြီးသည့်နောက်တွင် အပြာရောင် ပိတ်စ ပေါ်သို့ ဖဲထုပ်အား တင်လိုက်၏။ နှုတ်မှလည်း တစ်စုံတစ်ရာကို တတွတ် တွတ်နှင့် ရေရွတ်နေသည်။

ကျွန်တော်ကတော့ သူမ လုပ်သမျှကို အထူးအဆန်းသဖွယ် ငေးကြည့်နေရုံမှတစ်ပါး အခြားလုပ်စရာ မရှိပေ။

အတန်ကြာမှ အမျိုးသမီးကြီးက...

"ဘယ်ဘက်လက်နဲ့ ဖဲကို ချိုးလိုက်"

ဟု ခပ်သြသြ ခပ်ရှရှအသံဖြင့် ကျွန်တော့်အား ပြောလိုက် သည်။

"ဟုတ်ကဲ့... ဆရာမကြီး"

ကျွန်တော်က ပြောပြောဆိုဆိုဖြင့် ဘယ်ဘက်လက်ကို အသုံး ပြုကာ အပြာရောင်ပိတ်စပေါ်မှ ဖဲထုပ်အား ချိုးလိုက်သည်။

အမျိုးသမီးကြီးက ကျွန်တော် ချိုးပြီးကျန်ခဲ့သော ဖဲထုပ်ပုံပေါ် မှ ဖဲချပ်ကို ဆွဲယူကာ လှန်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!"

ထိုအသံမှာ ကျွန်တော့်နှုတ်ဖျားမှ ထွက်ကျလာသည့် အသံ မဟုတ်။ ဗေဒင်ဆရာမကြီး၏ နှုတ်မှ အလန့်တကြား ရေရွတ်လိုက်သော အသံဖြစ်သည်။

အပြာရောင်ဖိတ်စပေါ်တွင်တော့ လှန်ချထားသော ဖဲချပ် တစ်ချပ်။

The Fool ဟု အင်္ဂလိပ်လိုရေးထားသော အရူးတစ်ယောက်၏ ပုံပင်။

ဗေဒင်ဆရာမကြီးမှာ ကျွန်တော့်မျက်နှာကို အံ့သြတကြီး ကြည့်ရင်း တုန်တုန်ယင်ယင်ဖြင့်...

"ဘာတစ်ခုမှ ကောင်းကွက်မရှိဘူး...။ အခုရက်ပိုင်းအတွင်း ဘာမှမလုပ်နဲ့...။ ပြီးတော့ မင်းဆီကို ကျိန်စာသင့်နေတဲ့ အရုပ်လေးတစ်ရုပ် ရောက်နေတယ်။ အဲဒါကို... အဲဒါကို..."

"ကံထူးရှင်လေး ဖော်တော့... စင်မြင့်ပေါ်သို့ ကြွပါခင်ဗျာ..."

ရုတ်တရက် ကျွန်တော့်နာမည်ကို ခေါ်ဆိုလိုက်သံအား ကြား လိုက်ရသည်။ ကျွန်တော့်မှာ ဗေဒင်ဆရာမကြီး ဆက်ပြောလာမည့် စကားကို နားထောင်ဖို့ အချိန်မရှိတော့ပေ။ ကမန်းကတန်းဖြင့် ဗေဒင် ဆရာမကြီးထံမှ ဂုန်းခနဲ ထရပ်လိုက်သည်။

ဒုက္ခပါပဲ...။

ငါတော့ နောက်ကျနေပြီ။

ထိုအတွေးနှင့်အတူ ကျွန်တော်က ဗေဒင်ဟောခန်းမှ အလော တကြီး ပြေးထွက်လာခဲ့သည်။ ဗေဒင်ဆရာမကြီး၏ အော်ဟစ်တားဆီး



သံကို ကြားသော်လည်း စင်မြင့်ပေါ်သို့ ရောက်ဖို့မှာ ပိုအရေးကြီးနေသည် မဟုတ်လား...။

တကယ်တော့ ကျွန်တော့်ရွေးချယ်မှု မှားသွားခြင်းဖြစ်သည် ဆိုတာကိုမူ နောက်ကျမှ သိခွင့်ရခဲ့လေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

အိမ်သို့ ပြန်ရောက်ချိန်တွင် ကျွန်တော်နှင့် မေမေမှာ စားထားသောအရှိန်ကြောင့် မျက်ခွံများလေးလံလာပြီး အိပ်ချင်နေကြပြီ။ သို့သော် ဖေဖေကတော့ ကုမ္ပဏီတွင် အရေးကြီးကိစ္စပေါ်လာသဖြင့် ချက်ချင်းပင် ကားနှင့် ပြန်ထွက်သွားလေသည်။

ထို့အတွက်ကြောင့် ကျွန်တော်တို့ သားအမိမှာ မအိပ်နိုင်သေးဘဲ တီဗီဇာတ်လမ်းတွဲတစ်ခုကို ထိုင်ကြည့်ရင်း ဖေဖေပြန်အလာကို စောင့်နေကြရသည်။

အချိန်က ည ခုနစ်နာရီခွဲ။





မေမေက တဝါးဝါးသမ်းဝေရင်း...

''မင်း အဖေကတော့ အလုပ်နဲ့ ပတ်သက်လာရင် တားလို့ဆီးလို့ကို မရဘူး''

ဟု ညည်းညူလိုက်သည်။

ဖေဖေကလည်း ဟုတ်တော့ ဟုတ်သည်။ စိတ်ကူးပေါက်လျှင် ညဥ့်နက်ကြီးလည်း ကုမ္ပဏီသို့သွားကာ ညစောင့်ဝန်ထမ်းများကို စစ်ဆေးလျှင် စစ်ဆေးနေတတ်သည်။ ကျွန်တော်ပင် တစ်ခါတစ်ရံ၌ 'ဖေဖေ့လက်အောက်မှာ အလုပ်လုပ်ရရင်တော့ မချောင်ဘူး' ဟု တွေးနေမိတတ်သည်။

ဖေဖေက အလုပ်နှင့် ပတ်သက်လာလျှင် လုံ့လဝီရိယရှိသူတစ်ယောက်ဖြစ်သည်။ ဒါကြောင့် ကျွန်တော်တို့ မိသားစုမှာ ငွေကြေးအဆင်ပြေပြေဖြင့် နေနိုင်ခြင်းဖြစ်သည်ဟု တွေးမိ၏။

၈ နာရီကျော်ကျော်လောက်တွင်တော့ တယ်လီဖုန်းမြည်လာသည်။

''ကလင်... ကလင်...''

ကျွန်တော်က ဖုန်းကိုင်ရန် လက်လှမ်းနေစဉ်မှာပင် မေမေက

''နေ... နေ သား...၊ မင်းအဖေဆီက ဖြစ်မယ်''

ဟုဆိုကာ တယ်လီဖုန်းကိုကောက်ကိုင်လိုက်သည်။

''ဟဲလို...''

''ရှင်!... ကိုအောင် ကား... ကား... တိုက်မှုဖြစ်တယ်...ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားသံက ကျွန်တော့်နားထဲတွင် မီးတောင်တစ်ခုလို ပေါက်ကွဲထွက်သွားသည်။ မေမေမှာလည်း အံ့ဩတုန်လှုပ်မှုများဖြင့် ပါးစပ်အဟောင်းသား ဖြစ်နေလေ၏။

❑





ကျွန်တော်တို့သားအမိနှစ်ယောက် ဆေးရုံသို့ ရောက်သောအခါ လူနာခုတင်ပေါ်တွင် ပတ်တီးအထပ်ထပ်ဖြင့် လဲလျောင်းနေသော ဖခင်ဖြစ်သူကို တွေ့ရလေသည်။ ခုတင်ခေါင်းရင်းရှိတိုင်မှာ ပုလင်းတစ်လုံးကို ဇောက်ထိုးချိတ်ဆွဲထားပြီး ဆေးရည်များက သွယ်တန်းထားသော ပိုက်မှတစ်ဆင့် လက်မောင်းထဲသို့ စီးဝင်နေသည်။

ကျွန်တော်တို့ကို မြင်သောအခါ ဖေဖေက အားယူပြုံးပြီး နှုတ်ဆက်၏။ မေမေက လူနာခုတင်ဘေးသို့ စိုးရိမ်တကြီး ပြေးသွားပြီး…

“ကိုအောင်… ရှင် ဘယ်လိုနေသေးလဲ… ဟင်။ သက်သာလား…။ ကျွန်မတို့ သားအမိမှာဖြင့် စိုးရိမ်လိုက်ရတာ… အဟင့်… ဟင့်”

“မစိုးရိမ်ပါနဲ့… မိန်းမရယ်၊ ငါ ဘာမှ မဖြစ်ပါဘူး။ အရိုးနည်းနည်းပါးပါးတော့ ကျိုးသွားတာပေါ့ကွာ”

ကျွန်တော်က ဖေဖေ့စကားကို မယုံတဲ တစ်ကိုယ်လုံးကို လိုက်ကြည့်လိုက်သည်။ ဖေဖေ၏ ခြေထောက်နှစ်ဖက်စလုံးတွင် ပတ်တီးများ ဖွေးဖွေးဖြူနေသည်။ သို့သော် ကျန်သည့်နေရာတွင်တော့ ကြီးကြီးမားမား ဒဏ်ရာ မတွေ့ရပေ။ မျက်နှာပေါ်တွင်သာ ပွန်းပဲ့ရာအချို့ကို တွေ့ရသည်။

ကျွန်တော်က…

“ဖေဖေ… ဘယ်လိုနေသေးလဲ”

ဟု အနားသို့တိုးကာ မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဝန်ကြီးက ပြောတော့ အခြေအနေက စိတ်ချရပါပြီတဲ့။
စိတ်မပူပါနဲ့ သားရယ်... ဖေဖေ နောက် နှစ်ရက်သုံးရက်နေရင်
ဆေးရုံက ဆင်းလို့ရပါပြီ"

ဘာကြောင့်မှန်း မသိ။ ဖေဖေနှင့် စကားပြောနေရင်း ခေါင်းထဲသို့ အနက်ရောင်လူရိပ်ပြောခဲ့သော စကားများက ဖျတ်ခနဲ ပေါ်လာသည်။ ချက်ချင်းဆိုသလို ကျွန်တော့်ရင်ထဲတွင် အကြောက်တရားတို့ သိမ်မွေ့စွာဖြင့် နိုအောင်းကိန်းဝပ်လာ၏။

အနက်ရောင်လူရိပ်က စတင်ပြီး ဒုက္ခပေးလာတာလား...။

ငါ သတိမေ့နေတဲ့အချိန်ကျမှ ဘာဖြစ်လို့ သူက ထူးထူးခြားခြား ပေါ်လာတာလဲ။ သူပြောတဲ့အတိုင်း မလုပ်ရင် တကယ်ပဲ ငါရော ငါ့မိသားစုပါ ကံဆိုးမှုတွေနဲ့ ကြုံတွေ့ရတော့မှာပါ။

ဟင့်အင်း အဲဒီလိုတော့ မဖြစ်ဘူး...။

ဒါဆို ငါ ဘာလုပ်မလဲ ?

❏





အခန်း (၁၉)

နောက်တစ်နေ့ နံနက်မှာပင် လူရုပ်လေးအား ငှက်ကြီးကို ကျွန်တော် ပေးလိုက်သည်။ သို့သော် ပေါ်ပေါ်တင်တင်ပေးခြင်းမျိုးတော့ မဟုတ်ချေ။

ဖစ်ပွင့်နေသော သူ့ကျောပိုးအိတ်ထဲသို့ မသိမသာ ထည့်ပေးလိုက်ခြင်းဖြစ်သည်။ ငှက်ကြီးကတော့ ဘာမှ မသိရှာပေ။

မနေ့ညက တစ်ညလုံး ကျွန်တော် အိပ်မပျော်ခဲ့။ နပူးပေါ်လက်တင်ကာ အနက်ရောင်လူရိပ်အကြောင်းကို စဉ်းစားနေမိခဲ့သည်။ သူပြောခဲ့သော စကားများ၊ သူ့ရဲ့ထူးဆန်းသော သွင်ပြင်လက္ခဏာများ အကြောင်းပင်။ နောက်ဆုံး ကျွန်တော် အဖြေတစ်ခုကို ရခဲ့၏။ အဲဒါကတော့ ငှက်ကြီးကို လူရုပ်လေးအား လွှဲပြောင်းပေးအပ်ရန် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်စိတ်ထဲတွင် ထူးဆန်းသော ဒီလို လူရုပ်လေးတောင် ရှိနေခဲ့သေးလျှင် အနက်ရောင် လူရိပ်မှာလည်း တကယ်ရှိနိုင်သည့် အရာဟု ယုံကြည်စွဲထင်လာမိသည်။ မသိစိတ်ကလည်း ထိုအနက်ရောင် လူရိပ်ပြောခဲ့သောစကားများကို တစ်စထက်တစ်စ ချောက်ချားလာမိ၏။

ကျွန်တော်က လူရုပ်လေးအား ထည့်ပြီးသည်နှင့် ငှက်ကြီးကို ဘာမှမဖြစ်သည့်ပုံဖြင့် နှုတ်ဆက်လိုက်သည်။

"ဟော့... ငှက်ကြီး..."

"ဩော်... ဇော်တေဇပါလား...။ မနေ့က မင်း ဘယ်လိုဖြစ်ပြီး ကြမ်းပြင်ပေါ် လှဲအိပ်ချလိုက်တာလဲ... အိပ်ချင်ရင်လည်း အိမ်ပြန်အိပ်ပေါ့ကွာ... အခု မင်းဟာက..."

ငှက်ကြီး၏ ပြောင်ချော်ချော်စကားကြောင့် ကျွန်တော်က အသံထွက်အောင် ရယ်မောလိုက်ပြီး...

"အိပ်တာ မဟုတ်ပါဘူးကွာ။ ခေါင်းနဲ့ကြမ်းပြင် ဘယ်ဟာ ပိုမာသလဲ စမ်းကြည့်တာပါ..."

"ဟား... ဟား... ဟား... ဟုတ်လုချည်လား...။ ဘယ်ဟာ ပိုမာသလဲ"

"အတူတူလောက်ပါပဲကွာ"

ကျွန်တော့်စကားကို ငှက်ကြီးက သဘောကျသွားပြီး တဟားဟား ရယ်မောနေလေသည်။ ပြီးမှ...

"တကယ်တော့ မင်းက တော်တော်ခင်ဖို့ကောင်းတဲ့လူပဲကွ။ သတ္တိလည်း ရှိတယ်၊ တော်လည်း တော်တယ်။ ရယ်စရာလည်း ပြောတတ်တယ်လေ"





ငှက်ကြီးဆီမှ သည်လိုစကားမျိုး ထွက်လာလိမ့်မည်ဟု ကျွန်တော် ဘယ်တုန်းကမှ တွေးမထားမိချေ။ ကျွန်တော့်နား ကျွန်တော်ပင် မယုံကြည်ချင်တော့။

ကျွန်တော်က ရယ်ရွှန်းဖတ်ရွှန်းဖြင့်...

"သတ္တိရှိတယ်လို့တော့ ဘယ်ဟုတ်ပါ့မလဲ။ ငါက ကံကောင်းလို့ ဟိုတစ်နေ့က မြွေပေါက် မခံလိုက်ရတာပါကွာ"

"ကံ ဟုတ်လား... ဇော်တေဇ မဟုတ်ပါဘူးကွာ...။ ကံဆိုတာ ကြိုးစားပြီး ဖွဲ လုံ့လရှိတဲ့လူအတွက် မလိုအပ်တဲ့အရာတစ်ခုပါ။ မင်းလိုလူမျိုးအတွက် ကံဆိုတာ မလိုပါဘူး"

ငှက်ကြီးကတော့ ကျွန်တော့်ကို ရေရေလည်လည်ကို သဘောကျနေလေသည်။ ထိုစဉ်မှာပင် ကျွန်တော့်မျက်လုံးများက ငှက်ကြီး၏ ကျောပိုးအိတ်အတွင်းမှ လူရုပ်လေးကို မြင်မိလိုက်၏။

လူရုပ်လေး၏ မျက်လုံးများမှာ အရောင်များ ဖြိုးဖြိုးပြက်ပြက် လင်းလက်နေလျက်...။

ကျွန်တော်က သက်ပြင်းကို မသိမသာ ခိုးချလိုက်မိသည်။

ငှက်ကြီးအတွက် ကံကောင်းမှုတွေကတော့ စတင်လာနေလေပြီ...။ ပြီးရင်တော့... ။ တွေးရင်း တွေးရင်းနှင့် ငှက်ကြီးအတွက် စိတ်မကောင်းဖြစ်မိသွား၏။

ငှက်ကြီးအပေါ်မှာ ငါ မတရားများ ကျနေမလား...။ သူ... ငါ့ကြောင့် ဒုက္ခရောက်တော့မယ်...။

❑



www.burmeseclassic.com

www.burmeseclassic.com

သည်နေ့က ကျွန်တော့်အတွက် ပြဿဒါးနေ့ပင်။ ကံဆိုးမှုတွေက ကျွန်တော့်ထံသို့ နှစ်ကိုယ်ခွဲပြီး ရောက်လာသောကြောင့် ဖြစ်သည်။

တစ်နေ့ကုန် ဘာတစ်ခုမှ အဆင်မပြေပေ။

သိပ္ပံအဖြေလွှာမှာ အမှားတွေများပြီး ဆရာဦးကိုကို၏ အဆူကို ခံရသလို အင်္ဂလိပ်မှာလည်း ခုံစောင်းမှုသံနှင့် ခြစ်မိကာ ပြဲသွားသည်။ ကျောင်းသူတစ်ဦးမှာလည်း အလောတကြီး စာသင်ခန်းထဲမှထွက်လာသော ကျွန်တော့်ကြောင့် ကိုးရိုးကားရားဖြင့် ကြမ်းပြင်ပေါ်သို့ ခွေခနဲ လဲကျသွား၏။ တစ်ခန်းသားချင်းမို့သာ ထိုကျောင်းသူက တောင်းပန်လိုက်ရုံဖြင့် ကျေအေးသွားခြင်းဖြစ်သည်။

တကယ်ပင် ဘာတစ်ခုမှ အဆင်မပြေပါ။

ကျွန်တော်က စိတ်ပျက်လက်ပျက်ဖြင့် သက်ပြင်းကို ဟူးခနဲ မှုတ်ထုတ်ကာ စာသင်ခန်းထဲမှ ထွက်လာခဲ့တော့သည်။

ထိုစဉ် စကြံထောင့်ချိုးတစ်ခုမှ ဘီးတပ်ကုလားထိုင်ဖြင့် တရွေ့ရွေ့လာနေသော ဖူးဖူးဇင်ကို တွေ့လိုက်ရ၏။ ကျွန်တော်က သူမ အနားသို့ ခပ်သုတ်သုတ်သွားလိုက်ပြီး...

"အတော်ပဲ ဖူးဖူးဇင်ရေ နင့်ကို ငါ ပြောစရာရှိလို့"

ဖူးဖူးဇင်က ကျွန်တော့်စကားကို စိတ်မဝင်စားချေ။ ကျွန်တော့်ကို အားကိုးတကြီးမော့ကြည့်ရင်း...

"နင်... သူခိုင်းတဲ့အတိုင်း လုပ်ပြီးပြီလား... ဖော်တော"





ဟု တိုးတိမ်ရှတနေသော အသံဖြင့် မေးလိုက်သည်။ သူမကို ကြည့်ရသည်မှာ အသံဝင်နေပုံရသည်။ ကျွန်တော်ကတော့ သူမ၏ စကားကို ကြားသောအခါ နားဝေတိမ်တောင် ဖြစ်သွားသည်။

ငါက ဘာကိုလုပ်ရမှာလဲ ?

ကျွန်တော် မေးရန်ပြင်နေစဉ်မှာပင် ဖူးဖူးဇင်က တစ်ခုခုကို ကြိုတင်သိရှိထားသည့်အမူအရာဖြင့်...

"နင်... ဟို... ဟို အနက်ရောင်လူရိပ်နဲ့ တွေ့ပြီးပြီ မဟုတ်လား...။ ငါ့ကို သူ အားလုံးပြောပြထားပြီပါပြီ"

"ဘာ!"

ကျွန်တော်က ကြားလိုက်ရသော စကားကြောင့် အလွန်အမင်း စိတ်လှုပ်ရှားသွားကာ အလန့်တကြား ရေရွတ်မိလိုက်သည်။ ဖူးဖူးဇင် အကြောင်းစုံ ရှင်းပြသည့်အခါကျမှ ကျွန်တော့်မှာ ပါးစပ်အဟောင်းသားဖြစ်သွားရလေ၏။

နောက်ဆုံး သူမက...

"နင်... ငှက်ကြီးကို ဟိုလူရုပ်လေး ပေးပြီးသွားပြီလား... ဖော်တော။ ငါတို့ သူပြောတဲ့အတိုင်း လိုက်လုပ်ပြီး ဆိုးသွမ်းနေတဲ့ ကံကြမ္မာကို ဖယ်ရှားပစ်ရအောင်။ အခုဆို ငါ့ ခြေထောက် တစ်ဖက်ကလည်း လမ်းလျှောက်ဖို့ မပြောနဲ့ လှုပ်ရှားလို့တောင် မရတော့ဘူး...။ ပြီးတော့ ဟို... ဟို... အနီစက်တွေကလည်း တစ်ကိုယ်လုံး ဖြစ်လာပြီ။ ငါ ဒီလို ဘဝကြီးနဲ့ မနေပါရစေနဲ့တော့ ဖော်တောရယ်"

ထိုစကားများကြောင့် ကျွန်တော့်ရင်ထဲတွင် နာကျင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကိုယ်တိုင် ဘာမှမဖြစ်သေးသော်လည်း ဖေဖေက အခု ဆေးရုံ ပေါ်မှာ။

ကျွန်တော်က ဖူးဖူးဖင်ကို ဖျတ်ခနဲ လှည့်ကြည့်ရင်း...

"အဲဒီကံကြမ္မာရဲ့ အရှင်သခင်ကို ငါတို့ သွားရှာမှဖြစ်မယ် ဖူးဖူးဖင်"

ဖူးဖူးဖင်က ကျွန်တော့်လက်ကောက်ဝတ်တစ်ဖက်ကို သူမ၏ အေးစက်နေသော လက်ချောင်းကလေးများဖြင့် ဖမ်းဆုပ်ကိုင်ရင်း...

"နင် သူနဲ့တွေ့ရင် ဘာပဲပြောပြော အမိန့်နာခံလိုက်ပါ မော်တောဇရယ်။ နို့မို့ဆို ငါတို့ရဲ့ တစ်ခုတည်းသော လွတ်မြောက်ရာ လမ်းက လမ်းဆုံးသွားလိမ့်မယ်"

"ငါသိတယ်... ဖူးဖူးဖင်၊ သူ့ကို ဘယ်လို သွားတွေ့ရမလဲ ဆိုတာသာ ငါ့ကို ပြောပါ"

"နင် ရှာစရာမလိုပါဘူး မော်တောဇ၊ သူက နင့်ကို လာတွေ့ ပါလိမ့်မယ်။ အဝတ်လဲခန်းထဲက ဟိုမှန်ကွဲကြီးရှေ့မှာပဲဖြစ်ဖြစ်၊ နင့်ရဲ့လော့ကာ (Locker) ရှေ့မှာပဲဖြစ်ဖြစ် သွားရပ်နေလိုက် ပါ...။ သူ ပေါ်လာပါလိမ့်မယ်"

"ဒါဆို နင်လည်း ငါနဲ့လိုက်ခဲ့လေ"

ကျွန်တော်က ပြောပြောဆိုဆိုဖြင့် ဖူးဖူးဖင်ကိုခေါ်ကာ အဝတ် လဲခန်းအတွင်းသို့ ဝင်လာခဲ့လိုက်သည်။ ရင်တစ်ခုလုံးက စိတ်လှုပ်ရှား မှုများဖြင့် ပြည့်နှက်နေ၏။ နှလုံးခုန်သံက တဒုန်းဒုန်းမြည်နေသလို မသိစိတ်ကလည်း တစ်စုံတစ်ရာကို ကြိုတင်ထိတ်လန့်နေဟန်ဖြင့် လေးလံဖိစီးနေသည်။





ကျွန်တော့်တို့ နှစ်ယောက်စလုံး ကွဲနေသော မှန်ရှေ့သို့ ရောက် သောအခါ ရပ်တန့်လိုက်ကြသည်။ ထို့နောက် စိတ်လှုပ်ရှားမှု ကိုယ်စီဖြင့် ကျွန်တော်တို့နှစ်ယောက်က ငြိမ်သက်စောင့်ဆိုင်းနေမိ၏။

သိပ်ကြာကြာ မစောင့်လိုက်ရပေ။

အနက်ရောင်လူရိပ်ကား နီရဲတောက်ပနေသော မျက်လုံးအစုံ နှင့်အတူ တဖြည်းဖြည်းချင်း ပေါ်လာသည်။ သူကပင် ကျွန်တော့်ကို ကြည့်ကာ အသံသြသြကြီးဖြင့်...

"မင်း... ငါခိုင်းတာ လုပ်ပြီးပြီလား ကောင်လေး..."

"ဟုတ်... ဟုတ်ကဲ့... လုပ်ပြီးပါပြီ"

ကျွန်တော်က စိတ်လှုပ်ရှားနေသည့် အသံဖြင့် ပြောရင်း အနက်ရောင်လူရိပ်ကို မဝံ့မရဲ ကြည့်လိုက်သည်။ နောက်...

"ခင်ဗျားခိုင်းတဲ့အတိုင်း လုပ်ပြီးပြီဆိုတော့ သဘောတူထားတဲ့ အတိုင်း ကျွန်တော်တို့ကို ကံကြမ္မာဆိုးတွေက ဖယ်ရှားပေးပါ တော့"

"ဒါတော့ မဖြစ်ဘူး"

"ဘာ!"

အနက်ရောင်လူရိပ်၏ စကားကြောင့် ကျွန်တော်နှင့် ဖူးဖူးဖင် မှာ တစ်ပြိုင်နက်တည်း ထအော်မိလိုက်သည်။

အနက်ရောင်လူရိပ်က ခြောက်ကပ်အက်ကွဲစွာ ရယ်မောရင်း...

"ဟား... ဟား... ဟား... မင်းတို့က ငါနဲ့ အပေးအယူလုပ်လို့ ရမယ် ထင်လို့လား... ကလေးတွေ။ ငါ ဘယ်သူနဲ့မှ အပေး အယူမလုပ်ဘူး။ ပြီးတော့ ငါခိုင်းတာလုပ်ပေးရင် မင်းတို့



www.burmeseclassic.com

www.burmeseclassic.com

ကံကောင်းလာမယ်လို့လည်း မပြောထားဘူးလေ''

''ရှင်! မညာနဲ့... ရှင်ပဲ ရှင်းခိုင်းတာလုပ်ရင် ကျွန်မတို့ကို မကောင်းတဲ့ကံကြမ္မာတွေ မလာတော့ဘူးဆို''

ဖူးဖူးဇင်၏ ဒေါသတကြီး အော်ဟစ်သံက အဝတ်လဲခန်း အတွင်းတွင် ကျယ်လောင်ဟိန်းထွက်သွားသည်။ ကျွန်တော်ပင် သည် အခြေအနေတွင် ဘာစကားဝင်ပြော၍ ပြောရမှန်းမသိတော့ပေ။

အနက်ရောင်လူရိုင်း၏ ကြောက်မက်ဖွယ်ရာ မျက်လုံးအစုံက မီးတောက်မီးလျှံများလို အလျှံညီးညီး တောက်ပရူးရဲလာပြီး...

''မင်းတို့က ကိုယ်လိုရာ ဆွဲတွေးနေကြတာကိုး...။ တကယ် တော့ ဒီအရုပ်လေးကို ရတဲ့လူတိုင်းက ကျိန်စာသင့်ပြီးသား တွေပါ။ အဲဒီကျိန်စာက ကံကောင်းမှုကို ခံစားပြီးရင် ကံဆိုး မှုတွေနဲ့ ပြန်အလျော်ပေးရမယ်ဆိုတဲ့ ကျိန်စာပဲလေ။ ငါ့ရဲ့ တာဝန်က အဲဒီကျိန်စာကို တစ်ယောက်ကနေ တစ်ယောက်ဆီ ပျံ့နှံ့ဖို့တာဝန်ပဲ။ ဒါပေမဲ့ ငါ့အမိန့် မနာခံရင်တော့ အဲဒီလူကို ငါ အပိုဆောင်းပြီး ထပ်ဒုက္ခပေးတာပေါ့ကွာ''

ကြားလိုက်ရသော စကားကြောင့် ကျွန်တော့်ခန္ဓာကိုယ်တစ်ခု လုံးကို ဒေါသတရားတို့က ဖုံးအုပ်လွှမ်းခြုံသွားလေသည်။ ရင်ထဲတွင် လည်း မီးတောက်မီးလျှံများကို မျိုချထားမိသလို ပူလောင်လာ၏။

ဒါဆို ငါတို့က ဘာပဲလုပ်ပေးလုပ်ပေး သူတို့ကြိုးဆွဲရာကနေ ကြရမှာပေါ့...။ ငါတို့က သူ့ရဲ့ ထာဝရကျွန်တွေပေါ့။

မဖြစ်ဘူး... မဖြစ်ဘူး...။

ကျွန်တော်က ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပြီး...





''ကောင်းပြီလေ...။ ဒါဆိုလည်း ကျွန်တော် ခင်ဗျားအပေါ် ထားတဲ့ကတိတွေ ဖျက်လိုက်ပြီ။ ခင်ဗျားခိုင်းတာ ကျွန်တော် မလုပ်နိုင်တော့ဘူး...''

ဟု တစ်လုံးချင်း ပြောလိုက်သည်။ ထို့နောက် ကျွန်တော့် အင်္ကျီအိတ်ကပ်ထဲမှ လူရုပ်လေးကို ထုတ်လိုက်၏။

ဖူးဖူးဇင်မှာ ကျွန်တော့်လက်ထဲမှ လူရုပ်လေးကို ကြည့်ပြီး မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်သွားကာ...

''ဟင်... နင်... နင်... ငှက်ကြီးကို မပေးရသေးဘူးလား...''

ကျွန်တော်က ဖူးဖူးဇင်ကို ခေါင်းညိတ်ပြလိုက်သည်။ ပြီးမှ အေးဆေးတည်ငြိမ်စွာ ပြောလိုက်၏။

''ဟုတ်တယ်... ငါ ဒီလူရုပ်လေးကို ငှက်ကြီးဆီ ပေးပြီးမှ ပြန်ယူထားလိုက်တာ။ ငါတို့ ဒုက္ခရောက်နေသလို တခြား လူတွေကိုလည်း ဒုက္ခမရောက်စေချင်တော့ဘူး... ဖူးဖူးဇင်''

ဖူးဖူးဇင်မှာ ကျွန်တော့်စကားကို ကြားကြားချင်း ခေါင်းကို သွက်သွက်ပါအောင် ခါယမ်းနေသည်။ မျက်ဝန်းအိမ်ထဲမှ မျက်ရည်စက် များသည်လည်း ပါးပြင်ပေါ်သို့ တပေါက်ပေါက်ကျလာ၏။ သူမက ရှိုက်သံစွက်နေသော အသံဖြင့်...

''ဒါဆို ငါတို့ ဘာဆက်လုပ်ကြမလဲ... ဇော်တေ။ ဒီကျိန်စာ ဆိုးကို မပယ်ဖျက်နိုင်သမျှ ငါတို့ အမြဲတမ်း ကံဆိုးမိုးမှောင် ကျနေတော့မှာလေ... အဟင့်... ဟင့်''

❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

တကာယ်ပင် ကိုနိစာဆိုးက အငြိုးတကြီးဖြင့် နှောင့်ယှက်တိုက်ခိုက်နေလေပြီ။ ကျွန်တော်တို့ မည်သို့ပင် ကြိုးစားရှောင်လွှဲနေစေကာမူ အသေအချာ ရက်လုပ်ထားသော ကိုနိစာဆိုးဆိုသည့် ပိုက်ကွန်အောက်မှ လွတ်မြောက်အောင် ရုန်းမထွက်နိုင်ခဲ့ပေ။

..........

ကျွန်တော်က ဒေါ်မြတ်မြတ်မိုးနှင့် တွေ့ဆုံရန် ကွန်ပျူတာစက်ခန်းရှိရာသို့ ထွက်လာခဲ့လိုက်သည်။ ရည်ရွယ်ချက်မှာ ကျွန်တော် လုပ်ထားသော ကာတွန်း Animation အကြောင်းပြောရန် ဖြစ်၏။ သို့သော် စက်ခန်းထဲသို့ ရောက်သောအခါ ဒေါ်မြတ်မြတ်မိုးကို မတွေ့ရပေ။ သူမအစား အခြားကွန်ပျူတာဆရာမတစ်ယောက်ကိုသာ တွေ့ရသည်။

ကျွန်တော်က...





"ဆရာမ... ဆရာမ ဒေါ်မြတ်မြတ်မိုး ဘယ်သွားလဲ... ဟင်"

ဟု အနားသို့သွားကာ မေးလိုက်သည်။ ထိုဆရာမက ကျွန်တော့်ကို မျက်မှောင်ကုတ် စိုက်ကြည့်ကာ...

"သူ မရှိတော့ဘူးလေကွယ်... သားရဲ့။ အလုပ်ထွက်သွားပြီ"

"ဟုတ်လား... ဒါဆို..."

"ဪ... သားက ကွန်ပျူတာနဲ့ပတ်သက်ပြီး နားမလည်တာတွေ မေးချင်လို့လား။ ဆရာမက ဒီကွန်ပျူတာစက်ခန်းရဲ့ တာဝန်ခံဆရာမအသစ်ပဲလေ"

စကားကို ဆုံးအောင်မစောင့်ဘဲ ဖြတ်ပြောလိုက်သော တာဝန်ခံ ဆရာမအသစ်၏ စကားကြောင့် ကျွန်တော် စိတ်ပျက်သွားမိသည်။ သို့သော်လည်း ကျွန်တော်က...

"မေးချင်လို့ မဟုတ်ပါဘူး... ဆရာမ။ ကျွန်တော်လုပ်ထားတဲ့ ကာတွန်း Animation ဇာတ်ကားလေးကို ပြချင်လို့ပါ"

ဟု ရှင်းပြလိုက်၏။ တာဝန်ခံဆရာမအသစ်က ကျွန်တော့်ကို ဖျတ်ခနဲ မော့ကြည့်ရင်း...

"ဘာအတွက် ပြမှာလဲကွဲ့"

"ဪ... ဒီလိုပါ... ဆရာမ ဒေါ်မြတ်မြတ်မိုးက ကျွန်တော် လုပ်ထားတဲ့ဟာကို Animation ဇာတ်ကားထုတ်ဖို့ စီစဉ်နေတဲ့ သူ့ရဲ့ သူငယ်ချင်းဆီ ပေးပေးမယ် ဆိုလို့ပါ"

ကျွန်တော့်စကားကို ကြားသောအခါ တာဝန်ခံ ဆရာမအသစ်၏ မျက်နှာက တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ သူမက...



www.burmeseclassic.com

"ဟုတ်သားပဲ… ဆရာမ မေ့နေတာ၊ ကြည့်စမ်း…။ မမြတ်မြတ်နိုးက ဆရာမကို သေသေချာချာ မှာသွားတယ်။ သူ့ရဲ့ တပည့်တစ်ယောက် Animation ဓာတ်ကားတစ်ခုလာပေးရင် ယူထားလိုက်ပါတဲ့။ သောကြာနေ့ကျရင် သူ လာယူမယ်လို့ ပြောတယ်…"

ဟု အံ့သြတကြီးလေသံဖြင့် ပြောလိုက်သည်။

သောကြာနေ့ဆိုတော့ မနက်ဖြန်ပဲ။ ဒုက္ခပါပဲ… ငါ မီပါ့မလား…။ မတတ်နိုင်တော့ဘူးလေ။ မီအောင် လုပ်ရတော့မှာပေါ့…။

ကြားလိုက်ရသောစကားများကြောင့် ကျွန်တော် စိတ်လှုပ်ရှားသွားသည်။ သည်ကိစ္စက လွဲချော်၍မဖြစ်မှန်း ကျွန်တော် အသေအချာသိသည်။ ထို့အတွက်ကြောင့် ကျွန်တော်က တာဝန်ခံ ဆရာမအသစ်အား မနက်ဖြန် မနက်စောစောလာပေးမည်ဟုပြောကာ စက်ခန်းအတွင်းမှ ထွက်လာခဲ့သည်။

❑





အိမ်သို့ ပြန်ရောက်ရောက်ချင်း ကွန်ပျူတာဖွင့်ကာ လုပ်လက်စ ကာတွန်း Animation ဓာတ်လမ်းကို အဆုံးသတ်မည်ဟု ကြံစည်ထားသော ကျွန်တော့်အတွေးမှာ တိမ်လို၊ လေလို လွင့်ပြယ်သွားရလေပြီ။

မေမေက ဖေဖေ့အတွက် ဆေးရုံသို့ ထမင်းချိုင့်သွားပို့ရန် ပြင်ဆင်နေသည်။ ဘေးတွင်လည်း ဖိုလုံး၏ အဘွားဖြစ်သူ ဒေါ်အုန်းမြင့်က ကူညီလုပ်ကိုင်ပေးနေ၏။

ကျွန်တော့်ကို မြင်သောအခါ မေမေက…

"သား… ဒီနေ့ ဘယ်မှ သွားစရာမရှိဘူး မဟုတ်လား…။ မေမေ မင်းဖေဖေအတွက် ထမင်းချိုင့်သွားပို့မလို့။ အိမ်စောင့်နေခဲ့လိုက်ဦးနော်။ ဒေါ်အုန်းမြင့်ကိုလည်း အဖော်ရအောင် ခေါ်သွားမလို့"

"ဟုတ်ကဲ့ပါ… မေမေ၊ သား အိမ်စောင့်နေလိုက်ပါမယ်။ သား ဒီနေ့ ကွန်ပျူတာ ကိုင်စရာရှိတယ်။ ဘယ်မှမသွားဘူး စိတ်ချ"

ကျွန်တော်က ကျောပိုးအိတ်ကို ဆိုဖာပေါ်သို့ ပစ်ချရင်း ပြန်ဖြေလိုက်သည်။ ဒီနေ့မှ ပတ်ဝန်းကျင်တစ်ခုလုံး မည်သည့် အသံဗလံမှ မကြားရဘဲ ထူးထူးခြားခြား တိတ်ဆိတ်နေသယောင် ထင်ရ၏။

မေမေက…

"ဒေါ်အုန်းမြင့်… ဓာတ်ဘူးထဲ ရေနွေးလေး ထည့်လိုက်ပါဦးနော်။ ကိုအောင် ထမင်းစားပြီးရင် သောက်ရအောင်လို့"

ဟု လှမ်းပြောရင်း ကျွန်တော့်ကို လှည့်ကြည့်လိုက်သည်။ ပြီးနောက် သက်ပြင်းကို လေးလေးပင်ပင် ချရင်း…



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

"သား ကွန်ပျူတာ ဒီနေ့တစ်နေ့လုံး ဖွင့်လို့မရလို့ မေမေက စိတ်ပူပြီး အိမ်စောင့်ဖို့ ပြောနေတာပေါ့ကွယ်"

"ဟင်!... ဘာဖြစ်လို့ ဖွင့်မရတာလဲ မေမေ"

မေမေက ခေါင်းကိုခါယမ်းရင်း...

"လမ်းထိပ်က ထရန်စဖော်မာ ပေါက်သွားလို့တဲ့လေ...။ ခုန ကတင် လျှပ်စစ်ရုံးကို မေမေ ဖုန်းဆက်ကြည့်လိုက်သေးတယ်။ မနက်ဖြန် ညနေလောက်မှ ပြန်ကောင်းမှာတဲ့"

ထိုစကား ကြားကြားချင်း ကျွန်တော့်ကိုယ်ကျွန်တော် လဲသေချင်စိတ် ပေါက်သွားသည်။ မနက်ဖြန် မနက်စောစော လာပေးမည်ဟု ပြောထားခဲ့သော ကျွန်တော့်စကားက အခုတော့ အိပ်မက်လို ဖြစ်သွားရချေပြီ။

ဒါဟာ အနက်ရောင်လူရိုပ်၏ လက်ချက်ပင် ဖြစ်ပေလိမ့်မည်။ သို့တည်းမဟုတ် ကျိန်စာဆိုးကြောင့်ပင်။

သွားပြီ။ ငါ ကြိုးစားထားခဲ့သမျှ သဲထဲရေသွန် ဖြစ်သွားရပြီ။

ငါ ဘာဆက်လုပ်ရမလဲ။

ဘဝတစ်လျှောက်လုံး ဒီလိုပဲ ကံဆိုးနေရတော့မှာလား...

❑





"ဘာ!... ဘီးတပ်ကုလားထိုင်ပေါ်က ပြုတ်ကျလို့ ဟုတ်လား"

"ဟုတ်တယ်... ဖော်တေဖရယ်...။ ငါ သတိထားနေတဲ့ကြားက ဖြစ်သွားတာ...။ ငါ့ခေါင်းတောင် မပေါက်သွားတာပဲ ကျေးဇူးတင်ရမလို ဖြစ်နေပြီ... နင်... နင်... ဟိုအရုပ်လေးကို သူ... သူ... နိုင်းတဲ့အတိုင်း ဂုက်ကြီးကို ပေးလိုက်ပါတော့... ဟယ်...။ အဟင့်... ဟင့်..."

ဖုန်းထဲမှတစ်ဆင့် ဝမ်းနည်းဆို့နင့်စွာပြောနေသော ဖူးဖူးဇင်၏စကားများကြောင့် ကျွန်တော် ဝေခွဲမရအောင် ဖြစ်နေမိသည်။

ပေးလိုက်ပြန်ရင်လည်း သေဖော်သေဖက်တစ်ယောက် တိုးလာရုံကလွဲပြီး ဘာမှ ထူးခြားလာမည်မဟုတ်။ မပေးပြန်ရင်လည်း ကျွန်တော်တို့ နှစ်ယောက်စလုံး၏ ကံကြမ္မာမှာ ပိုပိုဆိုးလာမည် ဖြစ်သည်။

မည်းမှောင်ခြောက်သွေ့နေသော အတွေးများနှင့်အတူ ကျွန်တော်က တောက်တစ်ချက်ကိုသာ အာခေါင်ကျိန်းအောင် ခေါက်လိုက်မိတော့သည်။

ကျွန်တော်တို့အတွက် လမ်းကား ဆုံးနေလေပြီ။

❑



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၂)

ကျောင်းပိတ်ရက်ဖြစ်သောကြောင့် သည်နေ့တစ်နေ့လုံး ကျွန်တော်က ဖေဖေ့ဘေးတွင် လူနာစောင့်နေခဲ့ရသည်။ မေမေကတော့ နေ့စဉ်ရက်ဆက် ပင်ပန်းထားခဲ့ရသော အရှိန်ကြောင့် တစ်ရက်တလေ အားလပ်တုန်း အိမ်ပြန်အနားယူနေလေပြီ။

အကိုက်အခဲပျောက်ဆေး၊ အိပ်ဆေးတို့၏ တန်ခိုးကြောင့် ဖေဖေက လူနာခုတင်ပေါ်တွင် အိပ်ပျော်နေ၏။

ကျွန်တော်က အိမ်မှယူလာသော ဝတ္ထုစာအုပ်ကုန်သွား၍ တစ်ယောက်တည်း ဟိုလူနာခုတင်ကို ကြည့်လိုက်၊ ဒီလူနာခုတင်ကို ငေးလိုက်နှင့် ပျင်းရိငြီးငွေ့လာသည်။ ဒီကြားထဲ အရက်ပြန်နံ့၊ ဆေးနံ့တို့ဖြင့် ခေါင်းထဲတွင် မူးဝေဝေဖြစ်လာသည်။

အင်း... ဖေဖေတော့ နောက် လေးဆယ့်ငါးမိနစ်၊ တစ်နာရီလောက်နှင့် ပြန်နိုးလောက်ဦးမှာ မဟုတ်သေးပါဘူး...။

ကျွန်တော်က ထိုအတွေးနှင့်အတူ လူနာခုတင်ဘေးမှ ထွက်လာခဲ့သည်။ မသိစိတ်ကလည်း လေကောင်းလေသန့်ကို တဝကြီး ရှူသွင်းပစ်ချင်စိတ် ပေါက်လာမိ၍ ဆေးရုံအပေါက်ဝသို့ ထွက်လာခဲ့၏။

ဘေးနားမှ လူနာတစ်ယောက် နာကျင်စွာ ညည်းညူရင်း ဘီးတပ်ကုလားထိုင်ဖြင့် ပါသွားသည်။ ကျွန်တော် အထူးအဆန်းသဖွယ် လိုက်ကြည့်မနေတော့။ ကြည့်မိလျှင်လည်း ရင်ထဲတွင် မအီမသာဖြစ်သော ခံစားမှုကိုသာ ခံစားရသည်။

သွေးများ၊ ညည်းညူသံများ၊ စိုးရိမ်တကြီး ရေရွတ်သံများမှာ ဆေးရုံအတွင်းတွင် သမားရိုးကျမြင်ကွင်းများလို ဖြစ်နေလေ၏။

ကျွန်တော်က ဆေးရုံအရှေ့ပေါက်မှ ထွက်ကာ ဆင်ဝင်တစ်ဖက်သို့ ကူးလာလိုက်သည်။ ထို့နောက် အုတ်ဘောင်စွန်းတစ်ဖက်တွင် ထိုင်ချလိုက်ကာ ဖြတ်သန်းတိုက်ခတ်လာသော လေကို အငမ်းမရ ရှူသွင်းနေလိုက်သည်။

ထိုစဉ် ကျွန်တော်နှင့် မလှမ်းမကမ်းဘေးသို့ လူနာလာစောင့်ဟန်တူသော မိန်းမဝဝကြီးနှစ်ယောက် ရောက်လာ၏။ နှုတ်မှလည်း စကားတွေကို တတွတ်တွတ်နှင့် ပြောဆိုနေကြသည်။

ပထမတော့ ထိုမိန်းမကြီးများ၏ စကားကို ကျွန်တော် စိတ်မဝင်စားချေ။ နောက်မှ တဖြည်းဖြည်း စိတ်ဝင်စားလာမိပြီး ကျွန်တော် အာရုံစိုက် နားထောင်လိုက်မိသည်။





www.burmeseclassic.com

www.burmeseclassic.com



''တကယ်ပြောတာ... မသီတာရေ။ မယုံမရှိနဲ့ အဲဒီလဝ်ကီး စားသောက်ဆိုင်က ဗေဒင်ဆရာမကြီးက သွေးထွက်အောင် မှန်တာ...။ ကျွန်မကို ဟောလိုက်တာများဆို တစ်ပတ်အတွင်း မိသားစုထဲက တစ်ယောက်ယောက် ထိခိုက်ဒဏ်ရာရမယ် တဲ့... ။ ဟော... အခုကြည့်လေ ကျွန်မသား ဆိုင်ကယ် အတိုက်ခံရလို့ ဆေးရုံရောက်ပြီ''

''ဩော်... အစ်မပြောတာ ဟို... လဝ်ကီးစားသောက်ဆိုင်က ဖဲချပ်လေးတွေနဲ့ ဟောတဲ့ ဆရာမကြီးကို ပြောတာမဟုတ် လား...''

''ဟုတ်တယ်... လေ... မသီတာ။ ကျွန်မပြောတာ အဲဒီ ဆရာမ ကြီးကိုပေါ့''

ထိုစကားများကြောင့် ကျွန်တော်က သက်ပြင်းကို ဟင်းခနဲ ချလိုက်မိတော့သည်။ ထိုမိန်းမကြီးများ ပြောဆိုနေကြသည့် ဗေဒင် ဆရာမကြီးထံတွင် ကျွန်တော်ပင် မေးကြည့်ဖူးသည် မဟုတ်လား...။

ကျွန်တော်ကတော့ ဗေဒင်ဆိုတာကို ကိုးကွယ်ဆည်းကပ်စရာ အရာတစ်ခုအဖြစ် လက်ခံမထားသော်လည်း ထိုဗေဒင်ဆရာမကြီးဆီမှ ဖဲချပ်လေးတွေမှာ မမြင်နိုင်သောစွမ်းအားတွေ ရှိနေသလို ခံစားရသည်။

''ဘာတစ်ခုမှ ကောင်းကွက်မရှိဘူး။ အခုရက်ပိုင်းအတွင်း ဘာမှမလုပ်နဲ့။ ပြီးတော့ မင်းဆီကို ကျိန်စာသင့်နေတဲ့ အရုပ် လေး တစ်ရုပ် ရောက်နေတယ်''

ထိုစကားများက ကျွန်တော့်ခေါင်းထဲသို့ ပွဲတင်ထပ်စွာ ဝင်ရောက်လာ၏။ ခဏတာအတွင်းမှာပင် ဗေဒင်ဆရာမကြီး၏



ခက်ထန်ပြရှသောအသံက ကျွန်တော့် စိတ်အာရုံတစ်ခုလုံးကို လွှမ်းမိုး ကျယ်လောင်လာသည်။

ဟုတ်ပါရဲ့...။

ငါ့ဆီကို ကျိန်စာသင့်နေတဲ့အရုပ်လေးတစ်ရုပ် ရောက်နေ တယ်လို့ ပြောလိုက်တာ မှန်တာပဲ။ ဒါ သူ့မှာ စိတ်စွမ်းအင်တစ်ခုခုရှိလို့ သိတာပဲ ဖြစ်ရမယ်။

ငါ သူ့ကို နောက်တစ်ခေါက် သွားပြန်မေးကြည့်ရင် ကောင်း မယ် ထင်တယ်...။

❑

www.burmeseclassic.com



ဘာကြောင့်လဲဆိုတာကိုတော့ မပြောတတ်ပေ။

ဖေဒင်ဟောခန်းအတွင်းသို့ ရောက်သည့်အခါတွင် ကျွန်တော့်ရင်ထဲ၌ ဖေဒင်မေးလိုစိတ်ဟူ၍ မြူမှုန်တစ်မှုန်မျှ မရှိတော့ချေ။

ဟုတ်သည်။

'ကျိန်စာဆိုး' ဆိုသည့် ထမင်းလုံးတခွေက နာရီစက္ကန့်မလပ်အောင် ကျွန်တော့်စိတ်တစ်ခုလုံးကို လွှမ်းမိုးခြောက်လှန့်ထားသောကြောင့် အခုလို စိတ်ထင်ရာလျှောက်လုပ်နေမိခြင်း ဖြစ်ပေလိမ့်မည်။

တကယ်တော့ အခက်အခဲတစ်စုံတစ်ရာရှိတိုင်း ဖေဒင်တွေ၊ ကိန်းဂဏန်းတွေကို ယုံကြည်အားကိုးပြီး ပြဿနာဖြေရှင်းရန် ကြိုးစားခြင်းမှာ နည်းမှန်လမ်းမှန်တော့ မဟုတ်လောက်ချေ။ သို့တည်းမဟုတ် ကိုယ့်စိတ်ကိုကိုယ် ပြန်လှည့်စားခြင်းသာဖြစ်သည်ဟု ကျွန်တော် ယူဆမိသည်။

ကဲ... အခု ငါရော ဘာလုပ်မလဲ ?

ဖေဒင်မမေးဘဲ ဒီအတိုင်း လှည့်ထွက်သွားရမလား...။ ဒါမှမဟုတ် အားနာပါးနာနဲ့ နည်းနည်းပါးပါး ဝင်မေးကြည့်ရင် ကောင်းမလား...။

ကျွန်တော် ဇဝေဇဝါ အတွေးများဖြင့် ယောင်နနဖြစ်နေစဉ် ဖေဒင်ဆရာမကြီး၏ ခပ်ညြညြ ခပ်ရှရှအသံက ထွက်ပေါ်လာသည်။

"ကောင်လေး... ဖေဒင်မေးချင်လို့ လာတာမဟုတ်လား... ဒီရှေ့မှာ လာထိုင်လေ"





ထိုစကားကြောင့် ကျွန်တော့်ရင်တွေ ဒိန်းခနဲမြည်အောင် ခုန်သွားသည်။ နှုတ်မှလည်း စကားတစ်ခွန်းက သူ့အလိုလို ထွက်ကျသွား၏။

"ဩော်... ဟုတ်... ဟုတ်ကဲ့၊ မေးတော့ မေးချင်ပါတယ်။ ဒါ... ဒါပေမဲ့ ကျွန်တော် ဖေဒင်ကို သိပ်မယုံဘူး..."

ပြောပြီးပြီးချင်း ကျွန်တော့်စကား မှားသွားမှန်း ချက်ချင်းသိလိုက်သည်။ သို့သော် ပြင်ဆင်ချိန် မရတော့ပေ။ မစဉ်းစားမဆင်ခြင် ပြောလိုက်မိသောစကားအတွက် ကျွန်တော် နောင်တအကြီးအကျယ် ရသွားမိသည်။

ငါ တော်တော်မိုက်မဲတာပဲ

ဘာဖြစ်လို့ ဒီလိုစကားမျိုး ပြောရတာလဲ။ ဖေဒင်ဆရာမကြီးကတော့ သူ့ကို တမင်သက်သက် လာနှောင့်ယှက်တယ် ထင်သွားမလားမသိဘူး...။

ချက်ချင်းဆိုသလို စိုးရိမ်စိတ်တွေက ကျွန်တော့်သွေးသားထဲတွင် ဝုန်းခနဲ တိုးပွားလာသည်။

သို့သော် ဖေဒင်ဆရာမကြီးက ကျွန်တော် ကြိုတင်စိုးရိမ်နေသည့်အတိုင်း မဟုတ်ပေ။ ပြာလဲ့နူးရှုနေသော မျက်လုံးအစုံကပင် နူးညံ့ဖျော့တော့သွားပြီး...

"ဖေဒင် မယုံဘူးဆိုတာ သဘာဝကျပါတယ်ကွယ်။ ဖေဒင်ဆိုတာ လူအများထင်ထားသလို အားကိုးတကြီးနဲ့ ယုံကြည်ဆည်းကပ်ရမယ့်အရာ မဟုတ်ပါဘူး။ ဒီပညာရဲ့ သဘောကို က အရာရာကို သိနိုင်၊ မြင်နိုင်တဲ့ သဘောမဆောင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးရဲ့ ဖြစ်တတ်၊ ပျက်တတ်တဲ့သဘောကို ဆင်ခြင်သုံးသပ်ကြည့်တဲ့ သင်္ချာပညာတစ်မျိုးပါ။ ကဲ... အခု မင်းမှာရော ဘာအခက်အခဲတွေ ရှိနေလို့လဲ။ ဆရာမ တတ်နိုင်သမျှ ကူညီဖြေရှင်းပေးပါ့မယ်”

ပွင့်လင်းဖော်ရွေလှသော ပေဒင်ဆရာမကြီး၏ စကားများကြောင့် ကျွန်တော့်ရင်ထဲတွင် ဝမ်းသာကြည်နူးသွားမိသည်။

ဒီဆရာမကြီးကို ကြည့်ရတာ ဉာဏ်ပညာပြည့်ဝပြီး တကယ့်ကို အားကိုးချင်စရာပဲ။ ငါ့အခက်အခဲတွေကို ပြောပြလိုက်ရင် အချည်းအနှီးတော့ မဖြစ်လောက်ပါဘူး။

ထိုအတွေးနှင့်အတူ ကျွန်တော်က ပေဒင်ဆရာမကြီး၏ ရှေ့တွင် ခပ်ယို့ယို့ဝင်ထိုင်လိုက်သည်။ ပြီးနောက် အကြောင်းစုံကို ရှင်းပြကာ အင်္ကျီအိတ်ကပ်ထဲမှ ရှားစေးရောင် လူရုပ်လေးအား ထုတ်ပြလိုက်၏။

ကျွန်တော့်လက်ထဲမှ လူရုပ်လေးကို မြင်မြင်ချင်း ပေဒင်ဆရာမကြီး၏ မျက်နှာက အန္တရာယ်ရှိသော အရာဝတ္ထုတစ်ခုခုကို တွေ့လိုက်ရသလို ကွက်ခနဲ ပျက်သွားသည်။ နောက်... ကျွန်တော့်လက်ထဲမှ လူရုပ်လေးကို ဆတ်ခနဲ ဆွဲယူကာ စေ့စေ့စပ်စပ် ကြည့်နေလေ၏။

အတန်ကြာမှ သူမဆီက သက်ပြင်းချသံရှည်ကြီးကို ကြားရသည်။ နှုတ်မှလည်း စိတ်မသက်မသာဖြစ်နေသည့် အသံမျိုးဖြင့်...

“ဒီအရုပ်လေးဟာ သာမန်အရုပ်လေးတစ်ရုပ် မဟုတ်ဘူးကွဲ့...။ ဒါဟာ ဟိုး... ရှေးခေတ်က ဂမ္ဘီရပညာနဲ့ လုပ်ထားတဲ့ အရုပ်လေးတစ်ရုပ်ပဲ။ ပြီးတော့ ဒါ မင်းထင်သလို မကောင်း





ဆိုးဝါး အရုပ်တစ်ရုပ် မဟုတ်ပါဘူး”

“ဟင့်အင်း... မဟုတ်ဘူး။ ဒါဆို ဆရာမကြီး မှားနေပြီပဲ။ ဒီမကောင်းဆိုးဝါးအရုပ်ကြောင့် ကျွန်တော့် မိသားစုရော ကျွန်တော့်သူငယ်ချင်းပါ ဒုက္ခရောက်နေရပြီ။ အဲဒါ ဒီအရုပ်ရဲ့ ကျိန်စာကြောင့်”

ခါးခါးသီးသီးနှင့် အလောတကြီး ငြင်းဆန်လိုက်သော ကျွန်တော့်စကားကြောင့် ပေဒင်ဆရာမကြီးမှာ သက်ပြင်းရှည်ကြီးကို နောက်ထပ်တစ်ကြိမ် ချလိုက်ပြန်သည်။ ပြီးမှ...

“တကယ်တော့ မင်းတစ်ယောက်တည်း မဟုတ်ပါဘူးကွယ်။ လူတွေအားလုံး ကျိန်စာမိနေကြတာပါ။ အဲဒါကို လူတွေ သတိမထားမိလို့ မသိကြတာပါ”

“ဘယ်လို ဆရာမကြီး... ကျွန်တော် နားမလည်တော့ဘူး...”

“ဒါဆို မင်း ဒီအရုပ်လေးကို သေသေချာချာ ကြည့် ကြည့်စမ်း...။ မင်းသိချင်တဲ့ အဖြေကို တွေ့လိမ့်မယ်။ ဒီမှာ တွေ့လား... အရုပ်လေးရဲ့ ညာဘက်လက်ဖဝါးက လက်ဖြန့်ထားပြီး ဘယ်ဘက်လက်က မှောက်ထားတယ် တွေ့လား...။ ဒါက ဘာကို ဆိုလိုတာလဲဆိုတော့ အပေးအယူဆိုတဲ့သဘောကို ပြောချင်တာပဲ။ လူတွေက တစ်ခုခုကို ရလိုမှုနဲ့ တစ်ခုခုကို ပေးနေကြတာလေ”

ပေဒင်ဆရာမကြီးက စကားကို ဆက်မပြောသေးဘဲ ကျွန်တော့် မျက်နှာကို အကဲခတ်ကြည့်လိုက်သည်။ ကျွန်တော်ကတော့ ထူးဆန်း နက်ရှိုင်းသော စကားများကြောင့် မှင်တက်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com

ဗေဒင်ဆရာမကြီးက...

''တကယ်တော့ လူတွေက အတ္တသားကောင်တွေပါ။ ကိုယ့်အတွက် အကျိုးအမြတ်မရှိဘဲ ပေးကမ်းစွန့်ကြတယ်ဆိုတာ မရှိသလောက်ပဲလေ၊ အဲဒါကမှ လူသားအားလုံး သင့်နေကြတဲ့ ကျိန်စာအစစ်ကွဲ့။ အခု မင်းသင့်နေတဲ့ ကျိန်စာကလည်း အတူတူပါပဲ''

''ဒါ... ဒါဆို ကျွန်တော် ဒီကျိန်စာအောက်က လွတ်မြောက်အောင် ဘယ်လိုလုပ်ရမလဲ ဆရာမကြီး... ။ ကျွန်တော့်ကို ကူညီပါ... ဆရာမကြီးရဲ့ကျေးဇူးကို မမေ့မလျော့ ပြန်ဆပ်ပါ့မယ်''

ကျွန်တော့်စကားကို ကြားကြားချင်း ဗေဒင်ဆရာမကြီး၏ မျက်နှာက တင်းမာခက်ထန်သွားသည်။ အသံကပင် ခပ်မာမာဖြစ်သွားပြီး သူမက...

''ကျေးဇူးပြန်ဆပ်ပါ့မယ်ဆိုတဲ့ စကားကိုက အပေးအယူဆန်နေပြီ ကောင်လေး။ ငါ ဘယ်သူ့ဆီကမှ ဘာကိုမှ ပြန်မလိုချင်ပါဘူး... ။ အခု မင်းကို ငါ ကူညီမှာပါ။ ဒါပေမဲ့ အဲဒီအတွက် ဘာအကျိုးကျေးဇူးတွေမှ ငါ ပြန်မလိုချင်ဘူးဆိုတာ မင်း ယုံပါ''

''တောင်း... တောင်းပန်ပါတယ် ဆရာမကြီးရယ်။ ကျွန်တော် အလောတကြီး ပြောလိုက်မိလို့ပါ''

ကျွန်တော်၏ တောင်းပန်စကားကြောင့် ဗေဒင်ဆရာမကြီး၏ မျက်နှာက အနည်းငယ် ပြေလျော့သွားသည်။





နောက်... သက်ပြင်းကို ချရင်း...

''သေသေချာချာ နားထောင် ကောင်လေး။ ဒီအရုပ်လေးကို ဘာမျှော်လင့်ချက်မှမထားဘဲ အမှန်တကယ် ဆင်းရဲဒုက္ခရောက်နေရတဲ့ လူတစ်ယောက်ယောက်ကို ပေးလိုက်။ အဲဒါဆို မင်းပြောတဲ့ ကျိန်စာဆိုးအောက်က လွတ်မြောက်သွားလိမ့်မယ်။ ဆိုလိုတာက အပေးအယူဆိုတဲ့ ကျိန်စာဆိုးကို ဖျောက်ဖျက်၊ ခြေဖျက်နိုင်ရင် မင်းမှာ ဘာဆင်းရဲဒုက္ခမှ မရှိတော့ပါဘူးကွယ်''

ကျွန်တော့်ရင်ထဲတွင် လမင်းအစင်းတစ်ရာ ထိန်ထိန်သာသွားသလို အေးမြငြိမ်းချမ်းသွားသည်။ အရိပ်ဆိုးပမာ လိုက်လံခြောက်လှန့်ခဲ့သော ကျိန်စာဆိုးကို ခြေဖျက်နိုင်တော့မည်ဖြစ်သဖြင့် စိတ်တစ်ခုလုံး ပေါ့ပါးလန်းဆန်းလာမိသည်။

သို့သော် မတင်မကျဖြစ်နေသည့် ကိစ္စတစ်ခုတော့ ရှိ၏။ ကျွန်တော်က လူရုပ်လေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရင်း... ဗေဒင်ဆရာမကြီးကို ဖျတ်ခနဲ မော့ကြည့်ကာ မေးလိုက်သည်။

''ဒါဆို ဒီအရုပ်ကို ရတဲ့လူကရော ဘယ်လိုဖြစ်သွားမှာလဲ ဆရာမကြီး...''

ဗေဒင်ဆရာမကြီးက ကျွန်တော့်အမေးကို သဘောကျသွားသည့်ပုံဖြင့် နှုတ်ခမ်းတွန့်သည်ဆိုရုံ ပြုံးလိုက်သည်။

''တစ်ဖက်သားအပေါ်ကို ဒီလိုစိုးရိမ်စိတ်ထားပေးတယ်ဆိုကတည်းက မင်းမှာ စိတ်ကောင်းရှိတယ်ဆိုတာ ပေါ်လွင်စေပါတယ်ကွယ်။ ဘာမှ မစိုးရိမ်ပါနဲ့... ဒီအရုပ်လေးကို ပေးတဲ့



www.burmeseclassic.com

www.burmeseclassic.com

လူက 'အပေးအယူ'ဆိုတဲ့အတ္တကို ဘေးဖယ်ထားနိုင်ရင် ရတဲ့လူက သူ့တစ်သက်တာလုံး ကံကောင်းမှုတွေကို ပိုင်ဆိုင်သွားရမှာပါ…''

သည်စကားတစ်ခွန်းက ကျွန်တော့်ဘဝတစ်လျှောက်လုံးအတွက် တန်ဖိုးရှိစေခဲ့သောစကား ဖြစ်ခဲ့ရလေတော့၏။

ကျွန်တော်က ပေါ့ပါးသွက်လက်သော ခြေလှမ်းများဖြင့် ပေဒင်ဟောခန်းအတွင်းမှ ထွက်လာခဲ့သည်။ ရင်ထဲတွင်လည်း တလှပ်လှပ်ဖြစ်အောင်အထိ စိတ်လှုပ်ရှားနေမိ၏။

ဘယ်သူ့ကို ငါ ဒီအရုပ်လေး ပေးရပါ့မလဲ ?

ထိုမေးခွန်းက ကျွန်တော့်စိတ်အာရုံတစ်ခုလုံးကို ပြင်းပြင်းထန်ထန် လှုပ်ရှားနေစေ၏။ ခြေလှမ်းတွေပင် မည်သည့်အရပ်သို့ ဦးတည်သွားရမှန်း မသိတော့ပေ။

ထိုစဉ်မှာပင် ကျွန်တော့်ခေါင်းထဲသို့ အတွေးတစ်ချက် လက်ခနဲဝင်လာ၏။

ကြည့်စမ်း…။ ငါ ဘာလို့ ရှည်ရှည်ဝေးဝေး လျှောက်စဉ်းစားနေရတာလဲ… ။ ဒီကမ္ဘာပေါ်မှာ ဖိုးလုံးထက် ပိုပြီး ဆင်းရဲဒုက္ခတွေ၊ ကံဆိုးမိုးမှောင်မှုတွေနဲ့ ကြုံရတဲ့လူ ရှိပါဦးမလား… ။

ဒီအရုပ်လေးနဲ့ ပိုင်ရှင်အစစ်က ဖိုးလုံးပဲ။

❑





အခန်း (၂၂)

ညနေ လေးနာရီ…။

ကောင်းကင်ပြာတစ်ခုလုံး တိမ်ကင်းစင်ကာ ပြာလဲ့ရှင်းသန့်နေသည်။ သာသာညင်းညင်း တိုက်ခတ်နေသော လေပြည်က ဆည်းဆာညနေကို အေးမြနေစေ၏။

ကျွန်တော်က သွက်လက်တက်ကြွသော ခြေလှမ်းများဖြင့် ဖိုးလုံး၏ အိမ်ရှေ့သို့ ရောက်လာခဲ့သည်။

သို့သော်…

''ဟာ!''



www.burmeseclassic.com

မျက်စိရှေ့မှ မြင်ကွင်းမှာ ကျွန်တော့်မျှော်လင့်ချက်တစ်ခုလုံးကို မည်းမှောင်လိုက်စေသွားစေလေ၏။

ခနော်နီ ခနော့်နဲ့ တဲသာသာအိမ်လေးမှာ တံခါးများ ပိတ်လျက်သား...။ ဆွေးမြည့်အိုဟောင်းနေသော အိမ်တံခါးမရွက်ပေါ်တွင်ကား 'အိမ်ရောင်းရန်' ဟူသော ဆိုင်းဘုတ်နှင့်အတူ သော့ခလောက်တစ်လုံး...။

ထိုမြင်ကွင်းကြောင့် ကျွန်တော့်အတွေးများ ချာချာလည်သွားလေသည်။

ဘုရား... ဘုရား...။

ဖိုးလုံးတို့ အိမ်ပြောင်းသွားကြပြီ ထင်တယ်...။

ဟင့်အင်း... ဟင့်အင်း...။ အဲဒီလို မဖြစ်ပါစေနဲ့။ အဲဒါဆို ငါ တစ်သက်လုံး ကျိန်စာသင့်နေတော့မှာ...။

ရုတ်ခြည်းဆိုသလို ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံး ဝမ်းနည်းအားငယ်စိတ်တို့ဖြင့် ပြည့်နှက်ကာ လဲပြိုကျမတတ် ဖြစ်သွားလေသည်။

''ငါ ဘာလုပ်ရမလဲ''

ဆိုသည့် အတွေးကလည်း မုန်တိုင်းတစ်ခုလို ဦးခေါင်းထဲတွင် တဝုန်းဝုန်း ကျယ်လောင်နေလေ၏။ ထိုစဉ်မှာပင်...

''ဘာ ရပ်လုပ်နေတာလဲ မောင်ဇော်တေဇ''

ဟူသော အသံနှင့်အတူ ခမ္မာရုံ ဥက္ကဋ္ဌ အဘဦးစိန်တင့်ကို တွေ့လိုက်ရလေသည်။ အဘဦးစိန်တင့်က သူ့အကျင့်အတိုင်း စပ်စပ်စုစု မေးနေသော်လည်း ကျွန်တော် စိတ်အနှောင့်အယှက် မဖြစ်မိချေ။ ကျွန်တော်က အလောတကြီးနှင့်ပင်...

''အဘဦးစိန်တင့်... ဖိုးလုံးတို့က ဒီအိမ်မှာ မနေကြတော့ဘူးလား... ဟင်၊ ဘယ်ပြောင်းသွားကြတာလဲ''

ဟု မေးလိုက်လေရာ အဘဦးစိန်တင့်က ခေါင်းကို လေးလေးပင်ပင် ခါယမ်းရင်း...

''အေးလေကွယ်... သူ့အဘွား ဒေါ်အုံးမြင့်က အသက်ကြီးပြီဆိုတော့ ဒီမြို့မှာ မနေနိုင်ကြတော့ဘူးလေ။ ဒါကြောင့် အိမ်ရောင်းပြီး ဆွေမျိုးတွေရှိတဲ့ရွာကို သွားမယ်လို့ သိရတာပဲ။ လွန်ခဲ့တဲ့ တစ်နာရီလောက်ကမှ ကားဂိတ်ဆင်းသွားကြတာလေ''

ကျွန်တော်က မီလိုမီငြား လက်ပတ်နာရီကို ငုံ့ကြည့်လိုက်သည်။ သို့သော် လိုက်ရင် မမီနိုင်တော့။ လေးနာရီပင် ကျော်နေလေပြီ။

စိတ်ပျက်မှုများက ရင်ထဲသို့ အလုံးအရင်းဖြင့် ပြုံဆင်းလာလေတော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က လေးလံဖိစီးနေသော ခြေလှမ်းတွေနှင့်အတူ အိမ်ရှိရာသို့ တရွေ့ရွေ့ ပြန်လျှောက်လာခဲ့သည်။ ရင်ထဲမှ အနက်ရောင် ဝမ်းနည်းဆို့နင့်မှုများက ခန္ဓာကိုယ်တစ်လုံးကို ပူလောင်နေစေ၏။

ခေါင်းငိုက်စိုက်ချ လျှောက်လာသော်လည်း မျက်လုံးထဲတွင်တော့ လမ်းမ မျက်နှာပြင်ကို ဝေဝါးစွာသာ မြင်နေရသည်။

ထိုစဉ်…

"ကိုကြီး…"

ခပ်စူးစူး ခပ်ရှရှ ကလေးသံတစ်သံက ကျွန်တော့်ရှေ့မှ ထွက်ပေါ်လာသည်။ ထို့ကြောင့် ကျွန်တော်က မော့ကြည့်လိုက်မိသည်။

"ဟင်!… ဖိုးလုံး"

ရုတ်တရက် မမျှော်လင့်ဘဲ ဖိုးလုံးကို ပြန်တွေ့လိုက်ရသောကြောင့် ကျွန်တော် ထခုန်မိလုမတတ် ဝမ်းသာသွား၏။ အသံတွေပင် တုန်တုန်ယင်ယင်ဖြစ်သွားပြီး…

"မင်း… မင်း… ဘယ်လိုလုပ် ပြန်ရောက်လာတာလဲ"

"သား… ကိုကြီးကို ပေးစရာရှိလို့ စောင့်နေတာ"

ဖိုးလုံးက မျက်နှာငယ်လေးဖြင့် ပြောရင်း သူ့လက်ထဲတွင် ကိုင်ထားသော ပုံခွဲစက္ကူစာရွက်လေးကို ကျွန်တော့်အား ပေးလိုက်လေသည်။

ကျွန်တော်က လှမ်းယူပြီး ကြည့်လိုက်သောအခါ ကောက်ကြောင်း မညီမညာဖြင့် ရေးဆွဲထားသော စက်ဘီးအနီရောင်တစ်စီး…။

ဖိုးလုံးက…





"သားကို အမြဲတမ်း မုန့်ဝယ်ကျွေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ် ကိုကြီး။ အဲဒါကြောင့် သား မသွားသေးဘဲ စောင့်နေတာပါ။ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင်တော့ သား ကိုကြီးကို စက်ဘီးအသစ်တစ်စီး ဝယ်ပေးခွင့်ရပါစေ"

ဟု ဝမ်းနည်းသံလေးနှင့် ပြောလေသည်။

ကျွန်တော်က စိတ်မကောင်းကြီးစွာနှင့် ဖိုးလုံး၏ခေါင်းကို ညင်သာစွာ ပွတ်သပ်ပေးလိုက်လေ၏။ ထို့နောက် အင်္ကျီအိတ်ကပ်ထဲမှ လူရုပ်လေးကိုထုတ်ကာ ဖိုးလုံးအား လက်ဆောင်အဖြစ် ပေးလိုက်၏။ နှုတ်မှလည်း…

"ဒါ… မင်းကို အစ်ကိုပေးတဲ့ လက်ဆောင်ပါ။ မင်း တစ်သက်လုံး ကံကောင်းပါစေကွာ"

ဟု ဆုတောင်းပေးလိုက်မိသည်။

❑



www.burmeseclassic.com

www.burmeseclassic.com



(နိဂုံး)

အတိတ်ဆိုတာ တစ်ခါတုန်းက ကိုယ့်ရဲ့ မျက်နှာချင်းဆိုင်ကနေ ဖြတ်ကျော်လျှောက်သွားခဲ့ဖူးတဲ့ နေ့ရက်တွေပါပဲလေ...။ သတိရလို့ လှမ်းကြည့်မိလိုက်တဲ့အခါတိုင်း ကိုယ်က သူနဲ့ ဝေးဝေးလာခဲ့ပြီ...။

တစ်ချိန်တစ်ခါက

ပျော်ရွှင်ကြည်နူးခဲ့ရတဲ့ နေ့ရက်

ဝမ်းနည်းကြေကွဲခဲ့ရတဲ့ နေ့ရက်

ချောက်ချားသွေးပျက်ခဲ့ရတဲ့ နေ့ရက်

................

အခုတော့ အရာအားလုံးဟာ ကိုယ်က ခြေတစ်လှမ်းတိုးတိုင်း သူနဲ့ ခြေတစ်လှမ်း ပိုပိုဝေးသွားခဲ့ရပြီ။

ဩော်... ဘဝရဲ့ အထင်ကရရှိခဲ့တဲ့ နေ့ရက်တွေက မှုန်ရီဝေသီနေတဲ့ အတိတ်ကမ္ဘာထဲမှာ တိတ်ဆိတ်ငြိမ်သက်လို့...။

❑





မငြိမ်သက်နိုင်သည်မှာ ကျွန်တော်တို့၏ ဘဝတွေပင်...။ မျှော်လင့်ချက်အိပ်မက်တွေကို ထမ်းပိုးရင်း အနာဂါတ်၏ လမ်းတွေကို လျှောက်လာခဲ့သည်မှာ အခုဆို ကျွန်တော်နှင့် ဖူးဖူးဖင်တို့ နှစ်ယောက်စလုံး ဘွဲ့ရပြီး လုပ်ငန်းခွင်ထဲသို့ပင် ရောက်ရှိနေခဲ့ကြပြီ...။

သည်အချိန်ကျမှ အတိတ်၏ပုံရိပ်အချို့က ကျွန်တော်တို့ နှစ်ယောက်စလုံးကို မမျှော်လင့်ဘဲ လှုပ်နှိုးလိုက်လေသည်။

အဲသည်နေ့က ကျွန်တော်၏ နှစ်ဆယ့်ငါးနှစ်ပြည့်မွေးနေ့...။

"Happy Birthday ပါ ဇော်တေဇ"

"Happy Birthday"

"ဟေး... ဟေး...."

မွေးနေ့ကိတ်ပေါ်မှ ဖယောင်းတိုင်မီးများကို ကျွန်တော် မှုတ်ငြိမ်းလိုက်ပြီးသည်နှင့် သူငယ်ချင်းများ၏ ရွှင်မြူးတက်ကြွစွာ အော်ဟစ်လိုက်သံများမှာ ကျယ်လောင်သွားလေသည်။

ကျွန်တော်က မွေးနေ့ကိတ်မုန့်ပေါ်မှ ဖယောင်းတိုင်များကို ဖယ်ရှားရင်း ကိတ်မုန့်လှီးရန် ပြင်ဆင်လိုက်၏။

ဖူးဖူးဖင်က အားမလိုအားမရဖြစ်နေသည့် လေသံဖြင့်...

"မြန်မြန်လှီးပါ ဇော်တေဇရယ်၊ နင်ကလည်း တကယ်တဲ ကြာလိုက်တာ... ငါတို့က စားချင်လှပြီ..."

"အေးပါ မယ်မင်းကြီးမရယ်... ကဲ... ကဲ... ရော့... နင် အရင် စား..."



www.burmeseclassic.com

ကျွန်တော်က ပြောပြောဆိုဆိုဖြင့် ကိတ်မုန့်တစ်တုံးကို အရင်လှီးကာ ဖူးဖူးဇင်အား ခွံ့ကျွေးလိုက်သည်။

"အံမယ်... အံမယ်... ကြည့်ကြစမ်းပါဦး။ သူငယ်ချင်းချင်း အတူတူတောင် ဖော်တေဇက ဖူးဖူးဇင်ကိုမှ အရင်ကျွေးတယ် ဟေ့..."

"ဟုတ်တယ်နော်... တစ်ခုခုတော့ တစ်ခုခုပဲ..."

သူငယ်ချင်းများ၏ စနောက်လိုက်သည့် စကားသံများကြောင့် ကျွန်တော်နှင့် ဖူးဖူးဇင်တို့ နှစ်ယောက်စလုံး အနည်းငယ် ရှက်ရွံ့သွားကြမိသည်။

ဘာမှ မတတ်နိုင်တော့ပေ။ ကျွန်တော်နှင့် ဖူးဖူးဇင်မှာ သည်လိုမျိုး လုပ်ရပ်တွေကြောင့် အမြဲတမ်း အနောက်ခံရနေကျ မဟုတ်လား...။

ကျွန်တော်က ရှက်ရယ်ရယ်ရင်း သူငယ်ချင်းများအား ကိတ်မုန့် လိုက်ကျွေးလိုက်၏။ ထိုစဉ်မှာပင်...

"ကိုကြီး..."

ဟုခေါ်လိုက်သော အသံတစ်သံက ကျွန်တော့်နားထဲသို့ တိုးဝင်လာသည်။ ကျွန်တော် လှမ်းကြည့်လိုက်သောအခါ မရင်းနှီးသော ဆယ့်လေးငါးနှစ်အရွယ်ကောင်လေးတစ်ယောက်...။ လက်တစ်ဖက်ကလည်း အသစ်ချပ်ချွတ် BMX စက်ဘီးအနီရောင်လေးတစ်စီးကို တွန်းလာသည်။

ကျွန်တော်က ထိုကောင်လေးအနားသို့ အနည်းငယ် တိုးသွားလိုက်ကာ...

"အစ်ကို့ကို ခေါ်တာလား... ညီလေး"





ဟု သေချာအောင် ထပ်မေးကြည့်လိုက်သည်။ ထိုကောင်လေးက ကျွန်တော့်ကို နှုတ်ခမ်းတိုးဖွဖွ ပြုံးပြပြီး ခေါင်းကိုညိတ်ကာ...

"ဟုတ်ကဲ့... ကိုကြီး၊ သားကို မမှတ်မိတော့ဘူးလား..."

ဘယ်သူပါလိမ့် ?

ကောင်လေး၏ စကားသံအဆုံးမှာပင် ကျွန်တော့်ဦးခေါင်းတစ်ခုလုံး အပြင်းအထန် လှုပ်ရှားသွားရပေပြီ...။ သို့သော် တွေ့ဖူးမြင်ဖူးသလို ရှိသည်မှလွဲ၍ တခြား ဘာကိုမှ စဉ်းစား၍မရချေ။

ဖူးဖူးဇင်ကပင် ကျွန်တော့်အနားသို့ ရောက်လာကာ ထိုကောင်လေးအား သေသေချာချာ ကြည့်နေလေသည်။

ထိုကောင်လေးက အနည်းငယ် ပြုံးလိုက်ပြီး...

"အစ်ကို အမြဲတမ်း မုန့်တွေဝယ်ကျွေးခဲ့တဲ့ ဖိုးလုံးလေ။ မမှတ်မိတော့ဘူးလား..."

"ဟင်! ဖိုးလုံး"

ဖိုးလုံးဆိုသော စကားသံကြောင့် ကျွန်တော့်နှလုံးအိမ်တစ်ခုလုံး ဒိန်းခနဲ ခောင့်ခုန်တက်သွားလေသည်။ စိတ်လှုပ်ရှားသွား၍ အသံတွေပင် တုန်ယင်သွားပြီး...

"ဆောရီး... ဆောရီးပဲ ဖိုးလုံးရာ၊ မင်းက အရွယ်ကြီးလာတော့ အစ်ကို မမှတ်မိဘူး ဖြစ်သွားတာ...။ ဒါနဲ့ မင်းက ဘယ်လိုလုပ် ဒီကို ရောက်လာတာလဲ"

ဖိုးလုံးက ကျွန်တော်၏ လက်တစ်ဖက်ကို ခပ်ဖွဖွဆုပ်ကိုင်လိုက်ကာ...

www.burmeseclassic.com

''ကျွန်တော် ဒီနှစ် ဆယ်တန်းစာမေးပွဲကို ဘာသာစုံဂုဏ်ထူးနဲ့ အောင်လို့ ဒီမှာ ဆုလာယူတာပါ အစ်ကို။ ပြီးတော့ ကျွန်တော့်ရဲ့ ငယ်ငယ်တုန်းက ဆန္ဒအတိုင်း အစ်ကို့ကို စက်ဘီးတစ်စီး ဝယ်ပြီး လက်ဆောင်ပေးချင်လို့ ကျွန်တော် ဆုရတဲ့ပိုက်ဆံလေးနဲ့ စက်ဘီးတစ်စီးဝယ်ပြီး လက်ဆောင်လာပေးတာပါ အစ်ကို ...''

ဖိုးလုံး၏ စကားအဆုံးတွင်တော့ ကျွန်တော့်ရင်တစ်ခုလုံး နွေးထွေးမှုများနှင့်အတူ ဝမ်းနည်းနာကျင်မှုကိုပါ တစ်ပါတည်း ခံစားလိုက်ရလေတော့သည်။ နှုတ်မှလည်း စကားတစ်ခွန်းကို လှိုက်လှိုက်လှဲလှဲ ရေရွတ်မိလိုက်၏။

''ဩော်... မင်း တကယ်ပဲ ကံကောင်းသွားတာကိုး ဖိုးလုံး''

❑

တကယ်တော့ လူသားအားလုံးသည် အပေးအယူဆိုသော ကျိန်စာသင့်နေသူများသာ ဖြစ်ကြသည်။

အခက်အခဲ တစ်စုံတစ်ရာနဲ့တွေ့တိုင်း ကံကြမ္မာကို အပြစ်ဖို့နေခြင်းထက်စာလျှင် တစ်စုံတစ်ယောက်အား အပေးအယူမဆန်သော ကူညီမှုမျိုးဖြင့် ကူညီလိုက်မည်ဆိုလျှင်...

❑

သတိုးစေတ



www.burmeseclassic.com